www.burmeseclassic.com

# ဝေးလေကျောင်းလေ

အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ



www.burmeseclassic.com

www.burmeseclassic.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဉ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်

လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ■ ရွှေပါရမီအဲယားကွန်း ၁၁
၂။ ■ အလင်းတောက်ကောင်းကင် ၂၉
၃။ ■ အချစ်ကြီးလေ၊ အခြစ်ခံရလေ ၄၃
၄။ ■ သူ့ကိုချစ်ရင် သူ့ရဲ့ကျေးကျွန် ၄၉
၅။ ■ အရမ်းစွန့်ရင် အစွန့်ရမ်းသူဖြစ်သွားမယ် ၅၃
၆။ ■ မပစ်သာသေးရင် မေတ္တာလေးနဲ့ ချစ်ပါဦး ၆၁
၇။ ■ အချစ်ခံရတာလား၊ အခြစ်ခံရတာလား ၆၆
၈။ ■ အချိန်သူခိုးသည် ဘဝ၏ရန်သူဖြစ်သည် ၇၁
၉။ ■ လိုရင်းပြောပါ၊ အလိုက်သိပါ ၇၇
၁၀။ ■ ကြိုက်တာနည်းလေ၊ ဒုက္ခလျော့လေ ၈၅
၁၁။ ■ ကြိုက်စိတ်အာရုံ ကာမဂုဏ် ၈၉
၁၂။ ■ ဖြုဟ္မာလူထွက်မို့ တဏှာအပူ မစွက်ချင်ပါ ၉၇
၁၃။ ■ တောထွက်ချင်တာ
■ ဘုရားလောင်းစိတ်ဓာတ် ၁၀၁

www.burmeseclassic.com


၁၄။ ■ အစားပျက်ပေမယ့် တရားမပျက်စေရဘူး ၁၀၉
၁၅။ ■ ရွှေကြောင့်စိတ်အေးချမ်းပါစေ ၁၁၅
၁၆။ ■ ကိုယ်မွေးချင်လို့ ဆွတ်တာလား၊
■ သူများမွေးစေချင်လို့ ဆွတ်တာလား ၁၂၀
၁၇။ ■ ရေမွှေးနဲ့ဆိုတာ မာယာရနံ့ပါ ၁၂၆
၁၈။ ■ လယ်သမားလည်း
■ လည်သမားဖြစ်သွားနိုင်တယ် ၁၃၂
၁၉။ ■ ရှင်ဘုရင်ဘဝဆိုတာ ပါရမီဖြည့်လို့
■ အကောင်းဆုံးဘဝပါ ၁၃၆
၂၀။ ■ အကောင်းကြံမှ အကြံကောင်းပေးနိုင်မယ် ၁၄၃
၂၁။ ■ ကုသိုလ်ကံသာ အကောင်းဆုံးယတြာ ၁၄၆
၂၂။ ■ အစားပိုင်မှ အပိုင်စားပါ ၁၅၀
၂၃။ ■ ဘယ်ဘဝရောက်ရောက် စိတ်အေးချမ်းဖို့နဲ့
■ ပါရမီဖြည့်နိုင်ဖို့ အဓိကပါပဲ ၁၅၄
၂၄။ ■ လာဘ်ရှာလွဲရင် လာဘ်လွဲရှာရာ
■ ရောက်ပါတယ် ၁၆၃
၂၅။ ■ ကျောင်းမထိုင်သေးရင် လူပျိုဘုန်းကြီး ၁၇၀
၂၆။ ■ ရခြင်းဆင်းရဲနှင့် ခံစားရခြင်းဆင်းရဲ ၁၇၆
၂၇။ ■ လူသေ, သေချင်ရင် ကာမဂုဏ်နဲ့
■ ဝေးဝေးနေ ၁၈၀
၂၈။ ■ ကပ်မလိုက်နဲ့၊ ငြိသွားမယ် ၁၈၈


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# တရားပွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**စာဖတ်ပရိသတ်အပေါင်းသူတော်ကောင်းတို့ . . .**

ဦးဇင်းရဲ့စာအုပ်တွေဖတ်ပြီး
ဘယ်လိုအကျိုးထူးတယ်ဆိုတာတွေ၊
နေ့စဉ်လက်တွေ့ဘဝမှာ
ဘယ်လိုစိတ်ထားမျိုးနဲ့
ဘယ်လိုကျင့်သုံးနေတယ်ဆိုတာတွေ
စိတ်ရှည်လက်ရှည်ရေးသားပေးပို့ကြလို့
ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။
ထူးခြားတဲ့အမှတ်တရကောင်းမှုတွေကို
ဘယ်လိုအကြောင်းတရားကြောင့်
ဘယ်လိုပုံစံမျိုးနဲ့ ပြုလုပ်ဖြစ်နေတယ်ဆိုတဲ့
အကြောင်းတွေ ဖတ်ရတော့လည်း
မုဒိတာပွားရင်း နမူနာယူရပြန်တာပေါ့။
အချိန်အခက်အခဲကြောင့်
တစ်ဦးချင်းစာမပြန်နိုင်တာကိုတော့
နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်။
အပြုသဘောပေးစာအားလုံးကို
နွေးထွေးစွာ ကြိုဆိုလျက်ပါ။

ရှင်လန်းချမ်းမြေ့ကြပါစေ။
မေတ္တာဖြင့် . . .
**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**

www.burmeseclassic.com

www.burmeseclassic.com

# ရွှေပါရမီအဲယားကွန်း

အရှင်ဘုရား . . .

တပည့်တော်မ အသက် ၄၈-နှစ် ရှိပါပြီ။ အို၊ နာ၊ သေဘေးကြီးကို မကြာမီ ရင်ဆိုင်ရတော့မယ် ဆိုတာကို လည်း သိပါတယ်ဘုရား။ ဒီအတွက် ဝိပဿနာလုပ်ငန်းကြီး ကို လုပ်ထားရမယ်ဆိုတာလည်း သိပါတယ်ဘုရား။

ဒီလိုသိထားတဲ့အတွက် တပည့်တော် အရမ်းစိတ် ညစ်နေရပါတယ်ဘုရား။ တာဝန်ကြီးတစ်ခု လုပ်ရမှာကို စိတ် လေးပြီး ကြောက်နေသလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ တရားထိုင်ရင် ဝဋ်ကြွေးတွေ၊ ငရဲတွေ အဲဒီအချိန်မှာ ခံရ တယ်၊ ဆရာကောင်း မတွေ့ရင် ရှုံးသွားတယ် စသည်ဖြင့် ပြောဆိုနေတာကို ငယ်စဉ်ကတည်းက စွဲနေလို့ပါဘုရား။



www.burmeseclassic.com

www.burmeseclassic.com

တပည့်တော်အတွက် ရိပ်သာကိုလည်း မသွားနိုင်၊ အနီးမှာလည်း သင်ပြ၊ ပြောပြပေးမယ့် ဆရာသမား မရှိနဲ့ ဘယ်လို တရားအလုပ်ကို စလုပ်ရမှန်းမသိ ဖြစ်နေချိန်မှာ အသိတစ်ယောက်က အပွမာဒပေါင်းချုပ်မှာ အရှင်ဆန္ဒာဓိကရဲ့ အနိုင်းမဲ့ချမ်းသာအကြောင်း ရေးထားတာ ပါတယ်ဆိုပြီး တပည့်တော်ကို ပေးဖတ်ပါတယ်။

တပည့်တော် ဖတ်ကြည့်တော့ အရေးအသား ရှင်းလင်းပြီး အနှစ်သာရ ရှိတာကို သိလိုက်ရပါတယ်။ မှတ်သားသင့်တာလေးတွေ စာအုပ်ထဲမှာ မှတ်ထားပြီး သူငယ်ချင်းတစ်ယောက်လာတော့ ပြောပြမိပါတယ်။

သူက 'ဖူးချင်သလား၊ အခု အရှင်ဆန္ဒာဓိက အမှတ် (၃၀၁)၊ ဦးဝိစာရလမ်းမှာ နေတယ်။ နေ့လယ် (၁၂) နာရီက (၁)နာရီအတွင်း ဖူးလို့ရတယ်' ပြောတာနဲ့ အဲဒီနေ့ပဲ တက်(က်)စီ ငှားပြီး တပည့်တော် ချက်ချင်းအမြဲ လာဖူးပါတယ်။

အဲဒီမှာ တပည့်တော် အရှင်ဘုရားကို သတိထားမိတာကတော့ . . .

(၁) ခြေလှမ်းမှအစ လှုပ်ရှားမှုတိုင်း အမှတ်သတိရှိပုံ၊

(၂) သဘာဝကိုသာ ကြိုက်နှစ်သက်ပုံ (အလင်း



www.burmeseclassic.com

www.burmeseclassic.com

ရောင်၊ လေဝင်လေထွက်)၊

(၃) တပည့်တော် ဝတ္ထုငွေကပ်တာကို လုံးဝ လက်မခံပုံတို့ ဖြစ်ပါတယ်။

ဝိနည်းအထူးစောင့်ထိန်းတယ်လို့ ကောက်ချက်ချပြီး တပည့်တော် အလွန်ကြည်ညိုမိပါတယ်။ နောက်နေ့ ထပ်သွားပြီး သက်န်းကပ်ခဲ့ပါတယ်။ ဆရာတော်မှ ဓမ္မဒါနအဖြစ် ကိုယ်တိုင်ရေးတဲ့စာအုပ်များ ချီးမြှင့်လို့ နှစ်အုပ်ရခဲ့ပါတယ်။ 'မသေခင်ဘာလုပ်ကြမလဲ' နဲ့ 'အိုဘယ့်အလျှုရှင်' တို့ဖြစ်ပါတယ်။

ဒီစာအုပ်နှစ်အုပ်နဲ့ တပည့်တော် စတင်ထိတွေ့ခဲ့ရပါတယ်ဘုရား။ စာအုပ်ကို ဖတ်လိုက်တော့ ဆရာတော့် အရေးအသားက ရှင်းလင်းပြီး အပိုအလိုမရှိ ဖြစ်နေတဲ့အတွက် တပည့်တော် အလွယ်တကူ နားလည်သဘောပေါက်သွားပါတယ်။

ဒါနဲ့ တပည့်တော် မျဉ်းသားပြီး သေချာတစ်လုံးချင်း ဖတ်ပါတယ်။ မင်အနီ၊ အပြာများနဲ့ ပြည့်နှက်သွားပါတယ်။

စာအုပ်ရဲ့ အစမှာ ဆရာတော်ရဲ့ အတ္ထုပ္ပတ္တိကို ဖတ်ရတော့ တပည့်တော် ပိုပြီး လေးစားကြည်ညိုမိပါတယ်။ တပည့်တော်ကိုယ်တိုင် ဂုဏ်ထူး(၄)ခုနဲ့ ဆေးကျောင်းတက်ခဲ့ရတဲ့အတွက် ဆရာတော်ရဲ့ ကြိုးစားအားထုတ်မှု လုံ့လ

www.burmeseclassic.com

ဝိရိယတို့ကို တပည့်တော် ချက်ချင်းနားလည်သဘောပေါက်ပါတယ်ဘုရား။

'မသေခင်ဘာလုပ်ကြမလဲ' စာအုပ်ကို ဖတ်လိုက်ရတော့မှ အာနာပါနကမ္မဋ္ဌာန်းအကြောင်းကို တပည့်တော်သေသေချာချာ သိရှိသွားရပါတယ်ဘုရား။ အစက တပည့်တော် အာနာပါန ဆိုတာ သမထ လို့ပဲ ထင်ခဲ့ပါတယ်။

အမှန်ကို ဝန်ခံရရင်တော့ . . အထင်သေးမိပါတယ်ဘုရား။ အခု အရှင်ဘုရားစာအုပ် ဖတ်လိုက်ရမှ 'သက်ဦးဆံပိုင်ကမ္မဋ္ဌာန်း'၊ 'အညာကိုင်ကမ္မဋ္ဌာန်း'၊ 'အသက်သွေးကြောကမ္မဋ္ဌာန်း' ဆိုပြီး သိရပါတယ်။

အလွန်အဓိကရကျတဲ့ ကမ္မဋ္ဌာန်းကြီး ဖြစ်တယ်ဆိုတာ သိရပြီး တပည့်တော် အဲဒီနေ့ကစပြီး ကိုယ်ဘာကို စပြီးလုပ်ရမလဲဆိုတာ ဆုံးဖြတ်နိုင်သွားပါတယ်။ သမထတွေ၊ ဝိပဿနာတွေ အသာထားပြီး အာနာပါနနဲ့ တပည့်တော်ရဲ့ တရားစခန်းလေးကို မိမိအိမ်မှာပဲ စတင်ခဲ့ပါတယ်။

တပည့်တော် မနက် ၄-နာရီမှာ ထိုင်ပါတယ်။ ထိုင်ခါစမှာ ၅-မိနစ်က တော်တော်ကြာသားပဲဘုရား။ ဒီလိုနဲ့ ၁၀-မိနစ် ရလာပြီး ၂၅-မိနစ်မှာတော့ တပည့်တော် ရှေ့ကို မတိုးနိုင်တော့ဘူးဘုရား။ အဲဒီအချိန်မှာ တစ်ဖက်ကလည်း ဆရာတော်ရဲ့ စာအုပ်တွေကို ဌားဖတ်နေပါတယ်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့ တပည့်တော်ဟာ ကိုယ့်ရဲ့ ဝင်လေထွက်လေကို ရှာမတွေ့တော့ပါဘူး။ တပည့်တော်လည်း အံ့ဩပြီး ကြိုးစားရှုလိုက်တော့ မောလာပါတယ် ဘုရား။ ဒီအခါ တပည့်တော် တော်တော်ကြောက်သွားပါတယ်။ သေခါနီးကျရင် အသက်ကို မနည်းကြိုးစားပြီး ရှူရတယ် ဆိုတာ ဒါမျိုးပဲဖြစ်မယ်။ သေခါနီး ခံစားရမှာကို ကြောက်ပြီး ဘဝခန္ဓာ ပြတ်အောင် ပိုပြီး ကြိုးစားအားထုတ်ရမယ် ဆိုတာ ဆင်ခြင်မိလိုက်ပါတယ်ဘုရား။

ဒီလိုနဲ့ အရှင်ဘုရားရဲ့ စာအုပ်တွေကိုလည်း တစ်ဖက်က အမြဲဖတ်နေတော့ တစ်နေ့မှာ တပည့်တော်ဖြစ်နေတာကို ဖတ်မိပါတယ်။ တရားထိုင်ရင်း ကိလေသာတွေ ပါးသွားလို့ အသက်ရှူတာ ညင်သာသွားတာကို တပည့်တော်က သိအောင် တအားပြန်ရှူတော့ ကိလေသာတွေ ပြန်ထူလာတယ်ဆိုတာ သိရပြီး အဲဒီနေ့ကစပြီး တပည့်တော်ဟာ နူးညံ့သွားတဲ့ ဝင်လေထွက်လေကိုပဲ ကြိုးစားပြီး လိုက်မှတ်နိုင်သွားပါတယ်ဘုရား။

အရှင်ဘုရားစာအုပ်တွေဟာ ကမ္မဋ္ဌာနာစရိယ ဆရာတော်တစ်ပါး အနားမှာ ကပ်ပြီး သင်ပြနေသလို ဖြစ်တဲ့အတွက် အားလုံး ဝယ်ထားသင့်ပြီဆိုတာ တပည့်တော်သိလိုက်ပါပြီဘုရား။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် တပည့်တော် နေ့ခင်း အားတဲ့အချိန်ကို စာအုပ်တွေလိုက်ပြီး စုဆောင်းဝယ်ယူပါတော့တယ်။ စာအုပ်ရောဂါထတဲ့အချိန်က ပူတဲ့ရာသီ၊ တပည့်တော် အားတာကလည်း နေ့ခင်းဆိုတော့ ပူပူလောင်လောင်ထဲမှာပဲ တပည့်တော် ကြိုးစားပြီး ရှာဝယ်ရပါတယ်ဘုရား။

အရှေ့ပိုင်းထုတ်တဲ့ စာအုပ်တွေဆို တော်တော် ကြိုးစားပြီး ရှာရပါတယ်ဘုရား။ ဒါတောင် 'ကိုယ့်စိတ်ကိုယ်စစ်' စာအုပ်က ခုထိ ဝယ်မရသေးလို့ လက်လျှော့ပြီး တပည့်တော် စာအုပ်ရှာဝယ်တဲ့ အလုပ်ကို ရပ်လိုက်ပါတယ် ဘုရား။

အရင်ဆုံးတော့ စိတ်ဝင်စားတဲ့ အဖုံးနဲ့ စာအုပ်ကို ယူဖတ်ပါတယ်။ တစ်အုပ်ဖတ်ပြီးတိုင်း 'အရမ်းကောင်းပါလား' ဆိုပြီး စိတ်မှာ ခံစားရပါတယ်။

'အလင်းစေတမန်' စာအုပ်ကျတော့ အဖုံးက ရှေးတုန်းက မီးအိမ်ပုံစံကြီးဆိုတော့ သိပ်စိတ်မဝင်စားတာနဲ့ ချန်ထားပြီး နောက်ဆုံး သူတစ်အုပ်ပဲ မဖတ်ရသေးတော့မှ ဖတ်ကြည့်ဦးမယ်လေ ဆိုပြီး ဖတ်ခဲ့ပါတယ်။ ဖတ်လိုက်တော့မှ အဖုံးကို စိတ်မဝင်စားသလောက် အထဲက စာက စိတ်ဝင်စားစရာ အရမ်းကောင်းနေပါတယ်ဘုရား။

ဒါနဲ့ စာအုပ်ကို ပြန်ထားတော့ စားပွဲပေါ်မှာ အရှင်ဘုရားရေးတဲ့ စာအုပ်အပုံကို ကြည့်ပြီး ကိုယ့်ကိုယ်ကို သတိ



www.burmeseclassic.com

www.burmeseclassic.com

ထားမိလိုက်ပါတယ်။

'တစ်အုပ်ဖတ်ပြီးတိုင်း ဒီစာအုပ် အရမ်းကောင်းတယ် ဆိုပြီး စိတ်ထဲမှာ မှတ်ချက်ချမိတယ်။ ဟိုစာအုပ်တွေတုန်းက လည်း ဒီလိုပဲ ခံစားခဲ့ရပါလား။ ဒါဆိုရင် ဘယ်စာအုပ် အကောင်းဆုံးဖြစ်မလဲ မသိဘူး'

ဆိုပြီး စဉ်းစားမိတယ်။ တပည့်တော် အဲဒီတော့မှ သဘောပေါက်လိုက်ပါတယ်။ စာအုပ်အားလုံးဟာ အရမ်းကောင်းပါတယ်။ တပည့်တော်ရဲ့ သူငယ်ချင်းတွေကလည်း ဒီအတိုင်းပဲ ပြောကြပါတယ်။

'အလင်းစေတမန်' ကလည်း ဖတ်ပြီးပြီ ဆိုတော့ တပည့်တော်က တပည့်တော်ရဲ့ ၁၀-တန်းတုန်းက ဆရာမ ဒေါ်မြသန်းကို တစ်အုပ်ပေးဖတ်လိုက်ပါတယ်။

ဆရာမက . . . 'အေးအေးမာကတော့ အမြည်းပေးလိုက်ပြီ။ စာအုပ်မှာ ဗိုလ်ရာညွှန့်လမ်းလို့ ပါတယ်'ဆိုပြီး ဒဂုံ (၁) က ဆရာမတစ်ယောက်ကို ချက်ချင်း ဖုန်းဆက်ပြီး ရွှေပါရမီမှာရှိတဲ့ အရှင်ဆန္ဒာဓိကရဲ့ စာအုပ်တွေအားလုံး သူ့အတွက် ဝယ်ခိုင်းလိုက်တယ်ဘုရား။

တပည့်ဆရာမ (ဒါရိုက်တာစိန်ဖေတင်ရဲ့ သမီး)ကလည်း ဦးရှိန်ဝင်းရဲ့ ကလေးတွေက သူ့တပည့်တွေဆိုတော့ အလွယ်တကူပဲ ကူညီနိုင်ခဲ့ပါတယ်။ ကိုယ်တိုင်စိတ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကျ မွေ့နှောက်ပြီး ရသမျှ ဝယ်ပေးလိုက်ပါတယ်။ ခုနစ်မျိုး ရသွားပါတယ်။

တပည့်တော် သတိထားမိတာက အရှင်ဘုရားရဲ့ စာအုပ်ကို ဖတ်ပြီးရင် ချက်ချင်း စွဲသွားတယ်။ နောက်ထပ် စာအုပ်တွေကို ဝယ်ကြတယ်။ တချို့လည်း တပည့်တော်လို ပဲ ချက်ချင်း တရားအားထုတ် ဖြစ်သွားတယ်။ အနည်းဆုံး အေးချမ်းမှုကို ရသွားကြတယ်။

ထူးခြားချက်ကတော့ ချက်ချင်းလက်ငင်း ပြောင်းလဲ သွားတာပါပဲဘုရား။ တပည့်တော်တို့တစ်တွေဟာ စာပေ တွေ ဖတ်လေ့ရှိကြပါတယ်ဘုရား။ အရှင်ဘုရားရဲ့ စာအုပ် တွေ ဖတ်မှပဲ ချက်ချင်းစွဲ၊ ချက်ချင်း လိုက်ဝယ်၊ ချက်ချင်း တရားအလုပ်လုပ်နဲ့ ဖြစ်ကုန်ပါတယ်ဘုရား။

ဒီလို စိတ်ကို ဆွဲဆောင်နိုင်ဖို့ ဆိုတာ မလွယ်ပါဘူး ဘုရား။ အရှင်ဘုရားရဲ့ ကလောင်စွမ်းအား ကြီးမားလွန်းလှ ပါတယ်ဘုရား။ တပည့်တော် မြှောက်ပြောတာ မဟုတ်ပါ ဘူး ဘုရား။ တရားဓမ္မနဲ့ ပတ်သက်တာတွေကို မြှောက် လည်း မပြောသင့်သလို နှိမ်လည်း မပြောသင့်ဘူး လို့ တပည့်တော် ထင်ပါတယ်ဘုရား။

တပည့်တော်ကိုယ်တိုင်ကလည်း ဒီလို လူစားမျိုး မဟုတ်ဘူးဆိုတာ သိကြပါတယ်ဘုရား။ စာဖတ်မပျင်းသူတွေ



www.burmeseclassic.com

www.burmeseclassic.com

သိရအောင် ပြောရမယ်ဆိုရင် 'တပည့်တော်ဟာ အရှင်ဘုရားနဲ့ လုံးဝ မခင်မင် မရင်းနှီးပါဘူး။ အရှင်ဘုရားကိုလည်း ဆွမ်းတစ်နပ်တောင် မလှူဖူးပါဘူး။ ဒကာရင်းလည်း မဟုတ်ပါဘူး။ စာဖတ်ပရိသတ် တစ်ယောက်သာ ဖြစ်ပြီး ကိုယ်တွေ့ကို အမှန်အတိုင်း ရေးခြင်းသာ ဖြစ်ပါတယ်' ဘုရား။

တပည့်တော် (၂၅)မိနစ် ထိုင်နေစဉ်ကာလမှာပဲ စိတ်ရောကိုယ်ပါ နူးညံ့ပျော့ပါးသိမ်မွေ့ပြီး တည်ငြိမ်ရင့်ကျက်လာပါတယ်။ စိတ်ရဲ့ အေးချမ်းမှုကို သေချာခံစားရပြီး (၂၅) မိနစ်ကို ကျော်နိုင်သွားပါတယ်ဘုရား။ အဲဒီလို ကျော်သွားတဲ့အခါမှာတော့ မိနစ် ၄၀၊ ၅၀ မဟုတ်ဘဲ တစ်ခါတည်းနဲ့ တစ်နာရီ ထိုင်နိုင်သွားပါတယ်ဘုရား။ (၂၅) မိနစ်ကနေ တစ်နာရီ၊ အခုဆိုရင်တော့ တစ်နာရီခွဲကျော်အထိ ရသွားပါပြီဘုရား။

ဒီလိုထိုင်နေစဉ်အတွင်းမှာ ကိုယ်တွေ့ဖြစ်တာတွေနဲ့ အရှင်ဘုရားရဲ့ စာအုပ်က စာတွေ့တွေနဲ့ ဆက်စပ်လိုက်တဲ့အခါ တပည့်တော်ဟာ . . .

- ပဿဒ္ဓိလို့ခေါ်တဲ့ ငြိမ်းအေးမှု၊
- သုခဝေဒနာ၊
- ဝေဒနာအတိုးအလျော့၊



www.burmeseclassic.com

www.burmeseclassic.com

- ဝေဒနာချုပ်၊
- နိမိတ်ပေါ်လာခြင်း၊
- တစ်ကိုယ်လုံး ပေါ့ပါးပြီး လေထဲတွင် လွင့်နေသလို ခံစားရတာတွေအားလုံး ကိုယ်တွေ့ ဖြစ်သွားပါပြီ ဘုရား။

ဓာတ်ကြီးလေးပါးကြောင့် ဖြစ်လာတဲ့ . . .

(၁) တံတွေးများ ခံတွင်းမှာ ပိုပြည့်လာခြင်း၊

(၂) ကိုယ်ရှေ့သို့ ယိုင်နေခြင်း၊

(၃) ပူခြင်း၊ အေးခြင်း၊ ကျဉ်ခြင်း၊ နာခြင်း၊

(၄) တောင့်တင်းခြင်း စသည်တို့အားလုံးကို ရင်ဆိုင်ဖူးသွားပါပြီ ဘုရား။ နားလည်သဘောပေါက်သွားပါပြီ ဘုရား။ တခြားတရားခွေများ၊ အပ္ပမာဒမဂ္ဂဇင်းနဲ့ တရားပွဲများကိုလည်း ကြိုးစားနာယူတဲ့အခါ ပို၍ ကျယ်ကျယ်ပြန့်ပြန့် သိလာရပါတယ်ဘုရား။

အပ္ပမာဒမှာ ဝေဒနာ(၉)မျိုးကို သိလိုက်ရပါတယ်ဘုရား။ သဘောမပေါက်ပါ။ ဒလမှ ဆရာဦးသန်းရွှေ တရားနာတဲ့အခါ မူလဝေဒနာ (၃)မျိုး၊ လောကီအသိနှင့် (၃)မျိုး၊ လောကုတ္တရာအသိနှင့် (၃)မျိုး၊ ပေါင်း (၉)မျိုး လို့ သဘောပေါက်သွားပါတယ်။

အနတ္တလက္ခဏာသုတ္တန် ခန္ဓာငါးပါးကို လုံးဝမသိပါ။ ရွတ်တာသာ ရွတ်နေပါတယ်။ ရွှေဥမင်ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အခွေ့ နာလိုက်တဲ့အခါမှ နားလည်သွားပါပြီ။ အခြေခံခိုင်သွားရင် အထက်ကို တက်ရတာ အခက်အခဲ နည်းသွားပါတယ်။

အရှင်ဘုရားရဲ့ ကလောင်သွားကလည်း တပည့်တော်တို့ တော်တော်ရှောင်ယူရပါတယ်ဘုရား။ ပရိတ်ရွတ်တာနဲ့ ပတ်သက်ပြီး 'ရွတ်ပဲရွတ်ပြီး ကျင့်ကြံမှု မရှိရင် ရွတ်တာပဲရှိမယ်'ဆိုတော့ တပည့်တော် (၁၆)နှစ်သမီးကတည်းက ရွတ်ဖတ်တာကလွဲရင် . . . အခုထိ မကျင့်ကြံရသေးပါဘုရား။

ကံကောင်းချင်တော့ တပည့်တော်က တရားထိုင်ပြီးနှစ်ပတ်လောက်မှ ဒီစာပိုဒ် ဖတ်မိတော့ သီသီလေး လွတ်သွားပါတယ်ဘုရား။ တပည့်တော် တရားစ,ထိုင်ပြီး လအနည်းငယ်အတွင်းမှာ . . . ဝိပဿနာလမ်းကြောင်းပေါ်ရောက်သွားရပါတယ်ဘုရား။ ရောက်သွားရတဲ့အကြောင်းကတော့ အရှင်ဘုရားရဲ့ စာပိုဒ်တစ်ပိုဒ်ကြောင့်ပါပဲ။

'သမထက အာရုံကို ရှောင်ပါတယ်။ ဝိပဿနာက အာရုံကို တည့်တည့်ကြည့်ပါတယ်' (အလင်းစေတမန် စာမျက်နှာ ၁၀၃)

ဒီစာပိုဒ် ဖတ်လိုက်မိတာနဲ့ တစ်ပြိုင်နက် တပည့်တော် ဝိပဿနာကို စပြီး အားထုတ်ဖြစ်ပါတယ်။ ဘာကြောင့်လဲ



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် တပည့်တော်ရဲ့ စိတ်နဲ့ ဝိပဿနာက ထပ်တူကိုက်ညီနေလို့ပါဘုရား။

တပည့်တော် ငယ်ငယ်ကတည်းက တာဝန်တစ်ခုပေးလာရင် မနိုင်သည်ဖြစ်စေ ရှောင်မနေတတ်ပါဘူး ဘုရား။ အစွမ်းကုန် ကြိုးစားပြီး လုပ်ပါတယ်။ နောက်ဆုံး မနိုင်တော့ရင် သတ္တိရှိရှိ ရင်ဆိုင်ပြီး လူကြီးမိဘကို သွားပြောလိုက်ပါတယ်။ ဆူရင်ဆူ၊ ရိုက်ရင်ရိုက် ခံယူဖို့ အသင့်ပါပဲ။ တစ်ခါမှတော့ အရိုက်မခံရပါဘူးဘုရား။ ဒါကြောင့် ကြီးလာတော့လည်း ပြဿနာရှိလာရင် ဖြေရှင်းပါတယ် ဘုရား။ အစွမ်းကုန် ကြိုးစားဖြေရှင်းလို့ မရရင် ထိပ်တိုက် ရင်ဆိုင်လိုက်ပါတယ်။ ရှောင်ပြေးခြင်း၊ ရှောင်ပုန်းခြင်း လုံးဝ မလုပ်ပါဘူးဘုရား။

ဒါကြောင့် တပည့်တော်စိတ်က ဝိပဿနာနဲ့ ကိုက်ညီတယ်လို့ ယူဆပြီး ဝိပဿနာဘာဝနာလမ်းကြောင်းပေါ်ကို ရောက်ရှိသွားပါတယ်ဘုရား။ အခုတော့ ရုပ်နာမ်လည်း ကွဲပြားပါပြီ။ ပေါ်လာတဲ့ အာရုံတွေကိုလည်း လက္ခဏာရေးသုံးပါးတင်ပြီး ရှုတတ်သွားပါပြီဘုရား။

တပည့်တော် ဒီတစ်သက်မှာ လုံးဝမမျှော်လင့်ထားတဲ့ လမ်းပေါ်ကို လအနည်းငယ်အတွင်းမှာ အရှင်ဘုရားရဲ့ ကျေးဇူးကြောင့် ရောက်သွားခဲ့ပါပြီ။ ဒီအခါမှာ တပည့်တော်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးလုံးဟာ ငြိမ်းချမ်းသွားရပါတယ် ဘုရား။

ရေခဲတုံးနား ထိုင်တဲ့သူက ရေခဲရဲ့ အအေးဓာတ် ရနေသလို တပည့်တော် သတိထားမိတာကတော့ တပည့်တော်ရဲ့ ခင်ပွန်းလည်း အေးချမ်းလာပါတယ် ဘုရား။ ကလေး နှစ်ယောက်ကတော့ ဆော့နေတော့ မသိသာပါဘူး။

ဒါပေမဲ့ ပတ်ဝန်းကျင်က အပြောများလာတော့မှ တပည့်တော် သတိထားမိပါတယ်ဘုရား။ ကျောင်းက ဆရာမ၊ ကျောင်းသားမိဘ၊ သူငယ်ချင်းများက . . . လိမ္မာကြောင်း၊ အေးကြောင်း ပြောဖန်များမှ သတိထားမိလာပါတယ်ဘုရား။

အရှင်ဘုရားရဲ့ တရားစာအုပ်တွေထဲက ထွက်ပေါ်လာတဲ့ အအေးဓာတ်ဟာ တပည့်တော်တို့အိမ်မှာ ကောင်းစွာ လည်ပတ်နေပါပြီဘုရား။ တပည့်တော် တို့ဗွီမှာ တိုရှိဘာအဲယားကွန်းကြော်ငြာတွေ့တော့ အရှင်ဆန္ဒာဓိကရဲ့ အဲယားကွန်းနဲ့ ပြိုင်ပြီး ကြော်ငြာဖို့ စိတ်ကူးမိပါတယ် ဘုရား။

အရှင်ဘုရားရဲ့ အဲယားကွန်းက လျှပ်စစ်ဓာတ် မလို၊ ငွေကုန်လည်း သက်သာ၊ လူဦးရေ အကန့်အသတ်လည်း မရှိ၊ အခန်းဧရိယာ အကျယ်အဝန်း အကန့်အသတ်မရှိ အအေးဓာတ် ပေးနိုင်တဲ့အပြင်၊ အပြင်ရုပ်ဓာတ်ကိုသာမက



www.burmeseclassic.com

www.burmeseclassic.com

အတွင်းနာမ်ခါတ်ကိုပါ အေးစေနိုင်ပါတယ်။

မကြာသေးမီက ပျံလွန်တော်မူသွားတဲ့ . . . ရွှေဥမင် ဆရာတော်ဘုရားကြီးရဲ့ ကိုယ်တွေ့အဖြစ်တစ်ခု ရှိပါတယ်။ သူ့ရဲ့ ဒကာကြီးတစ်ယောက်က တရားနာပြီးတဲ့အခါ အမှတ်သတိလေးနဲ့ ပြန်သွားပါတယ်။ သူပြန်တဲ့အချိန်က နေမွန်းတည့် နွေရာသီမှာ၊ စီးလာတဲ့ဖိနပ်ကိုလည်း ပြန်ဝတ်ဖို့မေ့၊ ပါလာတဲ့ထီးလည်း ချိုင်းမှာညှပ်ပြီး သတိအမှတ်နဲ့ အိမ်အထိ ပြန်သွားခဲ့ပါတယ်။ စိတ်က ကိလေသာအပူမီးတွေ ငြိမ်းနေတော့ ကိုယ်က ပူတာတွေကို မခံစားရတော့ပါဘူး။

အရှင်ဘုရားရဲ့ စာအုပ်တွေကို . . . 'ကောင်းတော့ ကောင်းပါရဲ့။ ဒါပေမဲ့ စာရွက်အညံ့နဲ့ထုတ်၊ ဈေးနှိမ့်ရင် လူအများ ဖတ်နိုင်မယ်။ ဆင်းရဲတဲ့သူတွေဆို ဝယ်မဖတ်နိုင်ဘူး' လို့ ပြောကြပါတယ်ဘုရား။

ဦးရှိန်ဝင်းကို ပြောတော့ . . . 'ဆရာတော်က ဘယ်အလုပ်ပဲ လုပ်လုပ်၊ အကောင်းဆုံးပဲ လုပ်တယ်' လို့ ဖြေရှင်းချက်ပေးပါတယ်ဘုရား။ ဒီတော့ အများအတွက် ကြည့်ရမှာပေါ့ လို့ တချို့က ပြောပါတယ်ဘုရား။ ပြောတဲ့အထဲမှာ တပည့်တော် အစ်ကိုဝမ်းကွဲလည်း ပါနေတဲ့အတွက် တပည့်တော်ပဲ ပြည့်စုံအောင် ရှင်းပါရစေ ဘုရား။

ပိဋကတ်တော်တွေကို အရှည်တည်တံ့အောင် ပထမ



www.burmeseclassic.com

www.burmeseclassic.com

သင်္ဂါယနာ၊ ဒုတိယ၊ တတိယသင်္ဂါယနာ စသည်ဖြင့် သံဃာတော်များ ဆင်းရဲပင်ပန်းစွာ သဲစိုတွေ ဝမ်းဗိုက်တော်ပေါ် တင်ပြီး ရွတ်ဖတ် ထိန်းသိမ်းလာခဲ့ရပါတယ်။

ထို့မှ ကျောက်ထက်အက္ခရာ၊ ပေထက်အက္ခရာ၊ စက္ကူ စာအုပ် စသည်ဖြင့် ထိန်းသိမ်းလာခဲ့ရာမှ ယခုအခါ စီဒီရွှမ်သာမက အမ်ပီသရီးအထိ ခေတ်မီတိုးတက်လာနေပါပြီ။ စာရွက်ကြမ်းနဲ့ ခေတ်နောက်မပြန်ချင်ပါနဲ့တော့ လို့ ပြောချင်ပါတယ်ဘုရား။

အရှင်ဘုရားရဲ့ စာအုပ်တွေကို ဖတ်ပြီး တပည့်တော်မှာ (၈၆)နှစ် မိခင်ကြီးကို ပြန်ပြောရပါတယ်။ မောင်နှမဆွေမျိုး မိတ်သင်္ဂဟတို့ကိုလည်း ဟောရပါတယ်။ အဲဒီအခါ အချက်အလက်များ မှတ်လိုရင် အနီရောင် သားထားတဲ့ နေရာများကို ဖတ်ရပါတယ်။ လိုအပ်ရင် အပြာရောင် သားထားတဲ့ စာပိုဒ်များကိုပါ ဖတ်ရပါတယ်။ ပြန်မေးရင် ဖြေနိုင်ဖို့ အသေးစိတ် သိလိုရင် အားလုံးကို ဖတ်ရပါတယ်ဘုရား။

နောက်တစ်ယောက်ကို ပြောလိုရင် စာအုပ်ပြန်ရှာ၊ ပြန်ဖတ်ရပါတယ်။ အဲဒီအခါ စာရွက်အကြမ်းသာဆိုရင် တာရှည်ခံမှာ မဟုတ်ပါ။ သိမ်းလေ ဆွေးလေ ဖြစ်ပါလိမ့်မယ်ဘုရား။

ဗုဒ္ဓဘာသာဝင်များအနေနဲ့လည်း တကယ်ပတ်ချင်သူ



www.burmeseclassic.com

www.burmeseclassic.com

များကို ဓမ္မဒါနလုပ်ဖို့ ဝန်မလေးပါ။ ထို့အတူ ငှားရမ်းရန်လည်း တွန့်တိုမည် မဟုတ်ပါ။ မရှိသူများအတွက် မပူပါနဲ့ဘုရား။ ဒါနဲ့ သားကြီးဖတ်နေတဲ့ ဒဂုန်ရွှေမျှားစာအုပ်ကိုယူကြည့်လိုက်မိပါတယ်။ စာရွက်ကြမ်းနဲ့ ထုတ်ထားပြီးတန်ဖိုး ၆၀ဝိ/- လို့ ရေးထားတာကို ဖတ်လိုက်ရပါတယ်။ ဒါ့ကြောင့် ဆရာတော်ရဲ့ စာအုပ်များဟာ ဈေး လုံးဝမများပါဘုရား။

အုပ်ရေနေရာကို တပည့်တော် ကြည့်လိုက်ပါတယ်။ အလွန်နာမည်ကြီးတဲ့ စာရေးဆရာကြီးဖြစ်လို့ အုပ်ရေ မည်မျှ ဖြစ်မလဲလို့ သိချင်ဇောနဲ့ ကြည့်လိုက်တော့ တတိယအကြိမ် အုပ်ရေ (၁၀၀၀)လို့ ရေးထားပါတယ်။ ဒါနဲ့ အရှင်ဘုရားရဲ့ စာအုပ်တွေကို ချက်ချင်း ကြည့်မိပါတယ်။

အနှိုင်းမဲ့ချမ်းသာ (ဒု)ကြိမ် - အုပ်ရေ ၃၀၀၀၀

ရဲရင့်သူတို့၏နေရာ (တ)ကြိမ် - အုပ်ရေ ၂၀၀၀၀

တစ်ယောက်တည်းနေ တစ်စိတ်တည်းထား (ပဥ္စမအကြိမ်) - အုပ်ရေ ၁၀၀၀၀ စသည်ဖြင့် ဖတ်လိုက်ရလို့ တပည့်တော် အလွန် ဝမ်းသာပီတိ ဖြစ်မိပါတယ်။ မြန်မာပြည်မှာ ဘာသာရေးစာပေ ဖတ်ရှုသူ ဦးရေဟာ အခြားစာပေဖတ်ရှုသူဦးရေထက် အဆများစွာ သာနေလို့ သာဓုခေါ်မိပါတယ်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ချင်းစာနာစွာနဲ့ ပြောရရင် မိမိပြုခဲ့တဲ့ ထူးခြားမွန်မြတ်လှတဲ့ သာသနာ့ဝန်ဆောင်မှုများကို သမိုင်းဝင်ပြီး မှတ်ကျောက်တင်ကျန်ရစ်ခဲ့စေချင်တာဟာ ခမ္မတာ ဖြစ်ပါတယ်။ မှတ်ကျောက်လည်း တင်ကျန်ခဲ့သင့်ပါတယ်။ ပျောက်ပျက် မှေးမှိန်သွားရင် အလွန် နှမြောစရာကောင်းပါတယ်။

အာနန္ဒာစဉ်းကျောက်စာဆိုရင် ပုဂံထက် ရှေးကျပါတယ်။ ရှစ်သောင်းဘုရားမှာ . . . လုံးဝ ဖတ်မရတော့ပါ။ စက္ကူဆိုရင် ပြောဖွယ်မရှိတော့ပါ။ ဒါ့ကြောင့် အတတ်နိုင်ဆုံး ရေရှည်ကို မျှော်ကိုးပြီး အကောင်းဆုံး လုပ်ခဲ့ရပါမယ်ဘုရား။

တပည့်တော်ကဲ့သို့ အခြား ခုနစ်ရက်သားသမီးများကိုလည်း ဆရာတော်ရဲ့ စာအုပ်များကို ကမ္ဘာ့နာစရိယဆရာတော်တစ်ပါးသဖွယ် ယုံယုံကြည်ကြည် လက်ကိုင်ထား၍ ဝိပဿနာတရားများ ပွားများအားထုတ်နိုင်ကြပါစေခြင်း အကျိုးငှာ စေတနာဖြင့် တင်ပြလိုက်ပါတယ် ဘုရား။

အရှင်ဘုရား၏ ထူးခြားထက်မြက်လှသော သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကိုလည်းကောင်း၊ ကိုယ်ရောစိတ်ပါ အပင်ပန်းခံ၍ . . . ဓမ္မစာအုပ်များ ရေးသားထုတ်ဝေသည့် မေတ္တာ၊ စေတနာ၊ ကရုဏာတရားတို့ကို လည်းကောင်း တပည့်တော် ဤစာဖြင့် ချီးကျူးပူဇော်ရင်း ရှိခိုးကန်တော့ပါသည်ဘုရား . . .။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာအေးအေးမာ
လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်။

ဒကာမကြီး ဒေါ်အေးအေးမာရေ . . .

အခုလို ပြည့်ပြည့်စုံစုံ ရေးသားအားပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။

ခါတ်ခံကောင်းရှိသူတိုင်း ဦးဇင်းရဲ့ စာအုပ်တွေကို ဖတ်ပြီး စိတ်နေစိတ်ထား ပိုကောင်းလာမယ်၊ ကုသိုလ်အလုပ် ပိုလုပ်ဖြစ်လာမယ်၊ တရားဘာဝနာ ပိုပွားများနိုင်လာမယ်ဆိုတာ အကြွင်းမရှိ ယုံကြည်ပြီးသားပါ။

ဓာတ်ခံကောင်းမရှိသူတွေရဲ့ ကဲ့ရဲ့ရှုတ်ချမှု၊ ဝေဖန်ပုတ်ခတ်မှုကိုတော့ ဂရုစိုက်နေလို့ လုံးဝ မဖြစ်ပါဘူး။

'အရည်အသွေးကောင်းဖို့ အဓိက' ဆိုတဲ့ ရွှေပါရမီဆောင်ပုဒ်အတိုင်း စာအရည်အသွေးရော၊ စာအုပ်အရည်အသွေးပါ အကောင်းဆုံးဖြစ်အောင် ဆက်လက်ကြိုးစားသွားပါမယ်။ ဈေးနှုန်းချိုသာခြင်းကိုလည်း အရည်အသွေးတစ်ခုအဖြစ် သတ်မှတ်ထားပါတယ်။


ထာဝရအေးချမ်းပါစေ။

မေတ္တာဖြင့် ...

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)


www.burmeseclassic.com

www.burmeseclassic.com



# အလင်းတောက်ကောင်းကင်

ဘုန်းဘုန်းဘုရား . . .

ဘုန်းဘုန်းရေးတဲ့ 'အလင်းစေတမန်' စာအုပ်နဲ့ ပတ်သက်လို့ လျှောက်ထားပါရစေဘုရား။

တပည့်တော်ကိုယ်တိုင် တရားဟော၊ တရားပြ၊ စာချ မလုပ်နိုင်ပေမယ့် ဒီစာအုပ် ဖတ်ပြီးနောက် စာအုပ်တွေ၊ ခွေတွေကို ပိုမိုငှားရမ်း၊ လက်ဆောင်ပေးပါတယ်ဘုရား။

အလှူထဲတွင် တရားအလှူသည် အမြတ်ဆုံးဆိုတော့ တရားစာအုပ်တွေ လှူဖြစ်တာ များလာပါတယ် ဘုရား။ ကိုယ်ကိုယ်တိုင် အလင်းစေတမန်ဖြစ်ရတာကို လုပ်တဲ့အခါ တိုင်း ပီတိဖြစ်ရပါတယ်ဘုရား။

'သာသနာ့ကျွန်ခံခြင်းသည် သခင်အလုပ်လုပ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်' ဆိုတဲ့ ခေါင်းစဉ်လေးကို ဖတ်ပြီးနောက် တပည့်တော် သာသနာ့ကျွန်ပဲ လုပ်ချင်စိတ် ပေါက်လာပါတယ် ဘုရား။

တပည့်တော်ဆွေမျိုးတချို့က တပည့်တော်ကို အိမ်ထောင်ဖက် ရွေးဖို့ ခဏခဏ လာပြောကြတယ် ဘုရား။ သူတို့အသိ မိတ်ဆွေတချို့ရဲ့ သားအကြောင်းတွေလည်း လာလာပြောတယ်ဘုရား။

တပည့်တော်က 'သီလရှင်အပြီးဝတ်မှာ' လို့ပဲ ပြောလိုက်တယ်ဘုရား။ ဝတ်တာ၊ မဝတ်တာက တစ်ပိုင်းပေါ့။ သူ့ကျွန်ဘဝရောက်မှာစိုးလို့ ကြိုပိတ်ထားရတယ်ဘုရား။ ကျွန်ဘဝချင်းအတူတူ တပည့်တော် ရိပ်သာမှာ ဥပုသ်စောင့်ရင်း ဝေယျာဝစ္စလုပ်တဲ့အခါ ကုသိုလ်တွေရနေတယ် လို့ စိတ်ထဲမှာ ကျေနပ်မှု၊ ဝမ်းသာမှုတွေ ခံစားရပါတယ်ဘုရား။

တပည့်တော် သူ့ကျွန်ဘဝသာ ရောက်မယ်ဆိုရင် တော့ ဝင့်ရှိသမျှ လုပ်ပေးရဦးမယ်ဆိုပြီး ကိုယ်စိတ်တွေ ပင်ပန်းဆင်းရဲနေမှာဘုရား။ သူ့ကျွန်ဘဝ ရောက်နေတဲ့သူဟာချို့ လည်း ဒီလိုပဲ ခံစားနေရတာ တွေ့ရပါတယ်ဘုရား။

ဒါကြောင့် တပည့်တော် သာသနာ့ကျွန်ဘဝကို မိဘတွေ အုပ်ထိန်းမှုအောက်ကနေ တတ်နိုင်သလောက် လုပ်သွားရင်း မိဘတွေ မရှိတော့တဲ့အခါဖြစ်ဖြစ် တစ်ချိန်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

ရိပ်သာတစ်ခုမှာ နေပြီး သာသနာ့ကျွန်အဖြစ်ပဲ ထမ်းဆောင်သွားဖို့ စိတ်ကူးရှိပါတယ်ဘုရား။

'ဒါနရဲ့ အကျိုးတရားကို . . . ငါဘုရား သိသလိုသာ သတ္တဝါတွေ သိကြမယ်ဆိုရင်' စသည်ဖြင့် ဒီစာလေးတွေ ဖတ်ပြီး အတော်ကြာတဲ့အခါမှာ တပည့်တော် တတ်နိုင်သလောက်တော့ ဘုရားဆွမ်းတော်ကို ဦးဦးဖျားဖျား ကပ်နိုင်အောင် လုပ်ပါတယ်။

တစ်ခါတလေ တပည့်တော် တခြား အိမ်အလုပ် လုပ်နေတုန်း အိမ်သားတစ်ယောက်က မနက်စာအဖြစ် ထမင်း၊ ဟင်းတွေကို အိုးထဲက ခူးစားပြီး ဖြစ်နေတယ်။ တပည့်တော်က မသိဘူးဘုရား။ ဆွမ်းတော်ကပ်မယ်လုပ်လို့ အိုးကိုကြည့်မှ တစ်ယောက်က ဦးသွားမှန်း သိပါတယ်ဘုရား။

ဒါပေမဲ့ တပည့်တော်စဉ်းစားမိတာက 'အိုးထဲက သန့်သန့်လေး ခူးလိုက်တာပဲလေ' လို့၊ ဆွမ်းတော်ကလည်း တအားကပ်ချင်စိတ်ပေါက်၊ 'ကပ်လို့ ကောင်းပါ့မလား' လို့လည်း ဇဝေဇဝါဖြစ်နေစဉ်မှာ . . . ဘုန်းဘုန်းရေးတဲ့ ဒီအကြောင်းအရာလေးကို သတိရပြီး ကပ်လိုက်ပါတယ်ဘုရား။ ရ၊ မရတော့ တပည့်တော် အခုအချိန်ထိ မသိသေးဘူးဘုရား။

တပည့်တော် ထမင်းစားတဲ့အခါ ဗိုက်တင်းနေအောင်



www.burmeseclassic.com

www.burmeseclassic.com

မစားဘူးဘုရား။ ကျန်းမာရေးပေါ် မူတည်ပြီး ထမင်းလုတ်လေးငါးခြောက်လုတ်ကို ငှန်းနဲ့ ချိန်ထည့်ပါတယ်ဘုရား။ အရင်တုန်းက ထမင်းမကုန်လို့ တစ်လုတ်၊ နှစ်လုတ်စာကျန်ရင် နှမြောလို့ ကုန်အောင် စားလိုက်တယ် ဘုရား။ ဒီတစ်လုတ်၊ နှစ်လုတ်တည်း များသွားတာကို နေလို့ မကောင်းတော့ဘူးဘုရား။

နောက်ဆုံးအလုတ်ကို ခွေးလေးတွေ၊ ကြောင်လေးတွေ ကျွေးရတာကို ဖတ်ပြီးနောက်တော့ ထမင်းလုတ်ကျန်လည်း မနှမြောတော့ဘူးဘုရား။ ကြောင်တွေ၊ ကျီးတွေကို ကျွေးရတော့မယ်ဆိုပြီး ပျော်ပါတယ်ဘုရား။

ကြောင်တွေက နည်းနည်း ကြေး(ဂျီး)များသေးတယ်ဘုရား။ ကျီးတွေက သူ့အဖော်တွေကိုပါ ခေါ်ပြီး အားရပါးရ အကုန်စားကြတော့ ပျော်တယ်ဘုရား။ တစ်ခါတလေ ကျန်မှရယ် မဟုတ်ဘူး။ တပည့်တော် စားနိုင်သေးပေမယ့် မစားဘဲ သူတို့ကိုပဲ ကျွေးလိုက်တယ် ဘုရား။ ကျွေးတဲ့အခါမှာလည်း 'မျှတကြပါစေ၊ အဆင်ပြေကြပါစေ' လို့လည်း မေတ္တာပို့ပါတယ်ဘုရား။

'စွန့်တတ်ရင် စွန့်ခရတယ်' ဆိုတဲ့အတိုင်း အိုးခွက်ဆေးတိုင်း၊ နေ့တိုင်း ပိုးကောင်လေးတွေ မျှတကြပါစေလို့ နှလုံးသွင်းဖြစ်နေပါတယ်ဘုရား။ အဲဒီလို မေတ္တာထားပြီး



www.burmeseclassic.com

www.burmeseclassic.com

ရင် ဆေးတဲ့အမူအရာ ရေနဲ့ထိလို့ စိုတာ၊ အေးတာ၊ ဆပ်ပြာနဲ့ ချောနေတာကိုတော့ သတိကပ်လိုက်၊ မကပ်လိုက်ပဲ ဘုရား။

ကုန်မယ့်အရာတွေထဲက မကုန်မယ့် တရားတွေကို ဒီလိုအသေးအဖွဲ့ကိစ္စတွေမှာပါ ရယူနိုင်တော့ အားရှိတာပေါ့ ဘုရား။ ဘုန်းဘုန်းကိုလည်း အထူးကျေးဇူးတင်ပါတယ် ဘုရား။

အခုဆိုရင် အထူးကြောင့်ကြစိုက်စရာ မလိုဘဲ စိတ်ထဲမှာ အကျင့်ပါနေပြီး သူ့အလိုလို ပေါ်လာပါတယ် ဘုရား။ အဲဒီလို ပေါ်နေတဲ့စိတ်၊ ဒီစိတ်ပေါ်လို့ ပျော်နေတဲ့ စိတ်ကိုလည်း နောက်စိတ်က သိနေပါတယ်ဘုရား။

တပည့်တော် ဆယ်ကျော်သက်အရွယ်တုန်းက သီလရှင် တစ်သက်လုံးဝတ်ရင် အနေအထိုင်၊ အစားအသောက်ဆင်းရဲပြီး ဆက်မဝတ်နိုင်မှာ စိုးရိမ်ဖူးပါတယ်ဘုရား။ ဘုန်းဘုန်းရေးတဲ့ 'ချမ်းသာသုံးမျိုးကို တောင့်တရင် သီလကို လုံအောင် စောင့်ထိန်းပါ' ကို ဖတ်ပြီး သီလလုံတဲ့ ဆရာတော်တွေကို ကြည့်ပြီး သီလရှင်ဝတ်ရမှာ မကြောက်တော့ပါဘူး ဘုရား။

သီလနဲ့ ပတ်သက်ပြီး နောက်တစ်ချက်က တပည့်တော် စားဝတ်နေရေးအတွက် အရောင်းအဝယ်နဲ့လုပ်စား



www.burmeseclassic.com

www.burmeseclassic.com

ချင်တယ်ဘုရား။ ဒါပေမဲ့ တပည့်တော်ရဲ့ အားနည်းချက်က မလှုပ်တလှုပ်၊ အားနာပြီး မလည်ဘူးဘုရား။ အဲဒီတော့ ကိုယ်နဲ့ မဖြစ်ဘူးလို့ ထင်ခဲ့တယ်ဘုရား။ ဒီသီလအကြောင်း ဖတ်ပြီးမှ တပည့်တော် သီလလုံအောင်ပဲ ကြိုးစားမယ်။ ကျန်တာ သူ့ဘာသာ ဖြစ်လာလိမ့်မယ်ဆိုပြီး အနာဂတ်အတွက် သိပ်မပူပန်တော့ဘူး ဘုရား။

'ဘာကြောင့် ငြိမ်းငြိမ်း၊ စိတ်အေးငြိမ်းဖို့က အဓိက' ခေါင်းစဉ်အောက်မှာ ရေးထားတဲ့ စိတ်တိုတာနဲ့ ပတ်သက်လို့ လိုက်နာဖွယ်ရာလေးတွေ၊ နည်းလေးတွေက . . . ရှင်းပြီး တကယ်တမ်း လိုက်နာတော့လည်း အကျိုးရှိတာ တွေ့ရပါတယ် ဘုရား။

သာမန်အားဖြင့် ဝိပဿနာနဲ့ စိတ်တိုတာကို တိုက်ရိုက်ကြည့်ရင် စိတ်တိုစရာပဲ တွေးမိပြီး ပိုစိတ်တိုတယ်ဘုရား။ ဘုရားဂုဏ်တော်လေးကို ခပ်သွက်သွက်လေး ဆက်စပ်အောင် ဆိုရတယ်ဘုရား။ အဲဒါဆိုရင် နည်းနည်း ငြိမ်သွားရော။ စိတ်တိုစရာကို တွေးမိရင်လည်း တွေးတဲ့စိတ်က ခုနလောက် မမြန်တော့ ဝိပဿနာပြောင်းရှုလိုက်ရင် မိသွားပြီး အဆင်ပြေသွားပါတယ် ဘုရား။ ဘုရားဂုဏ်တော်ပွားတာ နည်းနည်းနှေးရင် စိတ်တိုတာကို တွေးတဲ့စိတ်က မြန်မြန်ဝင်နေတော့ မနိုင်ဘဲ ပြန်စိတ်တိုလာရောဘုရား။ အဲဒါ


www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဝိပဿနာပဲ ရှုရှု၊ ဂုဏ်တော်ပဲ ပွားပွား၊ စိတ်တိုနေချိန်မှာ မြန်မြန်ပွားရတယ်ဘုရား။

နောက်တစ်ချက်က 'ဘယ်လိုလေးဖြစ်တာကို စိတ်တိုတယ် ခေါ်တာလဲ' ဒီမေးခွန်းလေးမေးဖို့ ဘုန်းဘုန်းက ရေးသားသင်ပြထားတော့ စိတ်ထဲကနေ သုံးလေးခေါက်လောက် မေးလိုက်ရင် သဘောကို သိချင်စိတ်တွေ ပေါ်လာပြီး မတွေးဖြစ်ဘဲ သဘောလေးကို ထိထိမိမိ သိသွားပါတယ်ဘုရား။

စိတ်ထဲမှာ တင်းနေတာ၊ မွန်းကျပ်ပူလောင်နေတာ၊ တွေးချင်ပေမယ့်၊ သတိနဲ့ စောင့်ကြည့်ပေမယ့်၊ မတွေးဘဲ တင်းနေတာ စတဲ့သဘောတွေ၊ တင်းနေတဲ့စိတ်၊ တင်းနေတာကို မှတ်တဲ့စိတ်တွေက တစ်တွဲပြီး တစ်တွဲ အတွဲလိုက် လျှင်မြန်စွာ ပျောက်ပျောက်သွားပြီး တင်းနေတာတွေလည်း လျှင်မြန်စွာ လျော့ကျငြိမ်သက်သွားပါတယ်ဘုရား။

ငြိမ်သက်အေးချမ်းတာကိုလည်း ဆက်မှတ်ဖြစ်ပြီး သူလည်း လျှင်မြန်စွာ ပျက်သွားတာကို တွေ့ရပါတယ်ဘုရား။ အာရုံတွေက သိမ်မွေ့လာပြီး မထင်ရှားတဲ့အခါမှာ တရားထိုင်နေရင်တော့ တခြားထင်ရှားရာ အာရုံကို မှတ်ပြီး စိတ်က သူ့အလိုလို ရောက်သွားပါတယ် ဘုရား။

တရားမထိုင်ဖြစ်ရင်တော့ တခြားလုပ်စရာရှိတာကို

www.burmeseclassic.com

မှတ်ရင်း ပြန်လုပ်ပါတယ်ဘုရား။ တပည့်တော်ကတော့ နေ့လယ်မှာဖြစ်တဲ့ ဒေါသကို ညဘက်မှ မှတ်လေ့မရှိဘူး ဘုရား။ အခုပူလောင်နေတဲ့ဒဏ်ကို မခံနိုင်လို့ပါ ဘုရား။ အခုမှတ်တော့ အခုငြိမ်းအေးချင်လို့ပါဘုရား။

'ဉာဏ်ကောင်းချင်ရင် အသက်ရှူပါ' ဆိုလို့ တရားမှတ်ရင် ဉာဏ်ကောင်းတယ်ဆိုတဲ့ သတင်းက တခြား ဘာသာခြားတွေမှာလည်း ကြားဖူးနားဝ ရှိနေကြတော့၊ တပည့်တော် ကြားဖူးတာက ဆေးကျောင်းသူတစ်ယောက် ခရစ်ယာန်ဘာသာဝင်ပဲ။ ဒါကို ကြားပြီး ရိပ်သာတစ်ခုမှာ တရားခဏခဏ သွားထိုင်တယ်၊ သွားထိုင်တဲ့အတိုင်းလည်း သူ စာကျက်ရာမှာ ပိုအဆင်ပြေထိရောက်လို့ ဆက်လက် အားထုတ်နေပါတယ်ဘုရား။

တပည့်တော် သိသလောက်အထိတော့ ဗုဒ္ဓဘာသာတော့ မပြောင်းသေးဘူးဘုရား။ ကိုယ်တွေ့သိထားတော့ တစ်ချိန်ချိန်မှာတော့ ဗုဒ္ဓဘာသာဖြစ်လာမယ် ထင်ပါတယ်ဘုရား။

ဆရာမတစ်ယောက်နဲ့တစ်ယောက် အဝင်အထွက် ကြား၊ ကြားကာလမှာ မှတ်ဖို့ ဘုန်းဘုန်းက ရေးထားပါတယ်ဘုရား။ တပည့်တော် မှတ်ဖြစ်တဲ့အခါလည်း မှတ်ဖြစ်ပါတယ်။ မမှတ်တဲ့အခါလည်း မမှတ်ဖြစ်ဘူးဘုရား။


www.burmeseclassic.com

www.burmeseclassic.com

စာသင်နေချိန်မှာတောင် ခေါင်းတွေနောက်ပြီး မူးလာရင် ဆရာမ စာသင်တာကို မိတစ်ချက်၊ မမိတစ်ချက် ဘုရား။ အဲဒါဆိုရင် ခေါင်းမူးတာကိုပဲ စိတ်အာရုံစိုက်ပြီး မှတ်လိုက်ပါတယ်ဘုရား။ ခေါင်းမူးပျောက်မသွားပေမယ့် သက်သာပါတယ်ဘုရား။

ရှုမှတ်နေတာကိုတော့ ဘယ်သူမှ သိမှာ မဟုတ်ဘူး ဘုရား။ အဲဒီတော့ ဘယ်သူ့ကိုမှလည်း မထိခိုက်ပါဘူး ဘုရား။ အိမ်မှာ စာဖတ်တဲ့အခါလည်း စာမကျက်ခင်တော့ ပုံမှန်မလုပ်ဖြစ်ပေမယ့် စာကျက်ရင်း ခေါင်းနောက်လာရင်တော့ စာဖတ်ရပ်ပြီး မကြာခဏ မှတ်ပေးပါတယ်ဘုရား။

တပည့်တော် ဝေဒနာကို ရှုတဲ့အခါ ဝေဒနာက အရမ်းပြင်းထန်နေရင် စိတ်ကလည်း တင်းကျပ်လာပြီး ဝေဒနာမှာ စိတ်ကို စူးစိုက်ထားတော့ အသက်ကောင်းကောင်း မရှူဖြစ်ဘဲ မောလာတယ်ဘုရား။ အဲဒီတော့ အသက်ကို ဝအောင် ပြန်ရှူပြီး ပြောက်ကျားစနစ်ကိုပဲ သုံးရပါတယ် ဘုရား။

ဝေဒနာရှုလိုက်၊ အသက်ရှူတာကို မကြာခင် မှတ်လိုက်နဲ့ဆိုတော့ မမောတော့ဘူး။ စိတ် စ, တင်းကျပ်လာတာကိုလည်း မကြာခဏ စောင့်ကြည့်ပြီး ပြန်ပြန်လျှော့ပါတယ် ဘုရား။ အဲဒီတော့မှ တရားမှတ်ရတာ ပေါ့ပါးပါ



www.burmeseclassic.com

www.burmeseclassic.com

မှာ အာရုံတည့်ပြီး ကျော်လွှားသွားနိုင်ပါတယ် ဘုရား။

ဘုန်းဘုန်း သီချင်းစာသားတွေ၊ သီချင်းခေါင်းစဉ်တွေကို မမှုရှုထောင့်ကနေ ဖော်ပြထားတာ တော်တော်ထိမိတယ် ဘုရား။ အမြင့်ဆုံးမှာ ထားချင်တယ်၊ ဒီအချိန်မှာ နားလည်သင့်ပြီ၊ ရှာပုံတော် မင်းသားကြီး၊ အလင်းစကား စသည်ဖြင့် ရှင်းလင်းချက်လေးတွေနဲ့ ဖော်ပြထားတာ အတုယူစရာပါပဲ ဘုရား။

တပည့်တော် သီချင်းနားထောင်ရင် တစ်ခါတလေ ကြိုက်တယ်၊ တစ်ခါတလေ ပူဆွေးမှုတွေ ညည်းတွားနေသလို ခံစားရပြီး ပူလောင်တယ်ဘုရား၊ မကြိုက်တော့ပြန်ဘူး။ တစ်ခါတလေ ကြားတာ မှတ်ပြီး လျစ်လျူရှုပါတယ် ဘုရား။

ဒါပေမဲ့ မမှုရှုထောင့်ကနေ တစ်ခါမှ မကြည့်ဖူးဘူး ဘုရား။ ဘုန်းဘုန်းရေးထားတော့လည်း ဟုတ်နေတာပဲ ဘုရား။ သီချင်းနားထောင်တဲ့အခါ အေးချမ်းစွာ နားထောင်တတ်အောင်၊ သီချင်းထဲက အနှစ်ထုတ်တတ်အောင် ဘုန်းဘုန်းက သင်ပေးတတ်တယ်လို့ပဲ ပြောချင်ပါတယ်ဘုရား။

အလွန်သိမ်မွေ့တဲ့ ကာမဝိတက်ကိုပါ ရှုမှတ်ပြီး ပယ်ဖို့ မြတ်စွာဘုရားကို နမူနာထား တိုက်တွန်းထားတာ အကျိုးများပါတယ်ဘုရား။ တပည့်တော်လည်း တရားအားထုတ်

www.burmeseclassic.com

လို့ အသားအရေတွေ ဝင်းဝါစိုပြည်ကြည်လင်လာတာတွေ့တော့ သဘောကျမိပါတယ်ဘုရား။ ဒါပေမဲ့ ခဏာပဲဖြစ်ပြီး ဖြစ်တာကိုလည်း မသိ၊ ရှုမှတ်ရကောင်းမှန်းလည်း မသိခဲ့ပါဘူးဘုရား။

ဒီစာအုပ် ဖတ်ပြီးတဲ့အတွက် . . . နောက်ဖြစ်လာရင် သတိထားမိမယ် ထင်ပါတယ်ဘုရား။ အထူးသတိထားပြီး ရှုမှတ်သွားဖို့လည်း စိတ်ဆန္ဒတွေ ဖြစ်လာပါတယ်ဘုရား။

သိမ်မွေ့တဲ့ ဇျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တို့ကို ဖော်ပြထားတာလည်း အတူတူပဲဘုရား။ ဘုန်းဘုန်း ရေးပြထားလို့ ဒါတွေလည်း သတိထားစရာပဲလို့ စိတ်ထဲက ဖြစ်လိုက်ပေမယ့် အခု တပည့်တော် ဒါတွေပြန်ဖတ်ပြီး ကိုယ့်ကိုယ်ကို စဉ်းစားကြည့်လိုက်တော့ အမှန်အတိုင်း ဝန်ခံရရင် ဒါတွေဖြစ်နေခဲ့တာကို မမြင်နိုင်ခဲ့ဘူးဘုရား။ ရှုမှတ်ဖို့ သတိ မရခဲ့ဘူး ဘုရား။

အခု ပြန်ဖတ်တော့လည်း 'ငါမလုပ်ဖြစ်ဘူး၊ ဒါလေးတွေ ပြန်သတိထားရမယ်' လို့ စိတ်ဖြစ်ပါတယ် ဘုရား။ တရားတော်တွေကို ပြန်ပြန်ဖတ်လို့ရှိရင်တော့ ပိုပိုပြီးတော့ သတိထားမိသွားမယ် ထင်ပါတယ်ဘုရား။

ဒီအဖြစ်အပျက်ကနေ ရရှိတဲ့ သင်ခန်းစာကတော့ တရားတော်တွေကို နာပြီးရင်း ထပ်နာ၊ ဖတ်ပြီးရင်း ထပ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com

သင့်တယ်ဆိုတဲ့ သင်ခန်းစာရပါတယ်ဘုရား။ ။

ဘုန်းဘုန်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် တရားစာအုပ်တွေ အများကြီး ဆက်လက်ရေးသားနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလျက် . . . ။

ကြည်ညိုလေးစားစွာဖြင့်
မမြသီတာ
သံလွင်လမ်း၊ ဗဟန်းမြို့နယ်။

မမြသီတာရေ . . .

တရားဘာဝနာအလုပ်ကို တကယ်တမ်း အားထုတ်နေသူတစ်ယောက်ရဲ့ ထောက်ခံအားပေးမှုကို ရလို့ ဝမ်းမြောက်မိပါတယ်။

သီချင်းစာသားတချို့ကို တရားသဘောနဲ့ သုံးသပ်ပြထားတာကို နားလည်သဘောပေါက်လို့လည်း လေးစားမိပါတယ်။

သီချင်းစာသားတွေကို သာယာမှုအနုပညာခံစားဖို့ သက်သက်လောက်ပဲ သဘောပေါက်တဲ့သူတွေကတော့ သူ့နေရာနဲ့သူ အလျဉ်းသင့်သလို ဆွဲသုံးထားတဲ့ သီချင်းစာသားတွေအပေါ် အဓိပ္ပာယ်ဆင်ခြင်မှု ကင်းမဲ့စွာ ကိုယ်လိုရာဆွဲ



www.burmeseclassic.com

www.burmeseclassic.com

တွေးပြီး ကဲ့ရဲ့ပုတ်ခတ်ကြလေရဲ့။

ဉာဏ်နုသူအတွက် သီချင်းစာသားဟာ သီချင်းစာသားပဲ ဖြစ်နေပေမယ့် ဉာဏ်ရင့်သူတွေအတွက်ကတော့ သီချင်းစာသားဟာလည်း တရားစမ္ဗပါပဲ။

သီချင်းစာသားတွေကို တရားသဘောနဲ့ ဆင်ခြင်သုံးသပ်တာနဲ့ ပတ်သက်ပြီး ဆောင်းပါးတစ်ပုဒ်၊ ဒါမှမဟုတ် ဆောင်းပါးပေါင်းချုပ် စာအုပ်တစ်အုပ် သီးခြားရေးပါဦးမယ် မမြသီတာရေ . . . ။

ထာဝရအေးချမ်းပါစေ။

မေတ္တာဖြင့် ...

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)





www.burmeseclassic.com

www.burmeseclassic.com

■ အရှိန်နဲ့ ပြေးတဲ့ ကုန်တင်ကားကြီးနောက်
ကိုယ်က အရှိန်နဲ့ ကပ်လိုက်နေတုန်း
ရှေ့က ကုန်တင်ကားကြီးက
ရုတ်တရက် ဘရိတ်ဆောင့်အုပ်လိုက်ရင်
ကိုယ့်ကား ထိခိုက်ပျက်စီးသွားမှာပါ။
သက်ရှိသက်မဲ့ ကာမဂုဏ်တွေနောက်
ကိုယ်က အရှိန်နဲ့ ကပ်လိုက်နေတုန်း
အဲဒီကာမဂုဏ်တွေ အကြောင်းတစ်ခုခုကြောင့်
ပျက်စီးပျောက်ဆုံးသွားရင်လည်း
ကိုယ်ပဲ နာကျင်ကြေကွဲ ဝမ်းနည်းပူဆွေးရမယ်လေ။

■ ဘယ်ဘဝရောက်ရောက် ဖြစ်လေရာဘဝမှာ
စိတ်ချမ်းသာအောင် နေတတ်တဲ့သူ ဖြစ်စေရမယ်။
လောကဓံတရား ကြံ့ကြံ့ခံနိုင်တဲ့သူ ဖြစ်စေရမယ်။
ကုသိုလ်တရား တိုးပွားအောင်
လုပ်နိုင်တဲ့သူဖြစ်စေရမယ်။
ပါရမီဖြည့်ဆည်းနိုင်တဲ့သူ ဖြစ်စေရမယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဝေးလေကောင်းလေ—

## အချစ်ကြီးလေ၊ အခြစ်ခံရလေ

ဒီနေ့ ဟောမယ့် တရားခေါင်းစဉ်က 'ဝေးလေကောင်းလေ' တဲ့။ ဘာနဲ့ ဝေးလေကောင်းလေတုံး။

'ကိလေသာနဲ့ ဝေးလေကောင်းလေပါဘုရား'

'အံမယ် . . . တယ်ဟုတ်ပါလား၊ ကိလေသာနဲ့ ဝေးလေကောင်းလေဆိုတော့ ကိလေသာနဲ့ ဝေးအောင်ရော နေကြရဲ့လား'

ဝေးလေကောင်းလေတဲ့။ မေးကြည့်ပါဦးမယ်။ ချစ်တဲ့သူနဲ့ ဝေးလေကောင်းလေလား၊ မုန်းတဲ့သူနဲ့ ဝေးလေကောင်း လေလား။

'မုန်းတဲ့သူနဲ့ ဝေးလေကောင်းလေပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com

ဒါဆို ချစ်တဲ့သူနဲ့ကျတော့ နီးလေကောင်းလေပေါ့ . . . ဟုတ်လား။

မုန်းတဲ့သူ ဆိုတာက မကြည့်ချင် မမြင်ချင်လောက်အောင်၊ တွေ့ရာသချိုင်း ဓားမဆိုင်း သတ်ချင်လောက်အောင် တူးတူးခါးခါး နာကြည်းမုန်းတီးနေမှ မုန်းတဲ့သူလို့ ဆိုလိုတာ မဟုတ်ပါဘူး။ သဘောမကျတဲ့သူ၊ မကျေနပ်တဲ့သူ၊ မကြိုက်တဲ့သူ၊ မနှစ်မြို့တဲ့သူ၊ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေ မှန်သမျှကို မုန်းတဲ့သူလို့ ဆိုလိုတာပါ။

လောကလူအများစုရဲ့ သဘောထားကတော့ အခု ယောဂီတို့ ဖြေတဲ့အတိုင်းပဲပေါ့။ မုန်းတဲ့သူနဲ့ ဝေးလေကောင်းလေ။ မုန်းတဲ့သူ မြင်နေရလို့ရှိရင် စိတ်ဆင်းရဲရတယ်၊ စိတ်မချမ်းသာဘူး။ မုန်းတဲ့သူ မမြင်ရလို့ရှိရင် စိတ်ချမ်းသာတယ်၊ စိတ်မဆင်းရဲရဘူး။ အဲဒီတော့ မုန်းတဲ့သူနဲ့ကျတော့ ဝေးလေကောင်းလေတဲ့။

ချစ်တဲ့သူနဲ့ကျတော့ နီးလေကောင်းလေတဲ့ . . . ။ တကယ်ရော ဟုတ်ရဲ့လား။ တကယ်ကောင်းရဲ့လား။ ချစ်တဲ့သူနဲ့ မုန်းတဲ့သူ ဘယ်သူက ဒုက္ခပိုပေးတုံး။

'ချစ်တဲ့သူပါ ဘုရား'

ဒါ တရားဟောဆရာအကြိုက်လိုက်ပြီး ပြောနေတာပါ။ ကိုယ့်စိတ်ထဲကတော့ ဘယ်လိုပဲ ထင်နေတုံး။ မုန်းတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

ကပဲ ကိုယ့်ကို ဒုက္ခပိုပေးတယ်၊ ချစ်တဲ့သူကျတော့ ကိုယ့်ကို သုခတွေချည်းပဲပေးတယ်လို့ ထင်နေတာနော်။

မုန်းတဲ့သူက ကိုယ့်ကို ပေးတဲ့ဒုက္ခဆိုတာ ဘာမှကို မရှိဘူး။ မပြောပလောက်ဘူး။ မုန်းတိုင်းလည်း ကိုယ့်ကို ဒုက္ခ ပေးချင်တိုင်း ပေးလို့ မရဘူး။ သူ့ကို ငါမုန်းတယ် ဆိုပြီး သတ်ချင်တိုင်း သတ်လို့မရပါဘူး။ ဒီလူ့ကို ငါမုန်းတယ်ဆိုပြီး သူ့ရဲ့ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်း လုပ်ချင်တိုင်း လုပ်လို့ မရပါဘူး။ ဒီလူ့ကို ငါမုန်းတယ် ဆိုပြီးတော့ အမြဲ တမ်း စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေအောင် လုပ်လို့ မရပါ ဘူး။

မုန်းတဲ့သူဆိုရင်တော့ များသောအားဖြင့် ခေါင်းထဲကို မထည့်ဘဲနဲ့ လျစ်လျူရှုထားလို့ ရပါတယ်။ 'ဒီလူ့အကြောင်း တော့ ခေါင်းထဲကို ထည့်မနေပါနဲ့'၊ 'သူ့အကြောင်းတော့ တွေးကို မတွေးပါနဲ့' ဆိုတော့ မတွေးဖြစ်တော့ဘူး။

ဝေးလေကောင်းလေ ဆိုတဲ့အတိုင်း မုန်းတဲ့သူနဲ့ကျ တော့ ကိုယ်က မတွေ့ဖြစ်အောင် ရှောင်၊ မပတ်သက်မိ အောင် ရှောင်နေတာဆိုတော့ သိပ်ပြီးတော့ ပတ်သက်စရာ မရှိတော့ဘူး။ ပတ်သက်စရာ မရှိတဲ့အတွက် ဒုက္ခကလည်း သိပ်ပြီးတော့ မရှိတော့ဘူး။

တကယ်တမ်း ကိုယ့်ကို ဒုက္ခပေးနေတာက ချစ်တဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တစ်နေ့ နေထွက်ကနေ နေဝင်၊ မိုးလင်းကနေ မိုးချုပ်၊ ပင်ပင်ပန်းပန်း ရုန်းကန်လှုပ်ရှား ပြေးလွှားသွားလာ စီးပွားရှာနေတာ မုန်းတဲ့သူအတွက်လား၊ ချစ်တဲ့သူအတွက်လား။ ချစ်တဲ့သူအတွက်ပါ။

စီးပွားရှာရတာ သုခလား၊ ဒုက္ခလား။ ဒုက္ခ . . .။

'ဩော် . . .'

ဟိုဘက်အိမ်က ကလေးကလည်း လမ်းမှာ မထိန်းနိုင်လို့ မစင်တွေ ပါချတယ်။ ကိုယ့်အိမ်က ကလေးကလည်း လမ်းမှာ မထိန်းနိုင်လို့ မစင်တွေ ပါချတယ်။ ဘယ်သူ့အနှီး လျှော်မှာတုံး။ ကိုယ့်အိမ်က ကလေးအနှီးပဲ လျှော်မှာနော်။ အနှီးလျှော်ရတာ သုခလား၊ ဒုက္ခလား။ ဒုက္ခ . . .။

'ဩော် . . .'

ခုနကပြောတော့ မုန်းတဲ့သူက ပိုဒုက္ခပေးတယ်ဆို။ တကယ်တမ်းကျတော့ ချစ်တဲ့သူကချည်းပဲ ပိုဒုက္ခပေးနေတာပါ။

ကိုယ်မုန်းတဲ့သူရဲ့ လက်မောင်းကို ခြင်တစ်ကောင်က ကိုက်နေတယ်။ ကိုယ်ချစ်တဲ့သူရဲ့ လက်မောင်းကိုလည်း ခြင်တစ်ကောင်က ကိုက်နေတယ်။ ဘယ်လက်မောင်းက ခြင်ကို ရိုက်မှာတုံး။ ချစ်တဲ့သူရဲ့ လက်မောင်းက ခြင်ကို ရိုက်မှာ။

ဒါဆိုရင် ခြင်ရိုက်တဲ့ အကုသိုလ်၊ သူ့အသက်သတ်တဲ့

www.burmeseclassic.com

အကုသိုလ်က ဘယ်သူ့ကြောင့် ဖြစ်သွားတာတုံး။ ချစ်တဲ့သူ ကြောင့် ဖြစ်သွားတာ။

အဲဒီ ခြင်ရိုက်တဲ့ အကုသိုလ်က သုခပေးမှာလား၊ ဒုက္ခပေးမှာလား။ ဒုက္ခပေးမှာ။

'ဩော် . . .'

ဒီနေ့တရားကတော့ 'ဩော် . . .' လို့ပဲ နာမည် ပေးရတော့မယ် ထင်တယ်နော် . . .။

ကိုယ်မွေးထားတဲ့ ကိုယ့်ရဲ့ သားလေး၊ ငါချစ်တဲ့သား လေး၊ ငါ့အချစ်ဆုံး သားလေး ဆိုပြီးတော့ သူ့ကို ခြင်လာ ကိုက်ရင် ခံနိုင်လား။ မခံနိုင်ဘူးနော်။

ကိုယ့်ကိုကိုက်တာတောင် ရိုက်ချင်မှ ရိုက်မှာ။ ကိုယ် ချစ်တဲ့သူကို ကိုက်တာကျတော့ သွေးလွှန်တုပ်ကွေး ဖြစ်မှာ စိုးတာနဲ့၊ ငှက်ဖျားဖြစ်မှာ စိုးတာနဲ့၊ ကိုယ်ငှက်ဖျားဖြစ်မှာတော့ မကြောက်ဘူး၊ သူလေး ငှက်ဖျားဖြစ်မှာတော့ မကြောက် ဘူးလား။ ကြောက်တယ်။

ဒါဖြင့် ဒုက္ခတွေဖြစ်တာ ဘယ်သူ့ကြောင့် ဖြစ်တာပါ လဲ။ ချစ်တဲ့သူကြောင့်နော်။ ဒါ နမူနာလေးတွေ ပြောပြတာ ပါ။ 'ချစ်တဲ့သူဟာ ဒုက္ခအပေးဆုံးပဲ' ဆိုတဲ့အချက်ကို ကိုယ့် ဘာသာကိုယ် သေသေချာချာ လေးလေးနက်နက် စဉ်းစား ကြည့်နော်။ သိပ်မှန်တာ တွေ့ရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

သတင်းစာထဲမှာလည်း နာရေးစာမျက်နှာတွေမှာ ဆိုရင် သေတဲ့သူတွေအကြောင်း နေ့တိုင်း တွေ့နေရတာပဲ။ မုန်းတဲ့သူရဲ့ နာရေး ပါလာတာနဲ့ ချစ်တဲ့သူရဲ့ နာရေး ပါလာတာ ဘယ်ဟာပျော်တုံး။ ဘယ်သူ့နာရေး ကြည့်ပြီး သဘောကျတုံး။

'မုန်းတဲ့သူရဲ့ နာရေး ကြည့်ပြီး သဘောကျပါတယ်ဘုရား'

မုန်းတဲ့သူကျတော့ သေစေချင်တယ်ပေါ့လေ။ တကယ်တမ်း သူတော်ကောင်းဓာတ်ခံ အားကောင်းတဲ့ပုဂ္ဂိုလ်ကျတော့ နဂိုက၊ အသက်ရှင်စဉ်တုန်းက မုန်းတောင်မှ နာရေးကြော်ငြာမှာ တွေ့လိုက်ရရင် စိတ်မကောင်းတော့ ဖြစ်တတ်ကြတာပဲ။ မုန်းတဲ့သူရဲ့ နာရေး ကြည့်ပြီး သဘောမကျကြပါနဲ့။

■



www.burmeseclassic.com

www.burmeseclassic.com

# သူ့ကိုချစ်ရင် သူ့ရဲ့ကျေးကျွန်

ကိုယ်ချစ်တဲ့သူရဲ့ နာရေးနဲ့ ကိုယ်မုန်းတဲ့သူရဲ့ နာရေး၊ ဘယ်နာရေး ဖတ်ပြီးတော့ စိတ်ဆင်းရဲရတုံး။

ကိုယ်ချစ်တဲ့သူရဲ့ နာရေး ဖတ်ပြီးတော့ စိတ်ဆင်းရဲရတယ်။

ဒါဆိုရင် ချစ်တဲ့သူကြောင့် ဒုက္ခဖြစ်တာလား၊ မုန်းတဲ့သူကြောင့် ဒုက္ခဖြစ်တာလား။ ချစ်တဲ့သူကြောင့် ဒုက္ခဖြစ်တာ။ ဩော် . . . လို့ မပြောတော့ဘူးနော်။ ကိုယ့်ဘာသာကိုယ် ဉာဏ်လေးထည့်ပြီးတော့ သေသေချာချာ လေးလေးနက်နက် စဉ်းစားပါ။

သာမန်ကြည့်လိုက်လို့ရှိရင် ကိုယ့်ကို ဒုက္ခပေးနေတာ မုန်းတဲ့သူတွေ၊ မုန်းတဲ့သူတွေကြောင့် ငါ့ဘဝ ပျက်စီးရတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ငါ့စိတ်တွေ ဆင်းရဲရတယ်။ ဒီလိုထင်နေကြတာ။ တကယ် တော့ အနီးကပ် နှိပ်စက်နေတာက ကိုယ်ချစ်တဲ့သူတွေပဲ။

မုန်းတဲ့သူကို မြင်ရတွေ့ရ၊ မုန်းတဲ့သူရဲ့ အသံတွေ ကြားရ၊ မုန်းတဲ့သူနဲ့ ပတ်သက်ရလို့ စိတ်ဆင်းရဲရတာကျ တော့ ခံလို့ မကောင်းဘူး။ ခံလို့ မကောင်းတော့ မုန်းတဲ့သူ ကြောင့် စိတ်ဆင်းရဲမှန်း သိတယ်။

ချစ်တဲ့သူကို မြင်ရ၊ တွေ့ရ၊ ကြားရ၊ သိရ၊ ချစ်တဲ့သူ တွေနဲ့ ပတ်သက်ရ၊ ဆက်ဆံရ၊ ထိတွေ့ရလို့ စိတ်ဆင်းရဲရ တာမျိုးတွေကျတော့ ခံလို့ကောင်းတော့ ဆင်းရဲတယ် ထင်ရဲ့ လား။ မထင်ဘူး။ ခံကောင်းကောင်းနဲ့ ခံနေရတာပေါ့။

ချစ်တဲ့သူတွေနဲ့ ပတ်သက်လို့ ဆင်းရဲခံရတာက ကောင်းကောင်းခံရတာ၊ မုန်းတဲ့သူတွေနဲ့ ပတ်သက်လို့ ဆင်း ရဲခံရတာက ဆိုးဆိုးခံရတာ။

ကောင်းကောင်းခံရတာနဲ့ ဆိုးဆိုးခံရတာ ဘယ်လို ခံရတာက ကောင်းတုံး။ အမှန်အတိုင်းပြောနော်။ ကောင်း ကောင်းခံရတာ ကောင်းတယ်။ ဩော် . . .၊ ကောင်း ကောင်းခံ၊ ခံကောင်းကောင်းဆိုတော့ ခံနေရတယ် လို့ မထင် ဘူးလေ။

တစ်နေ့တစ်နေ့ မနက်မိုးလင်းကနေ မိုးချုပ်အထိ တစ်နေ့လုံး စားချိန်တောင် မမှန်၊ အိပ်ချိန်တောင် မမှန်၊



www.burmeseclassic.com

www.burmeseclassic.com

ပင်ပင်ပန်းပန်းနဲ့ ရှာဖွေနေရတာ ဘယ်သူ့အတွက်တုံး။ မုန်းတဲ့သူတွေအတွက်လား၊ ချစ်တဲ့သူတွေအတွက်လား။

ချစ်တဲ့သူတွေအတွက် . . .၊ အဲဒီတစ်ချက်တည်းနဲ့ကိုပဲ ချစ်တဲ့သူတွေက ဝေးလေကောင်းလေ။

'ချစ်တဲ့သူတွေနဲ့ ဝေးလေကောင်းလေ' လို့ တွေးရော တွေးမိရဲ့လား။ တစ်ခါတစ်ရံတော့ တွေးမိမှာပေါ့နော်။ ချစ်တဲ့သူတွေကြောင့် သိပ်စိတ်ညစ်ရတဲ့အခါတွေမျိုး၊ သိပ်စိတ်ဆင်းရဲရတဲ့အခါတွေမျိုးမှာတော့ 'သူတို့နဲ့ ဝေးလေကောင်းလေ' လို့ တွေးမိကြမှာပေါ့။

သိပ်စိတ်ညစ်လွန်းမှ၊ သိပ်စိတ်ဆင်းရဲလွန်းမှ 'ဝေးလေကောင်းလေ' လို့ တွေးတာက သံဝေဂနဲ့ တွေးတာ သိပ်မဖြစ်နိုင်ပါဘူး။ ဒေါသဒေါမနဿနဲ့ တွေးတာ ပိုဖြစ်ပါလိမ့်မယ်။

စိတ်ဆင်းရဲမှုဆိုတဲ့ 'ဒေါမနဿ'က ကြောက်ရွံ့ထိတ်သန့်မှုဆိုတဲ့ 'သံဝေဂ'အယောင်ဆောင်တတ်ပါတယ်။ စိတ်ဆင်းရဲပြီး လောကကြီးအပေါ် မကျေမနပ် ဖြစ်နေတာကို သံဝေဂဖြစ်နေတယ်၊ လောကကြီးကို ငြီးငွေ့နေတယ် လို့ ထင်တတ်တယ်လေ။

'ချစ်တဲ့သူတွေကြောင့် အကြီးအကျယ် စိတ်ဆင်းရဲရ ... မဟုတ်ဘူး၊ သာမန် စိတ်ဆင်းရဲရလည်း ဒုက္ခပဲ၊ သာ



www.burmeseclassic.com

www.burmeseclassic.com

မန် ဝမ်းနည်းနေရလည်း ဒုက္ခပဲ၊ စိတ်မဆင်းရဲရ၊ ဝမ်းမနည်းရတောင် သူတို့အတွက် ရှန်းကန်လှုပ်ရှားနေရတာ၊ သူတို့ဆန္ဒ ဖြည့်ဆည်းပေးနေရတာ၊ သူတို့ကို သတိရ တမ်းတနေရတာကိုက ဒုက္ခပဲ' လို့ ဉာဏ်နဲ့ လေးလေးနက်နက် သိမြင်သဘောပေါက်မှ သံဝေဂအစစ်လို့ ခေါ်နိုင်ပါတယ်။

အကြီးအကျယ် စိတ်ဆင်းရဲရမှ၊ အကြီးအကျယ် ဝမ်းနည်းကြေကွဲရမှ တဒင်္ဂတစ်ခဏ ကြောက်ရွံ့သလိုလို၊ ထိတ်လန့်သလိုလို ဖြစ်တာကတော့ သံဝေဂအစစ် မဟုတ်ပါဘူး၊ သံဝေဂအတုပါ။ ငြီးငွေ့တဲ့အသွင်နဲ့ ဒေါမနဿက သံဝေဂ ယောင်ဆောင်ထားတာပါ။

သံဝေဂအစစ်ဟာ ဉာဏ်ပြဋ္ဌာန်းပါတယ်၊ သတိပြဋ္ဌာန်းပါတယ်။ အရာရာကို သတိဉာဏ်နဲ့ အကြောင်းအကျိုး ဆက်စပ်ပြီး လေးလေးနက်နက် သဘောပေါက်မှ သံဝေဂအစစ် ဖြစ်နိုင်ပါတယ်။

သံဝေဂအတုကတော့ မကျေနပ်မှုဒေါသ ပြဋ္ဌာန်းပါတယ်၊ စိတ်ဆင်းရဲမှု ဒေါမနဿ ပြဋ္ဌာန်းပါတယ်။ အရာရာကို ဒေါသဒေါမနဿနဲ့ မကျေမနပ် ပုတ်ခတ်ဝေဖန်တာဟာ သံဝေဂအတုပါ။

■


www.burmeseclassic.com

www.burmeseclassic.com

## အရှမ်းစွန့်ရင် အစွန့်ရှမ်းသူဖြစ်သွားမယ်

ဝေးလေကောင်းလေဆိုတော့ ကိုယ်ယူထားတဲ့ မိန်းမ ခတွေ၊ ကိုယ်ယူထားတဲ့ ယောက်ျားတွေ၊ ကိုယ်မွေးထားတဲ့ သားသမီးတွေ၊ ဒီလူတွေဟာ ငါချစ်ရတဲ့သူတွေပဲ၊ ငါသံယော ဇဉ်ကြီးရတဲ့သူတွေပဲ။ ဘုန်းကြီးက ဝေးလေကောင်းလေ ပြောတယ်။ လက်မှတ်ထိုးဆိုပြီးတော့ ထိုးခိုင်းဦးမှာလား။

ကဲ ဒီစာချုပ်မှာ မြန်မြန်လက်မှတ်ထိုး။ သားသမီးတွေ သည်း အိမ်က ဆင်းသွားကြတော့၊ ဒါမှမဟုတ်လည်း ငါအိမ် ဆင်းတော့မယ်၊ ဘုန်းကြီးသွားဝတ်တော့မယ် အဲဒီလို စွန့် သား။ အဲဒီလို စွန့်လို့ရော ရရဲ့လား။ ကိုယ်က ပြတ်ရင် ရတာပေါ့လေ။

မရဘူးတဲ့၊ ကြည့်ပါဦး။ တော်တော်စွန့်မယ့်သူတွေပဲ



www.burmeseclassic.com

www.burmeseclassic.com

နော်။ နောက်ဆုံး စွန့်ချင်တဲ့စိတ်တွေ ထက်သန်လို့ စွန့်တယ်ပဲ ထားဦး။ တရားမျှတမှု ရှိပါ့မလား။ မရှိဘူး။ စွန့်တယ်၊ စွန့်တယ်ဆိုတာ ရမ်းစွန့်ရတာ မဟုတ်ဘူး၊ ဉာဏ်နဲ့ သေသေချာချာ သုံးသပ်ပြီးမှ အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျောညီထွေစွာ စနစ်တကျ စွန့်ရတာ။

တချို့ ဒကာလေးတွေ ဦးဇင်းတို့ရဲ့ စာအုပ်တွေဖတ်ပြီးတော့ သက်န်းအပြီးဝတ်ချင်တဲ့အကြောင်း လာလျှောက်ကြတယ်။ ဦးဇင်းတို့ ရေးတဲ့ စာအုပ်တွေဖတ်၊ ဦးဇင်းတို့ ဟောတဲ့ တရားတွေနာ၊ တခြားဆရာတော်တွေ ရေးတဲ့၊ ဟောတဲ့ စာအုပ်တွေ၊ တရားတွေ ဖတ်ရှုနာကြား၊ ဘာသာရေးအကြောင်း လေ့လာပြီးတော့ အသိတွေ တိုးလာတယ်။

ဘယ်လိုအသိတွေ တိုးလာလဲ။ ဒီနေ့ဟောတဲ့တရားနဲ့ ပတ်သက်ပြီး ပြောရရင် . . .

ချစ်တဲ့သူတွေကြောင့် ဒုက္ခဖြစ်ရတာ ပိုများတယ်။ သံယောဇဉ်ဆိုတာက ကိုယ့်ကို နှောင်ဖွဲ့တဲ့ တရားတွေပဲ။ ကိုယ့်ကို သံသရာဝဋ်ဆင်းရဲက မလွတ်မြောက်အောင်လုပ်တဲ့ တရားတွေပဲ။ တရားချမ်းသာနဲ့ ကာမဂုဏ်ချမ်းသာ၊ တရားချမ်းသာက ပိုကောင်းတယ် စသည်အားဖြင့်ပေါ့လေ။

အဲဒီလို သဘောလေးတွေ ပေါက်လာတဲ့အခါကျတော့ ဘုန်းကြီးဝတ်တော့မယ်ဆိုပြီး လာလာလျှောက်ကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ တောင်ပေါ်မှာလည်း လာလျှောက်တာ ရှိတယ်။ ရန်ကုန်မှာလည်း လာလျှောက်တာ ရှိတယ်။

အဲဒီလို လာလျှောက်တိုင်း လူပျိုလား၊ အိမ်ထောင်သည်လား မေးမြန်းကြည့်ရသေးတာပေါ့။ လူပျိုဆိုရင်တော့ ပြဿနာ မဟုတ်ဘူးလေ။ သက်န်းချက်ချင်း ထုတ်ပေးလိုက်ရုံပဲ။ တောင်ပေါ်မှာလည်း သင်္ကန်း အဆင်သင့်။ ရန်ကုန် ယာယီစံကျောင်းမှာလည်း သင်္ကန်း အဆင်သင့်။

အိမ်ထောင်သည်ဆိုရင်တော့ စဉ်းစားရမှာ။ တချို့က သားသမီးတွေ အသက်တစ်နှစ်၊ နှစ်နှစ်၊ သုံးလေးနှစ်လောက်ပဲ ရှိသေးတယ်။ ဘုန်းကြီး အပြီးဝတ်တော့မယ်တဲ့။ 'စဉ်းစားပါဦး၊ နေပါဦး' ပေါ့လေ။

ဘုရားအလောင်းကို တုလို့ မရဘူး။ ဟိုက တစ်ကယ့်ကို ဘုရားဖြစ်မှာလည်း သေချာတယ်။ ဘုရားဖြစ်ပြီးတဲ့နောက်ပိုင်းမှာလည်း ကိုယ်စွန့်ထားတဲ့ ဇနီးမယားနဲ့ သားကို သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်ရောက်အောင်ထိ ကယ်တင်နိုင်တယ်။ သတ္တဝါဝေနေယျများရဲ့ အကျိုးစီးပွားကိုလည်း ရွက်ဆောင်နိုင်တယ်။ ဒါ သေချာတဲ့ဘဝပါ။

ပါရမီဖြည့်စဉ်ဘဝတွေမှာ ဇနီးမယား၊ သမီးသားတွေ [illegible] စွန့်တာတွေလည်း ရှိတော့ ရှိပါတယ်။ ဒါပေမဲ့ အသိ [illegible]မှ အဆင်ခြင်မဲ့၊ ရှေ့မကြည့်၊ နောက်မကြည့်ဘဲ အရမ်း



www.burmeseclassic.com

www.burmeseclassic.com

•

ကာရော လက်လွှတ်စပယ် စွန့်တာ မဟုတ်ပါဘူး။ အခြေအနေ အချိန်အခါကို သေချာသုံးသပ်ပြီးမှ စနစ်တကျ စွန့်တာပါ။

ဘုရားအလောင်းတော်ရဲ့ အစွန့်ခံလိုက်ရလို့ အစွန့်ခံပုဂ္ဂိုလ်တွေမှာ အကျိုးယုတ်သွားတယ်ဆိုတာ လုံးဝ မရှိခဲ့ပါဘူး။

ပါရမီဖြည့်စဉ် အလောင်းတော်ဘဝတွေမှာ အကြိမ်ပေါင်းများစွာ ရဟန်းပြုခဲ့ပါတယ်။ ဒါပေမဲ့ ခု ရဟန်းပြုချင်စိတ်ပေါက်၊ ခု လူဝတ်ကြောင်ဘဝ စွန့်လွှတ်တာမျိုး မဟုတ်ပါဘူး။

ချက်ချင်း ရဟန်းပြုဖို့ အခြေအနေပေး၊ အချိန်အခါသင့်တဲ့ဘဝမျိုး ရောက်ရင် ချက်ချင်း ရဟန်းပြုပါတယ်။ မိဘကွယ်လွန်မှ ရဟန်းပြုသင့်တဲ့ဘဝမျိုး ရောက်ရင် မိဘကွယ်လွန်မှ ရဟန်းပြုပါတယ်။ သားသမီးတာဝန်၊ ဆွေမျိုးတာဝန်၊ တိုင်းသူပြည်သားတာဝန်တွေ ကျေပွန်အောင် ထမ်းဆောင်ပြီးမှ ရဟန်းပြုသင့်တဲ့ဘဝမျိုး ရောက်ရင် ကိုယ့်ဆိုင်ရာ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပြီးမှ ရဟန်းပြုပါတယ်။

ကောင်းတဲ့အလုပ်မှန်သမျှ ခု လုပ်ချင်စိတ်ပေါက်၊ ခု ချက်ချင်း ထလုပ်ရမယ်ဆိုတဲ့ စကားဟာ ယေဘုယျအနေနဲ့ ခြုံငုံပြီး ပြောတဲ့စကားပါ။ အလုပ်အမျိုးအစားပေါ် မူတည်



www.burmeseclassic.com

www.burmeseclassic.com

ပြီး အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျောညီထွေအောင် အံဝင်ခွင်ကျ လုပ်တတ်ဖို့ အရေးကြီးပါတယ်။ အချိန်ဆွဲသင့်တဲ့အလုပ် အချိန်ဆွဲရမှာပါပဲ။ အချိန်စောင့်သင့်တဲ့အလုပ် အချိန်စောင့်ရမှာပါပဲ။

အသေးစိတ် ကောက်ချက်ဆွဲပြနေရင် တရားရှည်နေမှာစိုးလို့၊ လိုရင်းမရောက်မှာစိုးလို့ ချန်လှပ်ထားခဲ့ပါမယ်။ ကိုယ့်ဘာသာကိုယ်ပဲ လေ့လာသုံးသပ်ကြည့်ပါ။

ကလေးတွေက တစ်နှစ်၊ နှစ်နှစ်၊ သုံးလေးငါးနှစ်ပဲ ရှိသေးတယ်။ ကိုယ်က ဘုန်းကြီး အပြီးဝတ်တော့မယ် ဆိုတော့ ဇနီးသည်က ကလေးတွေနဲ့ ဒုက္ခမရောက်ဘူးလား။ ရောက်မှာ။ တချို့ဆိုရင် ဘုန်းကြီးဝတ်မှကို မဟုတ်ဘူး။ မဝတ်သေးဘဲနဲ့ကို ဒုက္ခရောက်နေတာတွေ အများကြီး။

ရိပ်သာက ထွက်လာ၊ လောကီကိစ္စတွေ စိတ်မဝင်စားတော့ဘူးဆိုပြီးတော့ ဘုရားသွားပြီး တစ်နေ့လုံး တရားထိုင်၊ ထဲသွားပြီးတော့ တစ်နေ့လုံး တရားထိုင်။ အိမ်ကို လုံးဝကပ်တော့ဘူး။ အိမ်အလုပ်တွေ ဘာမှ မလုပ်တော့ဘူး။ ...ွားရေးတွေလည်း ဘာမှ မကူညီတော့ဘူး။ ဈေးဆိုင်တွေ ...ားတဲ့သူဆိုရင်လည်း ဆိုင်မထိုင်တော့ဘူး။ နေ့တိုင်း ...ရားအားထုတ်နေတာ။ ကောင်းရဲ့လား။

တရားအားထုတ်တယ်လို့ ခေါ်နိုင်ပါ့မလား။ တရား

www.burmeseclassic.com

အားထုတ်တယ်ဆိုတာ တရားတဲ့ အားတွေ ထုတ်တာပါ။ ကိုယ့်စိတ်၊ ကိုယ့်နှလုံးသားထဲကနေ တရားတဲ့အားတွေထုတ်တာ၊ တစ်နည်းအားဖြင့် ကိုယ့်ရဲ့ ကိုယ်အပြုအမူ၊ နှုတ်အပြောအဆို၊ စိတ်အတွေးအကြံ လို့ခေါ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးကနေ တရားတဲ့အားတွေ ထုတ်ယူတာကို တရားအားထုတ်တယ်လို့ ခေါ်ပါတယ်။

မိန်းမ ယူထားတယ်၊ ကလေးတွေလည်း မွေးထားတယ်။ သူတို့ရဲ့ တာဝန်ကို ကျေအောင် မထမ်းဆောင်နိုင်ဘူးဆိုရင် တရားအားထုတ်တာလား။ မတရားအားထုတ်တာလား။ မတရား အားထုတ်နေတာနော်။ တရားရဖို့ မလွယ်ပါဘူး။

ယူထားတဲ့ မိန်းမအပေါ်မှာ တာဝန်ကျေပွန်အောင် လုပ်ပေးတာကိုက စာရိတ္တသီလ။ မွေးထားတဲ့ သားသမီးတွေအပေါ်မှာ မေတ္တာစေတနာနဲ့ တာဝန်ကျေပွန်အောင် ထမ်းဆောင်နေတာကိုက စာရိတ္တသီလ။

သီလက နှစ်မျိုးရှိပါတယ်။ စာရိတ္တသီလရယ်၊ ဝါရိတ္တသီလရယ် ဆိုပြီးတော့ပေါ့။ ဝါရိတ္တသီလ ဆိုတာက ရှောင်သီလ၊ စာရိတ္တသီလ ဆိုတာက ဆောင်သီလ။

ငါးပါးသီလကျတော့ ရှောင်ရမယ့်အရာတွေကိုရှောင်တာမို့လို့ 'ရှောင်သီလ' လို့ ခေါ်တာပေါ့။ မိဘက သားသမီး



www.burmeseclassic.com

www.burmeseclassic.com

အပေါ်မှာ မိဘတာဝန် ကျေပွန်အောင် လုပ်ပေးတာကျတော့ ကိုယ့်ကျင့်ဆောင်ရမယ့် တရားတွေကို ကျင့်ဆောင်တာမို့လို့ 'ဆောင်သီလ' လို့ ခေါ်ပါတယ်။

အဲဒီတော့ ရိပ်သာဝင်လို့ တရားသဘောတွေ နားလည်လာပြီ ဆိုလို့ရှိရင် နဂိုကတာဝန်မကျေခဲ့တောင်မှ ရိပ်သာက ထွက်လာပြီးရင် တာဝန်ကျေရမှာ။ နဂိုက မေတ္တာစေတနာနဲ့ မဆက်ဆံခဲ့မိတဲ့ ဇနီးမယား သို့မဟုတ်၊ ခင်ပွန်းသည်ကို မေတ္တာနဲ့တောင် ဆက်ဆံရဦးမှာ။

နဂိုက သားသမီးတွေအပေါ် ဘာသိဘာသာ လျစ်လျူရှုထားမိတယ်။ ပိုက်ဆံထုတ်ပေးရင် မေတ္တာရှိတယ်၊ တာဝန်ကျေတယ် လို့ ထင်ခဲ့မိတယ်။

တရားတွေ အားထုတ်လာတော့မှ အတွင်းစိတ်ရဲ့ သဘောတရားတွေကို နားလည်လာတယ်၊ နာကြားခဲ့တဲ့ တရားတွေနဲ့ ဓမ္မမိတ်ဆွေအချင်းချင်း ပြောခဲ့တဲ့ တရားစကားလေးတွေရဲ့ အဓိပ္ပာယ်တွေကို သဘောပေါက်လာတယ်။ အိမ်ပြန်ရောက်လာရင် ခါတိုင်းထက် သားသမီးတွေအပေါ် မေတ္တာတွေ တိုးရမှာပါ။ အကြင်နာတွေ၊ ဂရုစိုက်မှုတွေ ပိုပေးရမှာပါ။ ဒါမှ တရားအားထုတ်တယ်လို့ ခေါ်ပါတယ်။

ရိပ်သာကလည်း ပြန်လာရော အိမ်က မှုတွေကို



www.burmeseclassic.com

www.burmeseclassic.com

စကားမပြောချင်၊ အဖက်မလုပ်ချင်။ သူတို့က အောက်တန်းကျတယ်၊ ဘာတရားမှ မရှိဘူး။ အပျော်အပါးနဲ့ အချိန်ဖြုန်းနေတဲ့ လူတွေ၊ ငါကမှ တရားသမား။

အဲဒါဆိုရင်တော့ တရားအားထုတ်တာ ဟုတ်သေးရဲ့လား။ မာနကြီး တစ်ခွဲသား ဖြစ်နေပြီလေ။ တစ်ခွဲသားတောင်မကဘူး။ တစ်တင်းလောက်တောင် ရှိနေပြီနော်။ မာနဆိုတာ တရားတဲ့အားမှ မဟုတ်ဘဲ၊ မတရားတဲ့အား။

■



www.burmeseclassic.com

www.burmeseclassic.com

# မပစ်သာသေးရင် မေတ္တာလေးနဲ့ ချစ်ပါဦး

ခုနက ချစ်တဲ့သူနဲ့ ဝေးလေကောင်းလေ ဆိုတာ သဘောတရားအရ၊ တရားသဘောအရကတော့ မှန်ပါတယ်။ စွန့်တာကတော့ စွန့်ရမှာချည်းပါပဲ။ ဒါပေမဲ့ အခုချက်ချင်း အပြတ်စွန့်တာ မစွန့်တာကတော့ အခြေအနေ၊ အချိန်အခါနဲ့ ပုဂ္ဂိုလ်အပေါ်မှာ မူတည်ပါတယ်။

သားသမီးတွေက ဆယ့်ခြောက်နှစ်၊ အနှစ်နှစ်ဆယ်။ ဒါမှမဟုတ်လည်း အရွယ်ရောက်ပြီ၊ ဘွဲ့တွေ ဘာတွေ ရပြီးပြီ၊ ကိုယ့်အလုပ်အကိုင်နဲ့ကိုယ် စီးပွားရေးတွေ လုပ်နေနိုင်ပြီ၊ ကိုယ်မျက်နှာလွှဲလို့ ရပြီဆိုတဲ့ အခြေအနေရောက်မှ ဝတ်ရင်တော့ တာဝန်ကျေပြီးမှ ဝတ်တာဖြစ်လို့ ဘာမှ ပြောစရာ မရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ခုနက မြတ်စွာဘုရားလောင်း တောထွက်တဲ့အခါမှာ မိန်းမနဲ့ သားသမီးကို ပစ်ထားခဲ့တယ်ဆိုပေမယ့် ဇနီးမယား မိဖုရားကြီးက နန်းတော်မှာ မျက်နှာငယ်ရရဲ့လား။ မငယ်ရဘူး။ အစစအရာရာ ပြည့်ပြည့်စုံစုံပါ။ မောင်တော် တောထွက်သွားလို့ ဆိုပြီးတော့ ပိုပြီးတော့တောင် စောင့်ရှောက်ကြပါသေးတယ်။ သားလေး မွေးမွေးချင်း ပစ်ထားခဲ့တယ်ဆိုပေမယ့် စားဝတ်နေရေးအတွက် ပူပန်စရာ လိုသေးရဲ့လား။ မပူပန်ရဘူး။

ကိုယ်တောထွက်မယ်၊ ကိုယ်ဘုန်းကြီးဝတ်မယ် ဆိုရင် စဉ်းစားပါ။ ငါ့မိန်းမအတွက် ဘယ်လောက် ပြည့်စုံအောင် စီစဉ်ပေးခဲ့ပြီးပြီလဲ။ ငါ့သားသမီးတွေအတွက် ဘယ်လောက် ပြည့်စုံအောင် ဖန်တီးပေးခဲ့ပြီးပြီလဲ။

ပစ္စည်းဥစ္စာအနေနဲ့ ဘယ်လောက်ပဲ ပြည့်စုံအောင် စီစဉ်ပေးပေး၊ မေတ္တာအကြင်နာတရားကတော့ ဘယ်လိုလုပ် စီစဉ်ပေးလို့ ရတော့မလဲ။ ဘုန်းကြီးဝတ်ပြီးတော့ ကလေး ချီထားလို့ ရပါဦးမလား။ မရဘူး။ လသားလေးတွေတို့၊ နှစ်သားလေးတွေတို့ဆိုတာ မိခင်ဖခင်နဲ့ ရင်အုပ်မကွာ ကြင်ကြင်နာနာ ယုယုယယကို ထားရမှာ။

ရိပ်သာက ထွက်လာပြီးတော့ ကိုယ့်သားသမီးကို မခိုတော့ဘူး၊ မပွေ့တော့ဘူး၊ မနမ်းတော့ဘူးလို့ လုပ်စရာ မလို



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ မေတ္တာတရားရဲ့ သင်္ကေတအဖြစ်နဲ့ သားသမီးတွေကို ချီနိုင်၊ ပွေ့နိုင်၊ နမ်းရှုပ်နိုင်ပါတယ်။

သားသမီးတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုတွေရှိအောင်၊ နွေးထွေးလုံခြုံမှုရအောင်၊ ရဲရင့်ထက်မြက်မှုတွေ ပြည့်စုံအောင် . . . မိဘအနေနဲ့ သားသမီးအပေါ် မေတ္တာ အကြင်နာက ပေးကိုပေးရမှာ။

ရိပ်သာမဝင်ခင်၊ တရားအားမထုတ်ခင် အရင်တုန်းက သားသမီးကို တဏှာနဲ့ နမ်းချင် နမ်းမယ်။ ရိပ်သာက ထွက်လာပြီး၊ တရားသဘောတွေ နားလည်လာတယ် ဆိုရင်တော့ သားလေး စိတ်ချမ်းသာပါစေ၊ သားလေး စိတ်ဓာတ်အင်အားတွေ ပြည့်စုံပါစေ၊ သားလေး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါစေဆိုတဲ့ . . . သူ့အကျိုးကို လိုလားတဲ့ မေတ္တာနဲ့ နမ်းတာလေးပဲ ဖြစ်တော့မှာပေါ့။

နမ်းတိုင်းလည်းပဲ တဏှာလို့တော့ ပြောလို့မရဘူး [illegible] အရှင်သာရိပုတ္တရာတို့၊ အရှင်မဟာမောဂ္ဂလ္လာန်တို့ [illegible] ပရိနိဗ္ဗာန်စံခါနီးတုန်းက မြတ်စွာဘုရားရဲ့ ခြေတော်[illegible] အားရပါးရ နမ်းရှုပ်၊ ခြေချောင်းလေးတွေကိုတောင်မှ [illegible]နဲ့ စုပ်ပြီးတော့ နှုတ်ဆက်သွားခဲ့သေးတာပါပဲ။

ရဟန္တာတွေဆိုတော့ တဏှာ ဘယ်ရှိပါတော့မလဲ။ [illegible]အရှင်မြတ်တွေ ပရိနိဗ္ဗာန်စံခါနီး မြတ်စွာဘုရားကို



www.burmeseclassic.com

www.burmeseclassic.com

နမ်းတာ တဏှာနဲ့ နမ်းတာ မဟုတ်ပါဘူး၊ မေတ္တာနဲ့ နမ်းတာ ပါ။

အဲဒီလိုအားဖြင့်ပေါ့လေ။ 'ဝေးလေကောင်းလေ' လို့ ပြောလိုက်တာနဲ့ပဲ အဓိပ္ပာယ်တလွဲတော့ မကောက်ကြနဲ့ ပေါ့ . . . နော်။ စကားပြန်ကောက်ရမယ်ဆိုရင် ချစ်တဲ့သူနဲ့ မုန်းတဲ့သူ ဘယ်သူ့ကြောင့် ဒုက္ခရောက်ရတာများလဲ။ ချစ်တဲ့ သူ့ကြောင့် ဒုက္ခရောက်ရတာများတယ်။ ဒါဆိုရင် ဝေးလေ ကောင်းလေဆိုတာ ဘယ်သူနဲ့ ဝေးလေကောင်းလေတုံး။

'ချစ်တဲ့သူနဲ့ ဝေးလေကောင်းလေပါဘုရား'

ဒါဖြင့် ဒီတရားပွဲက ပြန်သွားရင် ချစ်တဲ့သူတွေကို စွန့်တော့မယ်ပေါ့။ အခြေအနေအရပဲလား။ နောက်အနှစ် သုံးဆယ်လောက်ကျမှ စွန့်ချင်လည်း စွန့်ပေါ့။

ချစ်တဲ့သူ သူ့ကို စွန့်ရမှာလား။ သူ့အပေါ်မှာ ချစ်နေ တဲ့ စိတ်ကို စွန့်ရမှာလား။ သူ့အပေါ်မှာ ချစ်နေတဲ့ စိတ်ကို စွန့်ရမှာ။ ဒီလိုဆိုတော့ သဘောကျသွားတာပေါ့။ သူ့ကိုမှ မစွန့်ချင်တာကိုး။

သူဆိုတာ သူချည်းပဲဆိုရင် ဘာမှမဟုတ်ပါဘူး။ သူ ဟာ သူပါပဲ။ ကိုယ်က သူ့ကို ချစ်လိုက်လို့ ချစ်တဲ့သူ ဆိုပြီး တော့ ဖြစ်သွားတာ။ ကိုယ့်ရဲ့ နှလုံးသားထဲမှာရှိတဲ့ ချစ်တတ် တဲ့ စိတ်ကလေး၊ ချစ်တဲ့သဘောလေးကို စွန့်လိုက်မယ်ဆိုရင်

www.burmeseclassic.com

ချစ်တဲ့သူနဲ့ နီးတဲ့ဒုက္ခဆိုတာ ရှိပါဦးမလား။မရှိတော့ပါဘူး။

အဲဒီလိုဆိုတော့ 'သွား၊ ငါ့ကို စကားလာမပြောနဲ့။ နင့်ကို ငါမချစ်တော့ဘူး' လို့ ဒီလိုပြောရမှာ မဟုတ်တော့ဘူး။ ပါးစပ်က ပြောစရာ မလိုဘူး။ ကိုယ့်စိတ်ထဲကလည်း မချစ်တော့ဘူး ဆိုတဲ့စိတ် မွေးရမှာ မဟုတ်ဘူး။ တဏှာ ဆိုတဲ့ အချစ်ဓာတ်ကိုတော့ လျှော့ရမှာပေါ့။

ဒါပေမဲ့ ကိုယ်နဲ့ နေ့စဉ် ထိတွေ့နေတဲ့ မိဘတွေ၊ မောင်နှမတွေ၊ ဆွေမျိုးမိတ်ဆွေတွေ၊ သားသမီးတွေ၊ တူ၊ တူမတွေအပေါ်မှာ မေတ္တာနဲ့ကတော့ ခါတိုင်းထက်တောင် ပိုချစ်ရမှာပါ။ တဏှာနဲ့တော့ မချစ်နဲ့တော့ပေါ့နော်။

ဒါက ကိုယ်က ချစ်ရတဲ့သူကို ပြောတာ။

■



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ခံရတာလား၊ အခြစ်ခံရတာလား

ကိုယ့်ကို ချစ်တဲ့သူနဲ့ရော ဝေးရတာ ကောင်းလား၊ နီးရတာ ကောင်းလား။ ချစ်သူဆိုတာ နှစ်မျိုးရှိတယ်နော်။ ကိုယ်က ချစ်သူနဲ့ ကိုယ့်ကိုချစ်သူ။ အဲဒီတော့ ကိုယ့်ကိုချစ်တဲ့သူနဲ့ နီးရတာ ကောင်းလား၊ ဝေးရတာ ကောင်းလား။

နီးရတာ ကောင်းတယ် ဟုတ်လား။ ကိုယ်ကချစ်ရတဲ့သူနဲ့ကျတော့ ဝေးလေးကောင်းလေတဲ့။ ကိုယ့်ကို ချစ်တဲ့သူနဲ့ကျတော့ နီးလေကောင်းလေဆိုတော့ ကြည့်ရတာ ဝေးတစ်လှည့် နီးတစ်လှည့် နေချင်ပုံပေါ်ပါတယ်။ ခရီးထွက်ရင်တော့ ဝေးပေါ့လေ၊ ခရီးမထွက်ရင်တော့ နီးပေါ့ ဟုတ်လား။

တကယ်တော့ လောကကြီးမှာ ကိုယ်ကချစ်ရတယ် ဆိုတာလည်း ဒုက္ခပဲ။ ကိုယ့်ကိုချစ်လို့ ကိုယ်က သူတစ်ပါးရဲ့



www.burmeseclassic.com

www.burmeseclassic.com

အချစ်ကို ခံရတယ်ဆိုတာလည်း ဒုက္ခပဲ။ အချစ်ခံရတာ ဒုက္ခလို့တော့ မမြင်ပါဘူးနော်။

လူပျိုတစ်ယောက် အိမ်ထောင်ကျသွားတယ်ပဲ ဆိုကြပါစို့။ လူပျိုဘဝတုန်းကတော့ သွားချင်တဲ့အချိန်သွား၊ ပြန်ချင်တဲ့အချိန်ပြန်၊ လွတ်လွတ်လပ်လပ် ကိုယ်နေချင်သလိုနေလို့ရတယ်။

အိမ်ထောင်ကျသွားပြီဆိုတော့ ညနေငါးနာရီဆို အိမ်ပြန်လာခဲ့ရမယ်နော်။ ခြောက်နာရီဆို အိမ်အရောက် ပြန်လာရမယ်နော်။ ခြောက်နာရီမှ ပြန်မလာလို့ကတော့ အကြောင်းသိမယ်ဆိုရင် သွားချင်တိုင်းသွားလို့ ရသေးလား။ ပြန်ချင်တိုင်းပြန်လို့ ရသေးလား။ မရတော့ဘူး။

ဒါဖြင့် ကိုယ့်ကို အချစ်ခံရတာလည်း သုခလား၊ ဒုက္ခလား။ ဒုက္ခပဲ။ ကိုယ့်ကို ချစ်တဲ့သူကလည်း ကိုယ့်ကို နှောင်ဖွဲ့တာ။ လူပျိုဘဝတုန်းကလို လွတ်လွတ်လပ်လပ် သွားလို့မရတော့ဘူး။ ဒါက နားလည်လွယ်ဖို့ ဥပမာပေးတာပါ။ ကျန်တာတွေတော့ ကိုယ့်ဘာသာကိုယ် ဉာဏ်နဲ့ ချဲ့ထွင်ပြီးတော့ တွေးစားကြည့်ပေါ့။

ကိုယ့်ကို ချစ်တဲ့သူက မနက်အိပ်ရာထ မျက်နှာမသစ်ရသေးဘူး၊ သွားမတိုက်ရသေးဘူး၊ အာပုပ်စော်က နံလို့။ ကိုယ်က မျက်နှာသစ်ပြီးသား၊ သွားတိုက်ပြီးသား၊ အနံ့လို့။

www.burmeseclassic.com

ဟိုကချစ်လို့ ဆိုပြီးတော့ လာနမ်းတော့ ဘယ့်နှယ်လုပ်မတုံး။ ကဲ အချစ်ခံရတာ သုခလား၊ ဒုက္ခလား။ ဒုက္ခပဲ။

အဲဒီတော့ ကိုယ်က ချစ်ရတဲ့သူနဲ့လည်း ဝေးလေ ကောင်းလေပါပဲ။ ကိုယ့်ကို ချစ်တဲ့သူနဲ့လည်း ဝေးလေ ကောင်းလေပါပဲ။ ကိုယ့်ဘာသာကိုယ် ဉာဏ်နဲ့ ခွဲ့ထွင်ပြီး တော့ ရှေ့ဆက်တွေးနော်။

ဝေးလေကောင်းလေဆိုတဲ့ စကားလုံးလေး မြင်လိုက် တာနဲ့၊ ဒီတရားစကားလေး ကြားလိုက်တာနဲ့ ကိုယ့်ဘဝနဲ့ ကိုယ်ပဲ ယှဉ်တွဲပြီး တွေးပါတယ်။ သူများဟောရလို့ သူများ ဘဝ နည်းနည်းလေး ဖြန့်ကြည့်ပြီးတော့ ဥပမာလေးတွေ ပေးပြီးတော့ ရှင်းနေရတာ။

အမှန်က တရားဆိုတာ ကိုယ့်ရဲ့ လက်တွေ့ဘဝ အတွေ့အကြုံ၊ လက်တွေ့ဘဝ ခံစားချက်တွေနဲ့ နှိုင်းယှဉ်ပြီး တော့ စဉ်းစားရတာပါ။ စာထဲပါတာကို ပါတဲ့အတိုင်း၊ သူ များပြောတာကို ပြောတဲ့အတိုင်း အတုံးလိုက်အတစ်လိုက် ကြီး နှလုံးသွင်းရတာ မဟုတ်ပါဘူး။

အတုံးလိုက်အတစ်လိုက် ဖတ်ရ၊ နာရတဲ့ သဘော တရားလေးကိုပဲ ကိုယ့်ရဲ့ လက်တွေ့ဘဝထဲက အဖြစ် အပျက်ကလေးတွေ၊ ကိုယ့်ရဲ့ လက်တွေ့ဘဝထဲက ခံစား ချက်ကလေးတွေ၊ ကိုယ့်ရဲ့ လက်တွေ့ဘဝထဲက အတွေ့

www.burmeseclassic.com

အကြိုကလေးတွေနဲ့ စုပေါင်းနိုင်းယှဉ် ဆက်စပ်ပြီးတော့ ဆင်ခြင်ရတာပါ။ ဒါမှ ကိုယ်ဖတ်ထား၊ နာထားတဲ့ တရားတွေကို ကိုယ့်ရဲ့ လက်တွေ့ဘဝထဲမှာ အသုံးချလို့ ရမှာပေါ့။

ချစ်တဲ့သူ မုန်းတဲ့သူ ဆိုတာကတော့ အခု တရားနာ ပရိသတ်များအတွက် ပြောလိုက်တာပေါ့။ ဦးဇင်းတို့ ရဟန်းတော်များအနေနဲ့ ပြောမယ်ဆိုရင်လည်း ကိုယ့်ကို ကြည်ညိုတဲ့သူတွေနဲ့ ဝေးလေကောင်းလေလား၊ မကြည်ညိုတဲ့သူတွေနဲ့ ဝေးလေကောင်းလေလား။

ကိုယ့်ကို မကြည်ညိုတဲ့သူတွေနဲ့ ကြည်ညိုတဲ့သူတွေ၊ ဘယ်သူတွေက ဒုက္ခပိုပေးတုံး။ ကြည်ညိုတဲ့သူတွေက ဒုက္ခပိုပေးတယ်။ ဒါဖြင့် ဒီယောဂီတို့က ဦးဇင်းကို ကြည်ညိုတဲ့ သူတွေလား၊ မကြည်ညိုတဲ့သူတွေလား။ ကြည်ညိုတဲ့သူတွေ။ ဒါဖြင့် ဒုက္ခပေးတဲ့သူတွေပေါ့။

ကိုယ့်ကို မကြည်ညိုတဲ့သူ၊ ကိုယ့်ကို အသိအမှတ်မပြုတဲ့သူကတော့ ကိုယ့်ဆီကို လာကိုမလာဘူး။ လာကို မလာတော့ သူတို့နဲ့ တွေ့ရတဲ့ ဒုက္ခရော ရှိသေးလား။ မရှိတော့ဘူး။ သူတို့နဲ့ စကားပြောရတဲ့ ဒုက္ခရော ရှိသေးလား။ မရှိတော့ဘူးနော်။

ကြည်ညိုတဲ့သူက လာတာလား၊ မကြည်ညိုတဲ့သူက လာတာလား။ ကြည်ညိုတဲ့သူက လာတာ။ ကြည်ညိုတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

က လာတော့ တွေ့ရတဲ့ဒုက္ခ ရှိတာပေါ့။ စကားပြောရတဲ့ ဒုက္ခ၊ တရားဟောရတဲ့ ဒုက္ခတွေလည်း ရှိတာပေါ့။

ဒကာတစ်ယောက်က မေးတယ်။ ဦးဇင်းကြည့်ရတာ အမြဲတမ်း စိတ်ချမ်းသာနေတဲ့ပုံပဲတဲ့။ အရှင်ဘုရားမှာ စိတ်ညစ်တဲ့အချိန်ဆိုတာ မရှိဘူးထင်တယ်တဲ့။ အခု ယောဂီတို့ရော ဘယ်လိုထင်တုံး။ ဦးဇင်းမှာ စိတ်ညစ်တဲ့အချိန် ရှိမယ်ထင်လား။

ပြောတော့ မပြောချင်ပါဘူး၊ အားနာလို့။ စိတ်တော့ မဆိုးနဲ့နော်။ ပြန်ပြောပြဖို့တော့ တော်တော်ခက်လိမ့်မယ် ထင်ပါရဲ့။ ဦးဇင်းမှာ စိတ်ညစ်တဲ့အချိန် ရှိပါတယ်။ ဘယ်အချိန်လဲဆိုတော့ ညှော်ချိန်မဟုတ်ဘဲနဲ့ ညှော်သည်လာတဲ့ အချိန်ပါပဲ။ အဲဒီအချိန် အရမ်းစိတ်ညစ်တာပဲ။

■



www.burmeseclassic.com

www.burmeseclassic.com

# အချိန်သူခိုးသည် ဘဝ၏ရန်သူဖြစ်သည်

ရဟန်းရယ်လို့ ဖြစ်လာမှတော့ ဧည့်သည်ဆိုတာ တွေ့ရမှာပေါ့လေ။ မတွေ့လို့ကလည်း မဖြစ်ဘဲကိုး။ ကြည်ညိုလို့ လာကြတယ်။ တရားစကားလေးတွေ လျှောက်ထားချင်လို့ လာကြတယ်။ ဖူးချင်, လှူချင်လို့ လာကြတယ်။

အဲဒီလို လာချင်တဲ့သူတွေအတွက် ဧည့်ချိန် သတ်မှတ်ပြီးသားပါ။ နေ့လယ် ၁၂-နာရီ ကနေ ၁-နာရီအထိ။ ဒါက ရန်ကုန်မှာပေါ့။ တောင်ပေါ်မှာတော့ ၁၂-နာရီကနေ ၁၂-နာရီ ခွဲလို့တော့ ရေးထားတာပေါ့လေ။ အဲဒီလို ရေးထားမှ တန်ကာကျမှာ။ တစ်နာရီထိလို့ သွားရေးထားလိုက်ရင် အချိန်ပိုတွေ ဘာတွေနဲ့ တစ်နာရီခွဲလောက် ရောက်သွားမှာနော်။ ၁၂-နာရီခွဲအထိလို့ ရေးထားပါမှ စကားအရှိန်



www.burmeseclassic.com

www.burmeseclassic.com

မပျက်ရင်၊ ဒါမှမဟုတ် နောက်ကျမှ ဧည့်သည်ထပ်ရောက်လာရင် တစ်နာရီအကိုက်လောက် သွားကျမှာ။

ရန်ကုန်မှာကတော့ ၁၂-နာရီကနေ ၁-နာရီ သတ်မှတ်ပေးထားတာပေါ့လေ။ ဒါတောင် မလွဲမရှောင်သာ စကားဆက်ပြောရနေရတာတို့၊ ဧည့်ခန်းထဲကနေ ထွက်မယ်လုပ်မှ ဧည့်သည် ထပ်ရောက်လာတာတို့ ၁-နာရီခွဲ ၂-နာရီ ဖြစ်သွားတာ များပါတယ်။

အဲဒီလို ဧည့်ချိန်မှာ လာတွေ့တာမျိုး မဟုတ်ဘဲနဲ့ အလုပ်ချိန်မှာ လာတွေ့တဲ့အခါကျတော့ ကိုယ့်အလုပ်ပျက်တာပေါ့။ စိတ်ညစ်တယ်ဆိုတာက အလိုက်ကမ်းဆိုး မသိလို့ လာတဲ့သူအပေါ်မှာ မုန်းတီးတဲ့စိတ်နဲ့ စိတ်ညစ်တာ မဟုတ်ပါဘူး။ ကိုယ့်အလုပ်ပျက်တော့မှာပဲ ဆိုပြီးတော့ စိတ်ညစ်တာပါ။

ဧည့်ချိန်မဟုတ်ဘဲ ဧည့်သည်တွေ တောင်ပေါ် တက်လာလို့ အပြင်က ကျွတ်ကျွတ်ကျွတ်ကျွတ် အသံကြားပြီဆိုရင်ပဲ ကျောင်းထဲကနေ စိတ်ညစ်နေတာနော်။ အကြာကြီးတော့ စိတ်မညစ်ပါဘူး။ ဖျတ်ခနဲဆိုသလိုပေါ့။ 'ဒုက္ခပါပဲ၊ စာအုပ်က ရှာမတွေ့ရတဲ့အထဲ ဧည့်သည်ကလည်း လာပြန်ပြီ'။ တစ်ခါတစ်ရံကျတော့ စာအုပ်လိုက်ရှာနေရတာလေ။ ကိုယ်ရှာတဲ့ စာအုပ်က မတွေ့သေးဘူး။ ဧည့်သည်ကလာ။

www.burmeseclassic.com

ညွှန့်သည်ကလည်း ၁၂-နာရီအထိ မစောင့်နိုင်ဘူး။ ချက်ချင်း တွေ့ချင်တယ်။ 'ခဏလေးပါဘုရား၊ ဖူးရုံပါပဲ'။ ဖူးရုံပါပဲနဲ့ လေကြောရှည်နေတာ တစ်နာရီလောက် ကြာသွားရော။ စာအုပ်ရှာမရတဲ့အထဲ ညွှန့်သည်ကလာ၊ စိတ်က ညစ်။

တစ်ခါတစ်ရံကျတော့ အတွေးကောင်းပြီး စာက ရေးလို့ ကောင်းနေတုန်း ညွှန့်သည်ကလာဆိုတော့ ရုတ်တရက် စိတ်ညစ်သွားတာပဲ။ စာရေးတဲ့အရှိန် ပျက်တော့မှာကိုး။ တစ်ခါတစ်ရံကျတော့ အရှိန်ပျက်ရုံတွင် မကဘူး၊ လုံးဝ မရေး ဖြစ်တော့ဘူး။

နောက်တော့လည်း ယောနိသော မနသိကာရနဲ့ ပြန်ပြီးတော့ နှလုံးသွင်းရတာပေါ့။ သူတို့လည်းပဲ တမင် နှောင့်ယှက်ချင်လို့၊ တမင် ဒုက္ခပေးချင်လို့ လာတာမှ မဟုတ်ဘဲ။ တမင် အလုပ်ပျက်အောင် ဖျက်ချင်လို့ လာတာမှ မဟုတ်ဘဲ။ တွေ့ချင်လို့ လာတာပဲ။ ဖူးချင်လို့ လာတာပဲ။ လျှောက်ထားစရာလေးရှိလို့ လာတာပဲ ဆိုပြီးတော့ ယောနိသော မနသိကာရနဲ့ အသင့်အတင့် နှလုံးသွင်းရပါတယ်။

စိတ်ညစ်တယ် ဆိုတာကလည်း အမှန်ကတော့ ဒေါသပါပဲ။ ဟိုလို ဝုန်းဒိုင်းကြဲ ပေါက်ကွဲနေမှ ဒေါသမဟုတ်ဘူး။ မကျေနပ်တဲ့ သဘောလေး၊ အလိုမကျတဲ့ သဘော



www.burmeseclassic.com

www.burmeseclassic.com

လေး ဖြစ်သွားတယ်ဆိုရင်လည်း ဒါ ဒေါသပါပဲ။ ကြော် . . . ငါ့စိတ်မှာ ဒေါသလေး ဖြစ်နေပါလား တန်းသိပြီးတော့ အဲဒီ ဒေါသလေးကို ရှုမှတ်ပြီးတော့ ပယ်နိုင်အောင် ကြိုးစားရတာပေါ့။

ဖြစ်လာတဲ့အခြေအနေကို အသင့်အတင့် နှလုံးသွင်းပြီးတော့လည်း ဒေါသကို ပယ်ရပါတယ်။ ဖြစ်နေတဲ့ ဒေါသကို တည့်တည့် ရှုမှတ်ပြီးတော့လည်း ဒေါသကို ပယ်ရပါတယ်။ နားလည်လွယ်အောင် ပြောရင်တော့ စိတ်ညစ်ရင် စိတ်ညစ်တယ်၊ စိတ်တိုရင် စိတ်တိုတယ် ရှုမှတ်ရမှာပေါ့။

အဲဒီတော့ ဦးဇင်းတို့မှာလည်း စိတ်ညစ်တဲ့အချိန်ဆိုတာ ရှိပါတယ်။ ဦးဇင်းတို့လည်း တစ်ခါတစ်ရံ စိတ်ညစ်တတ်ပါတယ်။ စိတ်ညစ်တဲ့သဘော၊ စိတ်တိုတဲ့သဘောလေး တစ်ခါတစ်ရံ ဖြစ်တာပါပဲ။ ဒါ ပွင့်ပွင့်လင်းလင်း ဝန်ခံရတာပေါ့။ နို့မဟုတ်ရင် ဦးဇင်းကို စိတ်မညစ်တတ်ဘူး၊ စိတ်မတိုတတ်ဘူးဆိုပြီး သိပ်အထင်ကြီးနေမှာစိုးလို့၊ နည်းတော့ နည်းတာပေါ့နော်။

ဒါပေမဲ့ တကယ်ညော့်သည်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့လိုက်တဲ့အခါကျတော့လည်း မေတ္တာအပြည့်အားနဲ့ ပြောဆိုဆက်ဆံဖြစ်သွားပါတယ်။ ဧည့်သည် အလိုက်သိလေ ကိုယ်ဒုက္ခရောက်လေပဲ။ အမှန်ကတော့ အလိုက်သိတဲ့သူနဲ့

www.burmeseclassic.com

အလိုက်မသိတဲ့သူ အလိုက်သိတဲ့သူက ပိုပြီးတော့ ဒုက္ခပေးတာ။

အရှင်ဘုရား တပည့်တော် ပြန်ပါတော့မယ် ဆိုမှ ကိုယ်က ပြောချင်တာ။ လောကကြီးက မလိုချင်မှ ရတယ် ဆိုတာ တကယ်မှန်တယ်။ 'အရှင်ဘုရား အနှောင့်အယှက် ဖြစ်နေမယ်၊ ဖူးရရင်ပဲ ကျေနပ်ပါပြီ' ဆိုရင် ကိုယ်က 'နေပါဦး' ဆိုပြီးတော့ တရားစကားလေး ပြောလိုက်။ ဘာစာအုပ်တွေ ဖတ်ပြီးပြီလဲ၊ စာအုပ်တွေ ယူသွားပါဦး ဆိုပြီးတော့ တစ်အုပ်တောင် မကဘူး။ နှစ်အုပ်သုံးအုပ် လျှပစ်လိုက်တာ။

မလွှဲမရှောင်သာလွန်းတဲ့ ဧည့်သည်ကလွဲရင် ဧည့်ချိန်ပြင်ပမှာ ဘယ်သူ့ကိုမှ ကျောင်းဆောင်အတွင်း ဝင်ခွင့်မပေးပါဘူး။ ပြတင်းပေါက်ကနေပဲ ထောင်ဝင်စာ တွေ့သလို တွေ့လိုက်ပါတယ်။ သံပန်းခြားထားတာဆိုတော့ ထောင်ဝင်စာတွေ့သလို ဖြစ်နေတာကိုး။

သက်နီးတို့ ဘာတို့ ကပ်စရာရှိရင်လည်း အပြင်ကနေပဲ မတ်တတ်ရပ်ပြီး သံပန်းကြားထဲကနေ ကပ်ခိုင်းလိုက်ပါတယ်။ ဦးဇင်းကလည်း ပေးစရာရှိတဲ့ စာအုပ်ကို သံပန်းကြားထဲကနေပဲ ပေးလိုက်ပါတယ်။

လျှောက်စရာ ရှိသေးလား မေးကြည့်ပြီး ရှိတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com

ရင်လည်း တိုတိုတုတ်တုတ်ဆိုရင် ချက်ချင်းလျှောက်ခိုင်း၊ အေးအေးဆေးဆေး လျှောက်ချင်တယ်ဆိုရင် မွန်းတည့် ၁၂-နာရီအထိ စောင့်ခိုင်းထားရတာပေါ့။ လာသမျှ ဧည့်သည်ကို အချိန်မရွေး ကျောင်းထဲဝင်ခွင့်ပေးပြီး ထိုင်စကား ပြောနေလို့ကတော့ တစ်နေ့တစ်နေ့ ဘာအလုပ်မှကို ဟုတ်တိပတ်တိ လုပ်ဖြစ်မှာ မဟုတ်တော့ဘူး။

ဒါကြောင့် ကြည်ညိုလို့ တောင်ပေါ်ထိ အဝေးကြီး တကူးတက တက်လာတာကို ကျေးဇူးအများကြီးတင်ပါတယ်။ ဒါပေမဲ့ ဧည့်ချိန်လေးတော့ သတိပြုပါ၊ အလုပ်ချိန်လေးတော့ လေးစားပါ . . . လို့ အထူးမေတ္တာရပ်ခံပါရစေ။

'အချိန်သူခိုးသည် ဘဝ၏ ရန်သူဖြစ်သည်' ဆိုတဲ့ စာတန်းလေး ဆိုင်းဘုတ်ရေးပြီး ကျောင်းအဝင်ဝမှာ ချိတ်ဆွဲထားဦးမှပဲ လို့ ခဏခဏ စိတ်ကူးမိပါတယ်။ နှလုံးမသွင်း တတ်တဲ့သူတွေ 'ကြီးကျယ်လိုက်တာ' ဆိုပြီး အကုသိုလ်ပွားမှာစိုးလို့၊ မလွဲသာလို့ , အကြောင်းမသိလို့ ဧည့်ချိန်ပြင်ပမှာ ရောက်လာတဲ့သူတွေ စိတ်မကောင်းဖြစ်မှာစိုးလို့ ဒီနေ့ထိ တော့ မချိတ်ဖြစ်သေးပါဘူး။ တစ်နေ့နေ့တော့ ချိတ်ဖြစ်မလား မပြောတတ်ဘူး။

အဲဒီတော့ ကြည်ညိုတဲ့သူနဲ့ မကြည်ညိုတဲ့သူ ဘယ်သူက ပိုဒုက္ခပေးတုံး။ ကြည်ညိုတဲ့သူက ပိုဒုက္ခပေးတာ။



www.burmeseclassic.com

www.burmeseclassic.com

## လိုရင်းပြောပါ၊ အလိုက်သိပါ

ဟိုတစ်လောကပဲ ရန်ကုန်မှာ ဒကာမကြီးတစ်ယောက်က လျှောက်တယ်။ သူက လျှောက်ပြီဆိုတာနဲ့ ဩဝါဒလေး ပေးပါဦး။ တရားစကားလေးတွေ တစ်ခွန်း နှစ်ခွန်းလောက် ပြောပါဦးဆိုပြီးတော့ အတင်းတောင်းဆိုတာကိုး။

ဦးဇင်းက တရားပွဲတွေမှာလည်း ဟောနေတာပဲ။ စာအုပ်တွေမှာလည်း ရေးနေတာပဲ။ အထူးဩဝါဒ ပေးစရာမလိုဘူး၊ အထူးဆုံးမစရာ မလိုဘူး။ ညဉ့်ချိန်မှာ ဒကာ ဒကာမတွေ လျှောက်တာကိုပဲ နားထောင်နေရုံပဲ။ ဒါမှမဟုတ် ဒကာဒကာမတွေမေးတဲ့ မေးခွန်းတွေ ဖြေပေးရုံပါပဲ။

ဒကာဒကာမတွေ လျှောက်တဲ့အချက်၊ မေးတဲ့မေးခွန်းပေါ်မှာ မူတည်ပြီးတော့ အခြေအနေအရ တရားစကား



www.burmeseclassic.com

www.burmeseclassic.com

လေးတွေ ထည့်ပြောသွားမှာပေါ့။ တချို့ကျတော့လည်း အထူး မလျှောက်ပေမယ့် လာတဲ့လူကိုယ်တိုင်က ကိုယ်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းဖြစ်နေလို့ ပြောစရာအချက် အလက် ရှိနေတာမျိုးလည်း ရှိတာပေါ့။

တချို့ ဘာမှ ပတ်သက်မှုမရှိဘဲ ဒီအတိုင်းကြီး ရောက် လာ။ ဘာမှလည်း ပြောဆိုလျှောက်ထားခြင်း၊ မေးမြန်းခြင်း မရှိဘူး။ ကိုယ်ကလည်း ဘာမှ ပြောစရာမရှိဘူး။ ဘာမှ ပြော စရာမရှိလည်း အတင်းကို ပြောခိုင်းနေတာပဲ။

ပြောပါဦးဘုရား။ ဆုံးမပါဦးဘုရား။ မှတ်သားချင်လို့ ပါဘုရားနဲ့။ ဦးဇင်းကလည်း အကြောင်းအကျိုးလေး ရှင်းပြ ပါတယ်။ 'စာအုပ်တွေထဲ ရေးထားတာ ဩဝါဒတွေပါပဲ၊ တရားခွေတွေထဲ ဟောထားတာ ဩဝါဒတွေပါပဲ'။ ဘယ်လို ရှင်းပြပြ၊ မရဘူး။

အရှင်ဘုရား ဘာမှမပြောလည်း တပည့်တော်က ကြံကြိတ်သလို ကြိတ်ရမှာပဲတဲ့။ အရှင်ဘုရား ဘာမှမပြော ရင် ပြောအောင်လို့ ကြံဖန်ပြီးတော့ ဟိုမေးဒီမေး မေးရမှာပဲ ဆိုပြီးတော့ ဟိုဟာမေး ဒီဟာမေးပေါ့။

တကယ် သံသယရှိလို့ မရှင်းလင်းတဲ့အချက်တွေကို မေးတာကတော့ ကောင်းပါတယ်။ ဦးဇင်းတို့ကလည်း အဲလို မေးခွန်းလေးတွေကို ဖြေပေးနေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

တချို့ကျတော့ ကိုယ်သံသယဖြစ်နေလို့ မေးတာ မဟုတ်ဘူး။ ဥပမာ ပဋိစ္စသမုပ္ပါဒ်အကြောင်း ရှင်းပြပါ။ အဲဒီ အချိန်မှာ ကိုယ့်ဘာသာကိုယ် မေးသင့်မမေးသင့် စဉ်းစားရ မှာပေါ့။ ရှင်းပြပါဆိုတော့ တရားတစ်ပုဒ်ဟောသလိုကို ဖြစ် တော့မှာကိုးနော်။ အဲဒါကျတော့ သိချင်လို့ မေးတာ မဟုတ် တော့ဘူး။ လက်ချာပေးခိုင်းသလို ဖြစ်သွားပြီ။

ခုန ဒကာမကြီးက ကိလေသာ(၁၀)ပါးအကြောင်း ရှင်းပြပါတဲ့။ ဦးဇင်း စကားမပြောပြောအောင် ပြောနေတာ။ ဒကာမကြီးက ဦးဇင်းကို ကြံချောင်းလို သဘောထားတာ ကိုးလို့။ ဟုတ်လား . . . ၊ သူက ကြံကြိတ်ဖို့ပဲ စဉ်းစားနေ တာ။ အဲဒါနဲ့ အဲဒီဒကာမကြီးကို နာမည်ပေးလိုက်တယ်။ ကြံကြိတ်စက် . . . လို့။

အဲဒီတော့ ကြံကြိတ်စက်တွေနဲ့ ဝေးလေကောင်းလေ လား၊ နီးလေကောင်းလေလား။

'ဝေးလေကောင်းလေ' ပါဘုရား။

ယောဂီတို့ပြောတာပါနော်။ ဦးဇင်းတို့ မပြောပါဘူး။

အခုယောဂီတို့က ကြံကြိတ်စက်တွေလား၊ ဆန်ကြိတ် စက်တွေလား။

'. . . . . . . . . . . . . . . .'

ကြံကြိတ်စက်လုပ်ဖို့ပဲ စဉ်းစားနေတယ် ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကြံကြိတ်စက် မလုပ်ပါနဲ့၊ ဆန်ကြိတ်စက်ပဲ လုပ်ပါ။

ကြံကြိတ်စက်ဆိုတာက ကိုယ့်ဘာသာကိုယ် လုံ့လ ဝီရိယစိုက်ပြီး ဘာကိုမှ အချိန်ကုန်ခံ၊ အပင်ပန်းခံ လေ့လာ မနေတော့ဘဲ 'ဟိုအကြောင်း ရှင်းပြပါ၊ ဒီအကြောင်း ရှင်းပြ ပါ' လို့ အသားလွတ် လာမေးတဲ့သူပေါ့။

ဆန်ကြိတ်စက်ဆိုတာက ကိုယ့်ဘာသာကိုယ် လုံ့လ ဝီရိယစိုက်ပြီး သေသေချာချာ လေ့လာထားတဲ့အထဲက မရှင်းလင်းတဲ့ အချက်လေးတွေ၊ ယုံမှားသံသယဖြစ်တဲ့ အချက်လေးတွေကို ရှင်းလင်းသွားအောင်၊ ယုံမှားသံသယ ကင်းသွားအောင် အကြောင်းနဲ့၊ အကျိုးနဲ့ မေးတဲ့သူပေါ့။

ကြံကြိတ်တယ် ဆိုတာက ကြံရဲ့ မူလပုံသဏ္ဍာန် ပျက်စီးပြီး ကြံဖတ်ထဲမှာ ကြံရည်တစ်စက်မှ မကျန်အောင် ညှစ်ပစ်လိုက်တာ၊ ဆန်ကြိတ်တယ်ဆိုတာက စပါးစေ့မှာ အခွံ ကွာသွားအောင်၊ အရောင်ညစ်နေတဲ့ ဆန်စေ့အရောင် ဖွေး သွားအောင် ပြုပြင်လိုက်တာ၊ အကြိတ်ခံ အရာဝတ္ထုတွေရဲ့ ပြောင်းလဲသွားပုံချင်း မတူပါဘူး။

သီးခြား တရားပွဲမျိုး၊ သီးခြား တရားသင်တန်းမျိုး မဟုတ်ဘဲ ညှိ့ချိန်မှာ သွားတွေ့မေးမြန်းတဲ့အခါမျိုးမှာ ကြံ ကြိတ်သလို တစ်ဖက်သား ပင်ပန်းနွမ်းကြေသွားအောင် မမေးပါနဲ့၊ ဆန်ကြိတ်သလို ကိုယ့်ရဲ့ သံသယကင်းရှင်းပြီ



www.burmeseclassic.com

www.burmeseclassic.com

အသိဉာဏ် ဖြူစင်သွားအောင်ပဲ မေးပါ။ 'ဘာအကြောင်း ရှင်းပြပါ' လို့ မမေးပါနဲ့၊ 'ဘယ်အချက်ဟာ ဘာကြောင့် ဒီလို ဖြစ်နေရတာလဲ' လို့ပဲ မေးပါ။ မရှင်းလို့ မေးတာမှန်သမျှကို ရဟန်းသံဃာတော်တိုင်း ဖြေပေးဖို့ အသင့်ပါပဲ။

ကြံကြိတ်စက် ပရိသတ်ပဲဖြစ်ဖြစ်၊ ဆန်ကြိတ်စက် ပရိသတ်ပဲဖြစ်ဖြစ်၊ ပရိသတ်ကိုတော့ ကြောက်ပါတယ်။ ပရိသတ်နဲ့ တွေ့ဆုံတဲ့အချိန်ကတော့ နည်းလေကောင်းလေပါပဲ။

ကိုယ့်ကို ကြည်ညိုတဲ့သူနဲ့ မကြည်ညိုတဲ့သူဆိုလည်း ကြည်ညိုတဲ့သူနဲ့ ဝေးလေကောင်းလေ။ အဲဒီလို ပြောလို့ ကိုယ့်ကို ကြည်ညိုတဲ့သူတွေအပေါ် မှာ မေတ္တာမရှိဘူးလို့ ဆိုလိုတာ မဟုတ်ဘူး။ သဘောပေါက်ပါတယ်နော်။ မေတ္တာကတော့ ရာနှုန်းပြည့် အပြည့်အဝ ရှိပါတယ်။ လွန်တောင် လွန်ဦးမှာပေါ့နော်။

ရွှေပါရမီ စာစဉ်အမှတ်(၁၅)ထဲက ဦးဇင်းကို အင်တာဗျူးလုပ်ထားတဲ့ ဆောင်းပါးမှာလည်း 'ဝေးလေကောင်းလေ' ဆိုတဲ့အကြောင်း ပါပါတယ်။ ဒီနေ့တရားက အဲဒါကို ပြန်ချဲ့ထားတာပါပဲ။ တောထဲမှာပဲ တစ်သက်လုံးနေတော့မှာလား ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်လို့ ဖြေထားတာ ရှိပါတယ်။

အဲဒီအထဲမှာ ဦးဇင်းက လမင်းကြီးရဲ့ ဘဝကို အား



www.burmeseclassic.com

www.burmeseclassic.com

ကျတယ်။ လမင်းကြီးဟာ လူတွေနဲ့ ဝေးဝေးမှာ နေတယ်။ ဒါပေမဲ့ လောကလူသားတွေကို အလင်းဓာတ်လည်း ပေးတယ်၊ အအေးဓာတ်လည်း ပေးတယ်။ အလင်းဓာတ်နဲ့ အအေးဓာတ် ပေးပြီးတော့ လမင်းကြီးဟာ လောကလူသားတွေကို အကျိုးပြုတယ်။

အဲဒီလိုပဲ ဦးဇင်းလည်းပဲ လောကလူသားတွေနဲ့ ဝေးဝေးမှာ နေပြီးတော့ မေတ္တာဆိုတဲ့ အအေးဓာတ်လည်း ပေး၊ အသိဉာဏ်ဆိုတဲ့ အလင်းဓာတ်လည်း ပေးပြီးတော့ ကျေးဇူးပြုတဲ့ လူသားလမင်းလေးပဲ ဖြစ်ချင်ပါတယ်။ 'လမင်းလေးလို ကျင့်နေမှာ' လို့တောင် ပြောထားပြီးပြီနော်။

မေတ္တာတွေ ပို့နေတာ၊ မေတ္တာတွေ ပွားနေတာကျတော့ အအေးဓာတ် ပေးနေတာပေါ့။ စာတွေ ရေးနေတာ၊ အခါအားလျော်စွာ တရားဟောနေတာကျတော့ အလင်းဓာတ်ပေးနေတာပေါ့။ အဲဒီလို ဝေးဝေးကနေပဲ အအေးဓာတ်၊ အလင်းဓာတ် ပေးပြီးတော့ နေရတာ မကောင်းဘူးလား။ ကောင်းပါတယ်။

ဒါပေမဲ့ ဝေးလေကောင်းလေ ဆိုပြီးတော့ ကိုယ့်တစ်ယောက်တည်း နေလို့ရော ဖြစ်ပါဦးမလား။ မဖြစ်ဘူးနော်။ ဒကာကြီး ဦးရှိန်ဝင်းတို့၊ ဒကာမကြီးဒေါ်ခင်ချိုတို့ ဦးဇင်းကို တောထဲတောင်ထဲမှာ တစ်ပါးတည်း အေးအေး



www.burmeseclassic.com

www.burmeseclassic.com

ဆေးဆေး နေနိုင်အောင် ဆောင်ရွက်ပေးကြတယ်။ ကျောင်းလည်း ဆောက်ပေး၊ ဆွမ်းလည်း ပို့ပေးပေါ့။

ဦးဇင်းရေးတဲ့ စာအုပ်တွေ စာဖတ်ပရိသတ်လက်ထဲ ကျယ်ကျယ်ပြန့်ပြန့် ရောက်သွားအောင်လည်း ကူညီပံ့ပိုးပေးကြတယ်။ တက်လမ်းဆောက်လုပ်ရေးအဖွဲ့သား အားလုံးရော၊ တခြားဒကာဒကာမတွေ အားလုံးရောပေါ့။

'ဝေးလေကောင်းလေ' ဆိုပြီး အားလုံးနဲ့ အဆက်ဖြတ်၊ တစ်ယောက်တည်း နေမယ်ဆိုရင် ကိုယ့်အတွက်ရော၊ အများအတွက်ရော အခုလို ကျယ်ကျယ်ပြန့်ပြန့် အလုပ်တွေ ဘယ်လုပ်နိုင်ပါတော့မလဲ။

လောကကြီးမှာ တစ်ဦးတစ်ယောက်တည်း နေဖို့ဆိုတာ ဖြစ်ကို မဖြစ်နိုင်ဘူးလေ။ ဦးဇင်းတို့ တောင်ပေါ်မှာ တစ်ယောက်တည်းနေတယ်ဆိုပေမယ့် အချိန်တော်တော်များများသာ တစ်ယောက်တည်းနေတာ၊ သူ့အချိန်နဲ့သူ အများနဲ့ကတော့ ဆက်ဆံရသေးတာပဲ။

အနည်းဆုံး ဆွမ်းပို့တဲ့ ကပ္ပိယကတော့ မရှိရဘူးလား။ ရှိရမှာပေါ့။ တစ်ယောက်တည်းနေတာပဲ ကောင်းတယ်။ ဝေးလေကောင်းလေ ဆိုပြီးတော့ ဆွမ်းလာမပို့ရင် ဆွမ်းငတ်ပြီး သေရုံပဲပေါ့။

အမိကကတော့ ခုနကပြောခဲ့သလိုပဲ ချစ်တဲ့သူကို စွန့်

www.burmeseclassic.com

ရမှာလား၊ သူ့ကို ချစ်တဲ့စိတ်ကို စွန့်ရမှာလား ဆိုရင် သူ့ကို ချစ်တဲ့စိတ်ကို စွန့်ရမှာ။ အတိုကောက်ပြောလိုက်တော့ ချစ်စိတ်ကို စွန့်ရမှာပါပဲ။

မုန်းစိတ်ကို စွန့်ဖို့ကတော့ အထူးပြောစရာ မလိုပါဘူး။ မုန်းတဲ့သူနဲ့ ပတ်သက်လို့ စိတ်ညစ်ရတာ၊ စိတ်ဆင်းရဲရတာကတော့ အားလုံးသိပြီးသားပါ။ အမှန်ကတော့ ချစ်စိတ်ရော၊ မုန်းစိတ်ရော စွန့်ရမှာပါပဲ။

ဒါကြောင့် ဆိုလိုက်ပါ။

ချစ်သူနီးလေ၊ ဆင်းရဲလေ၊ ဝေးလေ ချမ်းသာသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# ကြိုက်တာနည်းလေ၊ ဒုက္ခလျော့လေ

ချစ်သူဆိုတာကတော့ ပုဂ္ဂိုလ်အနေနဲ့ ပြောတာပေါ့။ သက်ရှိအနေနဲ့ ပြောတာပေါ့။ သက်မဲ့အနေနဲ့ကျတော့ ကြိုက်တဲ့အရာဝတ္ထုတွေလို့ သုံးရမှာပေါ့။

ကြိုက်တဲ့အရာဝတ္ထုနဲ့ မကြိုက်တဲ့အရာဝတ္ထု ဘယ်ဝတ္ထုကြောင့် ဒုက္ခရောက်ရတာများတုံး။ ထမင်းစားတဲ့အခါ ဟင်းကောင်းတဲ့အခါ စိတ်ညစ်လား၊ ဟင်းမကောင်းတဲ့အခါ စိတ်ညစ်လား။ ကောင်းတဲ့ဟင်းက ကိုယ့်ကို ဒုက္ခပို့ပေးတာလား၊ မကောင်းတဲ့ဟင်းက ကိုယ့်ကို ဒုက္ခပို့ပေးတာလား။

အမှန်ကတော့ ကြိုက်တဲ့အရာနဲ့ မကြိုက်တဲ့အရာ ဘယ်အရာကြောင့် ဒုက္ခရောက်ရတာများတုံးဆိုရင် ကြိုက်တဲ့အရာကြောင့် ဒုက္ခရောက်ရတာ များပါတယ်။ မကြိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အရာကြောင့် ဒုက္ခရောက်ရတယ် ဆိုတာကတော့ အဲဒီအရာကို ခံစားနေတဲ့ အခိုက်အတန့်မှာ မကောင်းဘူး၊ ဆင်းရဲတယ်။ ဆင်းရဲတဲ့စိတ်နဲ့ ဒုက္ခသဘောကို မြင်တယ်။

ကြိုက်တဲ့အရာကို ခံစားရလို့ စိတ်ချမ်းသာနေတယ် ဆိုရင် ဆင်းရဲတယ်လို့ မမြင်ဘူး။ ကောင်းတယ်၊ ကောင်းတယ်၊ စိတ်ချမ်းသာတယ်၊ စိတ်ချမ်းသာတယ်နဲ့ပဲ ထင်တယ်။

ငါးပိ မကြိုက်ဘူး၊ ကြက်သား ကြိုက်တယ် ဆိုပါတော့။ ငါးပိအတွက် စီးပွားရှာရသေးလား။ မရှာရတော့ဘူး။ ကြက်သားဟင်း စားနိုင်ဖို့အတွက်ပဲ စီးပွားရှာရတာနော်။ ဟင်းကောင်းကောင်း ပိုကြိုက်လေ၊ စီးပွားရှာရတာ ပိုပင်ပန်းလေပါပဲ။ ကိုယ်ကြိုက်တဲ့ဟင်းလေး အမြဲတမ်း စားနိုင်ဖို့အတွက် ရှာရတာဆိုတော့ မပင်ပန်းဘူးလား။ ပင်ပန်းတယ်။ ဒါက ဝေးသေးတယ် ထားလိုက်ဦး။

တစ်နေရာမှာ သီချင်းဖွင့်ထားတယ် ဆိုကြပါစို့။ အခုဒီမှာ တရားအားထုတ်နေတယ်၊ အားထုတ်တဲ့နေရာနဲ့ မနီးမဝေးမှာ အသံချဲ့စက်နဲ့ သီချင်းဖွင့်နေတယ်။ တွံတေးစိုးအောင် မကြိုက်ဘူး။ ဝိုင်ဝိုင်းကြိုက်တယ် ဆိုပါတော့။ ဘယ်သူ့သီချင်းလာရင် နားထောင်မှာတုံး။ ဝိုင်ဝိုင်းလာရင် နားထောင်မှာနော်။

အဲလိုဆိုတော့ ကိုယ့်ရဲ့ တရားအားထုတ်တဲ့အလုပ်



www.burmeseclassic.com

www.burmeseclassic.com

က တွံတေးစိုးအောင်သီချင်းသံကြောင့် ပျက်သွားတာလား၊ ဝိုင်ဝိုင်းသီချင်းသံကြောင့် ပျက်သွားတာလား။ ဝိုင်ဝိုင်းသီချင်းသံကြောင့် ပျက်စီးသွားတာ။ ဒါဖြင့် သက်မဲ့အရာဝတ္ထု၊ သက်မဲ့ရုပ်တွေမှာလည်းပဲ ကြိုက်တဲ့အရာတွေက ကိုယ့်ကို ပိုပြီးတော့ ဒုက္ခပေးနေတာပါ။

ဦးဇင်းတို့ ငယ်ငယ်တုန်းက ရေနံချောင်းမှာ နေခဲ့တာပေါ့လေ။ ကျောင်းပိတ်ရက် မနက်ဘက်၊ နေ့လယ်ဘက် စာကျက်ကြပြီဆိုရင် အိမ်နားက အိမ်တစ်အိမ်ကလည်း ကက်ဆက်ကို အကျယ်ကြီးဖွင့်လေ့ရှိတယ်။ သီချင်းကတော့ မျိုးစုံဖွင့်တာပေါ့လေ။

ကိုယ်မကြိုက်တဲ့ သီချင်းဖွင့်ရင် စာကျက်မပျက်ဘူးပေါ့။ အေးအေးဆေးဆေးပဲ။ အသံတော့ ကြားနေတယ်။ ဘာသီချင်းလဲဆိုတာ မသိတော့ဘူး။ ကိုယ့်စိတ်မှာလည်း အနှောင့်အယှက် မဖြစ်တော့ဘူး။ စာကျက်လို့ ရနေတာပဲ။

ကိုယ်ကြိုက်တဲ့ သီချင်းလေးများ လာရင်တော့ စာထဲကို စိတ်မရောက်တော့ဘူး။ ထိုင်ပြီးတော့ နားထောင်တော့တာ။ အဲဒီလိုဆိုတော့ ကြိုက်တဲ့အရာတွေက ဒုက္ခပေးတာလား၊ မကြိုက်တဲ့အရာတွေက ဒုက္ခပေးတာလား။ ကြိုက်တဲ့အရာတွေက ဒုက္ခပေးတာပါ။

ဦးဇင်းတို့ ကျောင်းသားဘဝတုန်းက ခမည်းတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီးက ညညဆိုရင် ရေဒီယိုကို တစ်ညလုံး ဖွင့်ထားတာ။ ညနေစာ စားပြီးလို့ရှိရင် ဖွင့်တော့တာပဲ။ ညကိုးနာရီ ဆိုကုန်ဆားကုန်လာပြီဆိုမှ ရပ်တော့တာပဲ။

သီချင်းကြီးတို့ ဘာတို့ကျတော့ ဦးဇင်းတို့ ဘယ်ကြိုက်ပါ့မလဲ။ ခမည်းတော်ကတော့ ကြိုက်တယ်ထင်တာပဲ၊ ဖွင့်ထားတာ။ သီချင်းဝင်တောင် ညည်းလိုက်သေးတယ်။

သီချင်းကြီး လာတဲ့အချိန်မျိုးကျတော့ ဘာအနှောင့်အယှက်မှ မဖြစ်ဘူး။ ကိုယ်က မကြိုက်တော့ အာရုံစိုက်ပြီး နားမထောင်ဖြစ်တော့ဘူးလေ။ ဖွင့်တာကတော့ ဧည့်ခန်းထဲမှာ ဖွင့်နေတာပဲ။ ဦးဇင်းတို့ ညီအစ်ကိုတွေလည်း ကိုယ့်စာကြည့်စားပွဲမှာ အသီးသီး စာတွေ ကြည့်နေကြတာပဲ။ စာကို သမာဓိရရနဲ့ လုပ်လို့ ရနေတာပဲ။

ခုနစ်နာရီဆယ့်ငါး ဇာတ်လမ်းပမာ လာပြီ၊ ရှစ်နာရီဆယ့်ငါး အသံလွှင့်ဇာတ်လမ်းများ လာပြီဆိုရင်တော့ စာကြည့်လို့ရသေးလား။ မရတော့ဘူး။ ဦးဇင်းတို့ ရေဒီယိုဆီပြေးကပ်ပြီးတော့ နားထောင်တော့တာပဲ။

ဘောလုံးပွဲ ကြိုက်တဲ့သူအတွက် တီဗွီမှာ ဘောလုံးပွဲလွှင့်တဲ့နေ့ အလုပ်ပျက်မှာပဲ။ ကိုယ်မကြိုက်တဲ့အသင်း ရှုံးတဲ့နေ့ထက် ကိုယ်ကြိုက်တဲ့အသင်း ကန်တဲ့နေ့ ပိုပြီးအလုပ်ပျက်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# ကြိုက်စိတ်အာရုံ ကာမဂုဏ်

အဲဒီတော့ ကြိုက်တဲ့အရာနဲ့ မကြိုက်တဲ့အရာ ကြိုက်တဲ့အရာက ကိုယ့်ကို တစ်ကယ်တမ်း ဒုက္ခပေးနေတယ်ဆိုတာ သဘောပေါက်ပြီလား။ ဒါ့ကြောင့် ကြိုက်တဲ့အရာတွေလည်း ဝေးလေကောင်းလေပါပဲ။

အဲဒီတော့ ချစ်တဲ့သူဆိုတဲ့ သက်ရှိတွေ၊ ကြိုက်စရာဆိုတဲ့ သက်မဲ့တွေ၊ အားလုံးပေါင်းလိုက်တော့ ကာမဂုဏ်ပေါ့။ စာအတိုင်းပြောမယ်ဆိုရင် ချစ်စရာ သက်ရှိတွေနဲ့ ကြိုက်စရာ သက်မဲ့တွေကို ကာမဂုဏ်လို့ ခေါ်ပါတယ်။

ကာမဂုဏ်ဆိုတာ လူတွေ ထင်တာက အမျိုးသားနဲ့ အမျိုးသမီး ဖိုမအာရုံ ခံစားတာကိုမှ၊ အထိအတွေ့ ဖောဋ္ဌဗ္ဗ အာရုံ ခံစားတာကိုမှ ကာမဂုဏ်လို့ ထင်နေကြတာ၊ အရပ်



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာကတော့ အဲဒီလို သုံးတာ များတာကိုး။

တကယ့် တရားသဘောအရကတော့ ကာမဂုဏ်ဆိုတာ အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အထိအတွေ့မျိုးစုံ၊ အတွေးအကြံမျိုးစုံ၊ အဲဒီအာရုံ ခြောက်မျိုးကို ကာမဂုဏ်လို့ ခေါ်တာ။

အတွေးအကြံကတော့ ထားလိုက်တော့။ အတိတ်နဲ့ အနာဂတ်ကို တွေးကြံပြီးတော့ ကာမဂုဏ် သာယာမှာ။ တိုက်ရိုက်အနေနဲ့ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့အတိုင်းပဲ ဘာအဆင်းကိုပဲ မြင်မြင် သာယာတဲ့စိတ်နဲ့ ကြည့်တယ်ဆိုရင် အဲဒီအဆင်းတွေအားလုံးဟာ ကာမဂုဏ်တွေချည်းပဲ။ ဘာအသံကိုပဲ ကြားကြား သာယာတဲ့စိတ်နဲ့ နားထောင်တယ်ဆိုရင် အဲဒီအသံအားလုံးဟာ ကာမဂုဏ်တွေချည်းပါပဲ။

ဘာအနံ့ပဲ နမ်းရှူနမ်းရှူ သာယာတဲ့စိတ်နဲ့ နမ်းရှူတယ်ဆိုရင် အဲဒီအနံ့အားလုံး ကာမဂုဏ်တွေချည်းပဲ။ ဘာအစားအသောက်ကိုပဲ စားသောက်စားသောက် သာယာတဲ့စိတ်နဲ့ စားသောက်တယ်ဆိုရင် အဲဒီအစားအသောက် မှန်သမျှ ကာမဂုဏ်တွေချည်းပါပဲ။

ထမင်းစားတဲ့အခါမှာ ထမင်းလေးကို သာယာတဲ့စိတ်နဲ့၊ သဘောကျတဲ့စိတ်နဲ့ စားတယ်ဆိုရင် ကာမဂုဏ်ခံစားနေတယ် ခေါ်တာပဲနော်။ ကာမဂုဏ် ခံစားတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

တာ လူမှ ခံစားတာ မဟုတ်ဘူး။ လူမှာလည်းပဲ အိမ်မှာနေတဲ့ သူမှ ခံစားတာ မဟုတ်ဘူး။ ယောဂီလည်းပဲ ဆွမ်းစားတဲ့အခါ ကောင်းတယ်ဟဲ့ ကောင်းတယ်ဟဲ့နဲ့ စားနေတယ်ဆိုရင် ဒါလည်း ဘာလုပ်နေတာပဲတုံး။ ကာမဂုဏ် ခံစားနေတာပဲ။

ဘာအထိအတွေ့ကိုပဲ ထိတွေ့ထိတွေ့ သာယာတဲ့စိတ်နဲ့ ထိတွေ့တယ်ဆိုရင် အဲဒီအထိအတွေ့ အားလုံးဟာလည်း ကာမဂုဏ်တွေချည်းပါပဲ။ ဒါပေမဲ့ အဲဒီအာရုံငါးပါးကို သာယာတဲ့စိတ်နဲ့ ခံစားတာမဟုတ်ဘူးဆိုရင်တော့ ကာမဂုဏ် ခံစားတယ်လို့ မခေါ်ဘူးပေါ့။

လူတွေ စားတော့လည်း ဒီထမင်းပဲ။ ဒီထမင်းကို မြတ်စွာဘုရားကို လောင်းလိုက်၊ ရဟန္တာအရှင်မြတ်ကြီးတွေကို လောင်းလိုက်လို့ ဘုဉ်းပေးတော့လည်း ဒီထမင်းပါပဲ။ နာမည်လေးပဲ ပြောင်းသွားတယ်။ ဆွမ်းဆိုပြီးတော့ပေါ့။ ပန်းကန်အစား သပိတ်ဆိုပြီးတော့ . . . ထည့်တဲ့ပစ္စည်းလေးပဲ ပြောင်းသွားတယ်။

ဒါပေမဲ့ အိမ်မှာ ကျန်ခဲ့တဲ့လူကတော့ ဒီထမင်းလေးစားပြီးတော့ သာယာနေတယ်၊ လောဘတွေ ဖြစ်နေတယ်၊ တဏှာတွေ ဖြစ်နေတယ် ဆိုတော့ ကာမဂုဏ်ခံစားတာဖြစ်နေတယ်။ ဒီထမင်းတစ်အိုးထဲကပဲ ဘုရား၊ ရဟန္တာတွေ



www.burmeseclassic.com

www.burmeseclassic.com

လောင်းလိုက်တော့ ဘုရား၊ ရဟန္တာတွေလည်း ကျောင်းရောက်တော့ သပိတ်ထဲက ဆွမ်းကိုပဲ ဘုဉ်းပေးတာပါပဲ။

ဘုရား ရဟန္တာတွေကျတော့ ကာမဂုဏ်ခံစားတာ ဟုတ်သေးရဲ့လား။ မဟုတ်တော့ဘူး။ ဒါပေမဲ့ အဲဒီဆွမ်းက ကာမဂုဏ်တော့ ကာမဂုဏ်ပဲ။ ဝတ္ထုကာမပါပဲ။ ဒါပေမဲ့ သာယာတဲ့စိတ်နဲ့ ခံစားတာ မဟုတ်တဲ့အတွက် ကာမဂုဏ် ခံစားတယ်လို့ ပြောလို့မရတော့ဘူး။

ဒါ့ကြောင့် ဝေးလေကောင်းလေ ဆိုတာက စာပေဆန်တဲ့ စကားလုံးနဲ့ ပြောမယ်ဆိုရင်တော့ ကာမဂုဏ်တွေနဲ့ ဝေးလေကောင်းလေပဲ။ ကာမဂုဏ်ဆိုတာကလည်း သက်ရှိကာမဂုဏ်၊ သက်မဲ့ကာမဂုဏ် ဆိုပြီးတော့ နှစ်မျိုးရှိတာပေါ့။

သာယာစရာ သက်ရှိတွေအားလုံးကတော့ သက်ရှိကာမဂုဏ်ပေါ့။ သာယာစရာ သက်မဲ့တွေ အားလုံးကတော့ သက်မဲ့ကာမဂုဏ်ပေါ့။ ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ကားတွေ၊ တိုက်တွေ၊ ရေခဲသေတ္တာတွေ၊ ရုပ်မြင်သံကြားစက်တွေ ဒါတွေအားလုံး ဘာတွေပဲတုံး။ ကာမဂုဏ်တွေပဲနော်။ ကာမဝတ္ထုလို့ ခေါ်တာပေါ့။

အဲဒီတော့ ယောဂီတို့က ရွှေ၊ ငွေ၊ ဥစ္စာ၊ တိုက်တွေ၊ ကားတွေ ပြည့်စုံတာနဲ့ မပြည့်စုံတာ ဘယ်ဟာကို ကြိုက်တုံး။ ပြည့်စုံတာ ကြိုက်တယ်။ ဝေးလေကောင်းလေဆို။ ပြည့်စုံ


www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ မပြည့်စုံတာ ပြည့်စုံတာကို ကြိုက်တယ်ဆိုတော့ ရိုးရိုးသားသား ဖြေတဲ့အတွက် သာဓုတစ်ချက်ခေါ် ရမှာပေါ့။

ကာမဂုဏ်တွေ ဝေးလေကောင်းလေ ဆိုတာက လည်း အသုံးချတဲ့အပေါ်မှာ မူတည်တာပါပဲ။ ကိုယ့်ရှိတဲ့ ပိုက်ဆံဆိုလည်း ကာမဂုဏ်ပဲပေါ့။ ဒါပေမဲ့ ဒီပိုက်ဆံနဲ့ပဲ ဒါနကောင်းမှု ပြုရတာဆိုတော့ ကာမဂုဏ် ခံစားတာ ဟုတ်သေးရဲ့လား။ မဟုတ်တော့ဘူး။

ကိုယ်ပိုင်ဆိုင်သမျှ သက်ရှိသက်မဲ့ ကာမဂုဏ် အကုန်လုံးကနေ ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ ကုသိုလ်အနှစ်တွေ ရအောင် ထုတ်ယူရမှာပေါ့။ ဒါကလည်း အခြေအနေ၊ အချိန်အခါနဲ့ ပုဂ္ဂိုလ်အပေါ်မှာ၊ ဘဝအနေအထားတွေပေါ်မှာ မူတည်ပါတယ်။

ကာမဂုဏ်ချမ်းသာတွေကို လုံးဝ စွန့်ဖို့ အခြေအနေပေးရင် လုံးဝစွန့်၊ လုံးဝစွန့်ဖို့ အခြေအနေမပေးရင် ကိုယ်ပိုင်ဆိုင်ထားတဲ့ ကာမဂုဏ်ချမ်းသာတွေကနေ ကုသိုလ်ပါရမီ အနှစ်အဆီတွေ ရအောင် ထုတ်ယူပေါ့။

■



www.burmeseclassic.com

www.burmeseclassic.com

## ဗြဟ္မာလူထွက်မို့ တဏှာအပူ မစွက်ချင်ပါ

ယောဂီတို့ကတော့ ပစ္စည်းဥစ္စာတွေ ပြည့်စုံတာနဲ့ မပြည့်စုံတာ၊ ပြည့်စုံတာ ကြိုက်တယ်၊ ပြည့်စုံချင်တယ်လို့ ပြောခဲ့ပါတယ်။ ဖြေခဲ့ပါတယ်။

ရှေးသူတော်ကောင်းကြီးများ ကာမဂုဏ်ချမ်းသာတွေ အပေါ် ဘယ်လိုနှလုံးသွင်းခဲ့ကြသလဲဆိုတာကို နမူနာလေး နဲ့ ကြည့်ကြရအောင်။

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သူဌေးမျိုးမှာ မြတ်စွာဘုရား လူဖြစ်ခဲ့ဖူးပါတယ်။ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ မိဘဝမ်းမှာ ဝင်စားခဲ့တယ်။ ရွှေအဆင်းလို ဝါဝင်းနေလို့ မဟာကဉ္စနလို့ နာမည်ပေးထား ပါတယ်။ ကဉ္စနဆိုတာ ရွှေပါပဲ။ သားအကြီးဆုံးမို့ မဟာ



www.burmeseclassic.com

www.burmeseclassic.com

ထည့်ပြီး မဟာကဥ္စနာ မြန်မာလိုဆိုရင်တော့ မောင်ရွှေကြီး ပေါ့။

အဲဒါ သူလေးဖက်ထောက် သွားလာနိုင်တဲ့အရွယ် တစ်နှစ်ကျော်ကျော်လောက် ရောက်တဲ့အခါကျတော့ နောက်တစ်ယောက် မွေးပြန်တယ်။ ရွှေအဆင်းလို ဝါဝင်း နေလို့ ကဥ္စနပဲ၊ သားအငယ်မို့ ဥပထည့်ပြီး ဥပကဥ္စနာ မြန်မာ လိုဆိုရင်တော့ မောင်ရွှေငယ်ပေါ့။

ဒုတိယတစ်ယောက် လေးဖက်ထောက် သွားနိုင်တဲ့ အရွယ် တစ်နှစ်ကျော်ကျော်လောက် ကျတော့လည်း နောက် တစ်ယောက် မွေးပြန်တယ်။ တစ်နှစ်တစ်ယောက် နှုန်းပေါ့ နော်။ ဦးဇင်းတို့ မိဘတွေလို ဖြစ်မှာပေါ့လေ။

ဦးဇင်းတို့ ညီအစ်ကိုတွေကလည်း တစ်နှစ်ကြီး တစ် နှစ်ငယ်တွေချည်းပဲ။ မိဘက တစ်နှစ်တစ်ယောက်နှုန်း မွေး ထားတာ။ မိဘတွေကို မိတ်ဆွေတွေက မေးတယ်။ ခင်ဗျား တို့သားသမီးတွေ ဘယ်နှတန်းရောက်ကုန်ပြီတုံး။ ခမည်း တော်နဲ့ မယ်တော်က ဘယ်လိုဖြေလိုက်တုံး ဆိုတော့ (၇)(၈) (၉)(၁၀)တဲ့။ ဟုတ်လား၊ တစ်တန်းကြီး တစ်တန်းငယ်တွေ ဘိုး။

အခုဒီမှာ ဘုရားလောင်းဝင်စားတဲ့ မိဘတွေကလည်း ပဲ (၇) (၈)(၉)(၁၀)တွေချည်းပဲ။ မွေးတာကလည်း တစ်နှစ်

www.burmeseclassic.com

တစ်ယောက်နှုန်း မွေးလာတာ စုစုပေါင်း ခုနစ်ယောက်။ အားလုံး ယောကျ်ားလေးချည်းပဲ။ ရှစ်ယောက်မြောက်ကျ တော့မှ မိန်းကလေး မွေးတယ်။ သူကလည်း ကဋ္ဌနဒေဝီ ပေါ့လေ။ မရွှေထွေးပေ့ါ။

နာမည်ကတော့ ရွှေတွေချည်းပါပဲ။ မောင်ရွှေဦး၊ မောင်ရွှေထူး၊ မောင်ရွှေအေး၊ မောင်ရွှေငွေး စသည်အား ဖြင့် ဖြစ်မှာပေါ့။ မြန်မာလိုကတော့ နာမည်ပေးမနေတော့ ဘူး။ မောင်ရွှေ (၁)(၂)(၃)(၄)(၅)(၆)(၇) လို့သာ မှတ်ထား လိုက်တော့။ နောက်တစ်ယောက်ကျတော့ မရွှေပေါ့နော်။

အကြီးဆုံး မောင်ရွှေ ဆယ့်ခြောက်နှစ်ရောက်တဲ့အခါ ကျတော့ မိဘတွေက အိမ်ထောင်ချပေးဖို့ ပြောတယ်။ အိမ် ထောင်ပြုပါ။ သားလည်း အရွယ်ရောက်ပြီ။ ဟိုးခေတ်က တော့ ဆယ့်ခြောက်နှစ်ဆိုရင် အိမ်ထောင်ပြုကြတာကိုး။ ခု ခေတ်ကတော့ ဆယ့်ရှစ်နှစ်ပေါ့။

အိမ်ထောင်ပြုဖို့ပြောတော့ မပြုပါရစေနဲ့။ နားနှစ်ဖက် ကို လက်နဲ့ ပိတ်ထားတယ်။ အိမ်ထောင်ပြုဖို့ပြောတဲ့ စကား က သူ့နားထဲမှာ ခါးနေတယ်။ အခုယောဂီတို့ကျတော့ ဘယ် လိုတုံး။ နားဝင်ချိုလား။

ဘုရားအလောင်းတော်ကတော့ နားနှစ်ဖက် လက်နဲ့ ပိတ်၊ ခေါင်းယမ်းပြီးတော့ မိန်းမမယူပါရစေနဲ့၊ အိမ်ထောင်

www.burmeseclassic.com

မပြုပါရစေနဲ့။

သားအနေနဲ့ ဟောဒီ လောကကြီးကို၊ ဟောဒီ သုံးဆယ့်တစ်ဘုံကို မီးလောင်ပြင်ကြီးလို့ မြင်ပါတယ်။ ကာမ၊ ရူပ၊ အရူပ ဆိုတဲ့ ဘုံသုံးပါးကို မီးလောင်ပြင်ကြီး လို့မြင်ပါတယ်။ ဟောဒီ သုံးဆယ့်တစ်ဘုံကို လှောင်အိမ်ကြီးလို့ မြင်ပါတယ်။ ဟောဒီသုံးဆယ့်တစ်ဘုံကို အညစ်အကြေး စွန့်တဲ့တွင်းကြီးလို့ မြင်ပါတယ်။

ဘုရားအလောင်း သူတော်ကောင်းတွေ ဇာတ်တော်တွေမှာ ပြောပြီဆိုရင် ဒီအတိုင်းချည်းပါပဲ။ လောကကြီးကို ငြီးငွေ့ပြီဆိုရင် သုံးဆယ့်တစ်ဘုံကို မီးလောင်ပြင်လို မြင်တယ်၊ လှောင်အိမ်လို မြင်တယ်၊ ကျင်ကြီးတွင်းလို မြင်တယ်။

မီးလောင်ပြင် ဆိုတာက လောဘမီး၊ ဒေါသမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဇာတိမီး၊ ဇရာမီး စတဲ့ မီးဆယ့်တစ်မီး လောင်နေတဲ့နေရာပေါ့။

လှောင်အိမ်ဆိုတာက သံယောဇဉ်ကြိုးတွေနဲ့ နှောင်ဖွဲ့ထားတဲ့ နေရာပေါ့။ သံယောဇဉ်ဆိုလို့ တဏှာ သံယောဇဉ်တစ်ခုတည်း မဟုတ်ဘူး။ ဒေါသလည်း သံယောဇဉ်ပဲ။ ဣဿာ လည်း သံယောဇဉ်ပဲ၊ မစ္ဆရိယလည်း သံယောဇဉ်ပဲ၊ သံယောဇဉ် ဆယ်မျိုးတောင်ရှိတာ။

ကျင်ကြီးတွင်းဆိုတာက မကောင်းမှု အကုသိုလ် ဒုစ

www.burmeseclassic.com

www.burmeseclassic.com

ရိုက်တွေ ပြည့်နှက်နေတဲ့ နေရာပေါ့။ မကောင်းမှု အကု သိုလ် ဒုစရိုက်တွေက တစ်ချိန်မဟုတ် တစ်ချိန်၊ တစ်နေရာ မဟုတ် တစ်နေရာမှာ မကြာခဏ ပြုမိတတ်လို့ လောကကြီး ဟာ ဒုစရိုက်အညစ်အကြေးတွေ ထူပြောပြီး ကျင်ကြီးစွန့်တဲ့ နေရာ၊ ကျင်ကြီးတွင်းနဲ့ တူတယ်။

ဒီဥပမာသုံးမျိုးကို ချဲ့ထွင်ပြီး အများကြီး ပြောလို့ရ တာပေါ့။ အဲဒီလို မြင်တဲ့အတွက်ကြောင့် အိမ်ထောင်မပြု ပါရစေနဲ့တဲ့။ အောက်မှာ ညီလေးခြောက်ယောက်တောင် ရှိသေးတာပဲ။ ညီလေးတို့ကိုပဲ အိမ်ထောင်ပြုဖို့ ပြောပါ။ ကျွန် တော်ကတော့ အိမ်ထောင်မပြုတော့ပါဘူး။ တစ်သက်လုံး လူပျိုကြီးပဲ လုပ်ပါတော့မယ်။

သူချစ်တဲ့သူက အပျိုကြီးလုပ်လို့ လူပျိုကြီးလုပ်တာ ဟုတ်ရဲ့လား။ မဟုတ်ဘူးနော်။ တချို့ကျတော့ အားကျမခံ လူပျိုကြီးပဲ လုပ်တော့မယ်ဆိုတာ မရှိဘူးလား။ ကိုယ်ချစ်တဲ့ သူက မူနေလို့ အပျိုသိုးကြီး ဖြစ်သွားလို့ ကိုယ်ကလည်း လူပျိုကြီးလုပ်တော့မယ်ဆိုတဲ့သဘော။

အခု ဒီမှာကျတော့ ဒီလိုမဟုတ်ဘူး။ အစကတည်းကို က လူပျိုကြီးပဲ လုပ်တော့မယ်တဲ့။ ကျန်တဲ့ ညီခြောက် ယောက်ကိုလည်းပဲ အိမ်ထောင်ချထားမယ်ပြောတော့ နား ပိတ် ခေါင်းရမ်းပြီး ငြင်းပါတယ်။ ယောဂီတို့ ဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com

ဟင့်အင်း၊ ဟင့်အင်းလား၊ ဟုတ်ကဲ့ ဟုတ်ကဲ့လား။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ တဲ့၊ ကောင်းရော။

ညီအစ်ကို ခုနစ်ယောက်လုံးလည်း အိမ်ထောင်ပြုဖို့ ငြင်းပယ်ကြတယ်။ အငယ်ဆုံး ကဥ္စနဒေဝီ မရွှေထွေးကို အိမ်ထောင်ပြုဖို့ ပြောတော့ သူကလည်း ဟင့်အင်း၊ ဟင့် အင်း ပါပဲ။

မိဘတွေက အိမ်ထောင်ပြုဖို့ နားချတိုင်း ညီအစ်ကို ခုနစ်ယောက်လုံးရော၊ အထွေးဆုံး ညီမလေးရော ပြောတဲ့ စကားထဲမှာ တစ်ခုပါသေးတယ်။ ပရိသတ်ထဲမှာ ပြောရ တာ နားနဲ့မနာ၊ ဖဝါးနဲ့နာပေါ့လေ။

'အိမ်ထောင်ပြုတဲ့အလုပ်၊ အိမ်ထောင်သားမွေး အလုပ်ကို လုံးဝ စိတ်မဝင်စားပါဘူး။ အင်မတန် ရွံရှာစက် ဆုပ်ပါတယ်။ အောက်ထစ်ဆုံးပြောရရင် အိပ်မက်ထဲမှာ တောင်မှ ဒီမေထုန်အကျင့်ကို မကျင့်ဖူးပါဘူး' တဲ့။

ဒါက ဗြဟ္မာ့ပြည်ကလာတဲ့ သူတော်ကောင်းတွေမို့လို့ ဒီလိုပြောတာပါ။ ဗြဟ္မာ့ပြည်က လာတဲ့သူတွေဆိုတော့ အိပ် မက်ထဲမှာတောင်မှ ကာမဂုဏ်ချမ်းသာ မခံစားပါဘူး။ ခံစား လိုတဲ့စိတ် မရှိပါဘူး။

ဗြဟ္မာ့ပြည် ရောက်တယ်ဆိုတာ မရောက်ခင်ဘဝက ကာမရာဂကို စျာန်အစွမ်းနဲ့ ပယ်ခွာထားနိုင်လို့ ရောက်တာ၊



www.burmeseclassic.com

www.burmeseclassic.com

ဗြဟ္မာ့ပြည်မှာ နေတော့လည်း ဈာန်အစွမ်းနဲ့ ကာမရာဂကို ပယ်ခွာပြီး နေတာဆိုတော့ ဗြဟ္မာ့ပြည်ကနေ စုတေပြီး လူလာဖြစ်တော့လည်း ကာမရာဂစိတ် ငြိမ်သက်တဲ့ အရှိန်က ပါလာတယ်။

ဒါကြောင့် ဗြဟ္မာဝင်စား လူဝတ်ကြောင်တွေဟာ အိမ်ထောင်သားမွေးအလုပ်ကို လုံးဝ စိတ်မဝင်စားဘူး။ အိပ်မက်ထဲမှာတောင်မှ ကာမဂုဏ်စု မေထုန်မှုကို လုံးဝ မပြုဖူးပါဘူး . . . တဲ့။

အဲဒီတော့ လူပျိုကြီးတွေ၊ အပျိုကြီးတွေ ကိုယ့်ကိုယ်ကိုယ် ဗြဟ္မာ့ပြည်က လာတာလား၊ တခြားပြည်က လာတာလား ဆုံးဖြတ်တော့ပေါ့။ လိုတာမရ၊ ရတာမလိုလို့ လူပျိုကြီး၊ အပျိုကြီးလုပ်တဲ့ သူကိုကျတော့ ဗြဟ္မာ့ပြည်က လာတာလို့ ပြောလို့ ဖြစ်ပါ့မလား။ မဖြစ်ဘူးနော်။ ခုနပြောသလို အိပ်မက်ထဲမှာတောင်မှ ကင်းကင်းရှင်းရှင်း သန့်သန့်စင်စင် ရှိတဲ့ သူမှပါ။

■



www.burmeseclassic.com

www.burmeseclassic.com



## တောထွက်ချင်တာ ဘုရားလောင်းစိတ်ဓာတ်

အဲဒါနဲ့ သူတို့ရဲ့ အချစ်ဆုံး သူငယ်ချင်းတွေကို မိဘတွေက အတင်းဝိုင်းပြီးတော့ နားချခိုင်းတယ်။ မင်းတို့ သူငယ်ချင်းတွေကို ပြောပါဦး။ အရွယ်ရောက်နေပြီ။ အိမ်ထောင်ပြုပါဦး။

သူငယ်ချင်းတွေကလည်း အတင်းပြောကြတာပေါ့။ ဘယ်လိုပဲ ပြောပြော ငြင်းဆန်တာပါပဲ။ ဘာဖြစ်လို့ ဒီလောက်တောင် ငြင်းဆန်နေရတာလဲလို့ မေးတော့ 'တောထွက်ချင်လို့' တဲ့။

တောထွက်ချင်လို့ ဆိုတော့ သူငယ်ချင်းတွေကလည်း 'မင်းပြောတဲ့စကားဟာ ဘုရားအလောင်းပုဂ္ဂိုလ်တွေပြောတဲ့ စကားပါပဲ' တဲ့။ သူငယ်ချင်းတွေကလည်း သာဓုခေါ်ကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ပြီးတော့ မိဘတွေကိုလည်း နားလည်အောင် ဖျောင်းဖျ ပြောကြပါတယ်။

'တောထွက်ချင်တယ် ဆိုတဲ့စကားဟာ ဘုရားအလောင်းသူတော်ကောင်းကြီးတွေ ပြောတဲ့စကား' . . . တဲ့။ ကောင်းလိုက်တာ။ အရသာရှိလိုက်တာ။ တောထွက်ချင်တဲ့စိတ်ဓာတ်ဟာ ဘုရားလောင်းစိတ်ဓာတ်တဲ့ . . . နော်။

ကိုယ့်ကိုယ်ကိုယ် 'ဘုရားဆုပန်' လို့ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်များ တောထွက်ချင်စိတ်ရှိမရှိ ဆန်းစစ်ကြည့်ပါ။ 'ထွက်တော့ ထွက်ချင်တယ်၊ ဒါပေမဲ့' ဆိုရင်တော့ သိပ်နေရာ မကျသေးဘူး။ အခြေအနေအရ မထွက်ဖြစ်သေးပေမယ့် 'တစ်နေ့ . . . ထွက်မယ်' ဆိုတဲ့ ရည်ရွယ်ချက်အခိုင်အမာ ရှိနေရင်တော့ မဆိုးပါဘူး။

အဲဒီလိုနဲ့ သူတို့တွေလည်း လူပျိုကြီးအပျိုကြီးပဲ လုပ်ရတော့တာပါပဲ။ လူပျိုကြီး ခုနစ်ယောက်၊ အပျိုကြီး တစ်ယောက်ပေါ့လေ။ အချိန်တန်လို့ မိဘတွေ ကွယ်လွန်သွားတဲ့အခါမှာတော့ သူတို့မှာရှိတဲ့ ပစ္စည်းဥစ္စာတွေကို 'လိုချင်တဲ့သူတွေ လိုချင်သလောက် ယူကြပါစေ'။ အကုန်လုံး စွန့်ကြထားခဲ့ပြီးတော့ ရသေ့ရဟန်းပြုပြီး တောထွက်ကြတယ်။ ညီအစ်ကို ခုနစ်ယောက်ရယ်၊ အငယ်ဆုံးညီမလေးရယ် ဆိုတော့ ရှစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီးတော့ ရှေးသုံးနဲ့ ပြောမယ်ဆိုရင်တော့ ကျွန်ယောက်ျားရယ်၊ ကျွန်မိန်းမရယ်၊ ပြီးတော့ သူတို့နဲ့ စိတ်တူကိုယ်တူ ပါရမီဖြည့်ဖက် မိတ်ဆွေတစ်ယောက်ရယ် ဆိုတော့ ဘယ်နှယောက်လဲ။ ဆယ့်တစ်ယောက်။ သူတော်ကောင်း ဆယ့်တစ်ယောက် တောထွက်ကြတယ်။ ဘယ်လောက် ကြည်ညိုစရာကောင်းထားတုံးနော်။

ဒီနေရာမှာ ခုနတုန်းက ပြောခဲ့တဲ့ အချက်တစ်ခုနဲ့ ပတ်သက်ပြီး ကောက်ချက်တစ်ခုချခဲ့ပါဦး။ ဘုရားအလောင်းတော်နဲ့ တခြားအလောင်းတော် သူတော်ကောင်းတွေ ရဟန်းပြုချင်စိတ် ဖြစ်ဖြစ်ချင်း ရဟန်းပြုခဲ့ကြတာ မဟုတ်ပါဘူး။ မိဘနှစ်ပါး ကွယ်လွန်တဲ့အထိ အချိန်စောင့်ခဲ့ကြပါတယ်။ မိဘနှစ်ပါးကို အားရပါးရ လုပ်ကျွေးပြုစု ကျေးဇူးဆပ်ပြီးမှ ရဟန်းပြုခဲ့ကြတာပါ။

နေရာတကာ 'ကောင်းတာလုပ်တာပဲ' ဆိုပြီး အလျင်စလို မလုပ်သင့်ပါဘူး။ အခြေအနေ၊ အချိန်အခါကို သေသေချာချာ ဉာဏ်နဲ့ ဆင်ခြင်သုံးသပ်ပြီးမှ လုပ်သင့်ပါတယ်။ တာဝန်မဲ့လူသားတစ်ဦးမဖြစ်အောင် အရာရာကို စိတ်ရှည်ရှည်နဲ့ သည်းခံစောင့်ဆိုင်းတတ်ဖို့ လိုအပ်ပါတယ်။

အဲဒီလိုနဲ့ ဆယ့်တစ်ယောက်သား ပျော်ပျော်ပါးပါးကြီး တောထွက်သွားကြတယ်။ အခု ယောဂီတို့ရှိရာ တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်တည်း ထွက်ချင်တာလား၊ အုပ်လိုက် ထွက်ချင်တာ လား။

တရားက ဟောလက်စနဲ့ဆိုတော့ အေးအေးဆေး ဆေးပဲ ပြောသွားတော့မယ်။ တစ်နာရီကျော်ရင် ကျော်ပါစေ တော့။ ဘာတွေပြောမယ်လို့ စကားလုံးကို စီကာစဉ်ကာ တိတိကျကျလုပ်ထားတာ မဟုတ်ဘဲ ပလ္လင်ပေါ်ထိုင်ရင်းနဲ့ အသံနောက် အာရုံလေး စိုက်ပြီးတော့ ဉာဏ်ထဲမှာ ပေါ်ရာ ပေါ်ရာလေး ပြောပြောသွားတာပါ။

အခု တစ်ယောက်တည်းထွက်တာ ကြိုက်လား၊ အုပ် လိုက်ထွက်တာ ကြိုက်လား ဆိုတော့ ခေါင်းထဲကနေ တစ်ခု ပေါ်လာပြန်တယ်။ ကိုယ့်ဘဝရဲ့ အတွေ့အကြုံလေးတွေ၊ ခံစားချက်လေးတွေဆိုတာကလည်း 'ကျွန်တော့်ကို ဟောပါ ခင်ဗျ၊ ကျွန်မကို ဟောပါရှင့်' နဲ့ ခေါင်းထဲပေါ်ပေါ်လာ တော့လည်း ဘယ်တတ်နိုင်ပါ့မလဲနော်။ လေကြောရှည်ချင် လို့ ရှည်တာ မဟုတ်ပါဘူး။ ခေါင်းထဲ သူ့ဘာသာသူ ပေါ် လာလို့ပါ။

ကိုယ့်ဆရာသမားကို သတိရလို့ပါ။ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ဩဝါဒပေးတော့ တစ်ခါမှာ ပြောဖူးတယ်။ ရယ်စရာသဘောနဲ့ ပြောတာပါ။ ရယ်စရာဆိုပေမယ့်လည်း ဆရာတော်ကြီး သူတော်က


www.burmeseclassic.com

www.burmeseclassic.com

(၇၀) လည်း ကျော်ပြီဆိုတော့ အဲဒီလိုမှလည်း ဖြစ်မှာပါ။

ဆရာတော်ကြီးက သက်တော်(၈၀)ပြည့်ရင် တောထွက်မယ်လို့ ဆုံးဖြတ်ထားတာ။ ဒါပေမဲ့ ဆရာတော်ကြီးက သက်တော်(၇၈)မှာပဲ ဘဝနတ်ထံ ပျံလွန်တော်မူသွားလို့ ဆန္ဒပြည့်ဝမသွားခဲ့ဘူး။

ဆရာတော်ကြီးက ဘာပြောသလဲဆိုတော့ ငါတောထွက်လို့ရှိရင် ကပ္ပိယကြီးတစ်ယောက်လည်း ခေါ်သွားမယ်။ နွားမကြီးတစ်ကောင်လည်း ခေါ်သွားမယ်တဲ့။ ကပ္ပိယကတော့ ဆွမ်းချက်ကပ်ဖို့ပါတဲ့။ နွားမကြီးကတော့ နွားနို့သောက်ဖို့ပါတဲ့။ ရိုးရိုးသားသားနဲ့ ခပ်ရှင်ရှင်လေး မိန့်တော်မူပါတယ်။

အခု ယောဂီတို့က တောထွက်ရင် ဘာတွေခေါ်သွားကြမှာတုံး။ ခေါ်ချင်တဲ့သူကိုသာ ခေါ်သွားကြတော့ . . . နော်။ အခု ဒီမှာ ဆယ့်တစ်ယောက်အတူ တောထွက်သွားတာဆိုတော့ တပျော်တပါးကြီးပေါ့။

သစ်သီးကြီးငယ်တွေ တောထဲကို အုပ်လိုက်ကြီး သွားခူးကြ။ တစ်ယောက်က ထူးထူးဆန်းဆန်းသစ်ပင် တွေ့ရင် ဟော့ ဒီမှာ လာကြဟော့။ သစ်ပင်အထူးအဆန်းလေး၊ အရွက်ကလည်း လှလိုက်တာ၊ အသီးကလေးကလည်း လှလိုက်တာ၊ မှည့်ဝင်းနေတာပဲ။ ဘာသီးလေးလဲ မသိဘူး။ဆိုတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ဒါ ဘာသီးလို့ ခေါ်တယ်။ တောထဲမှာ ဆူညံပွက် နေတာပေါ့။

အဲဒီမှာ ဘုရားအလောင်းတော် အစ်ကိုကြီးက တစ်ခု စဉ်းစားမိတယ်။ ငါတို့ ကုဋေရှစ်ဆယ်သော စည်းစိမ်ဥစ္စာ တွေ၊ လောကီအာရုံတွေ၊ ရှေ့ဆက်ရှာမယ်ဆိုရင်တော့ ဒီ ထက်မက စည်းစိမ်တွေ ရမှာပဲ။ စည်းစိမ်ဥစ္စာတွေ မမက် မောလို့ တောထွက်ပြီး ရသေ့ရဟန်းပြုလာခါမှ ဒီလို လျှပ် ပေါ်လော်လီတဲ့ အမူအရာနဲ့ အုတ်အုတ်ကျက်ကျက် ဆူဆူ ညံညံဖြစ်နေဖို့တော့ မသင့်တော်ဘူး။

ဒီလို အုပ်လိုက်ကြီး သစ်သီးရှာထွက်လို့တော့ မဖြစ် ဘူး။ နောက်နေ့ကစပြီးတော့ ငါပဲ သစ်သီးရှာထွက်တော့ မယ်။ ကျန်တဲ့လူတွေ ကိုယ့်ကျောင်းမှာပဲ တရားအားထုတ် ကြပါစေတော့။ အဲဒီလို နှလုံးသွင်းပြီးတော့ ကျောင်းပြန် ရောက်တာနဲ့ အကုန်လုံး စုပြီးတော့ ပြောတာပေါ့။

မနက်ဖြန်ကစပြီးတော့ ကျွန်ုပ်ပဲ သစ်သီးရှာထွက်ပါ တော့မယ်။ တရားအားထုတ်ကြပါ။ ညီတွေက ဝိုင်းပြောကြ တာပေါ့။ ဘယ်ဟုတ်ပါ့မလဲ။ အစ်ကိုကြီးကို ဆရာတင်ပြီး တော့ ရဟန်းပြုလာကြတာပဲ။ အစ်ကိုက ကျွန်တော်တို့ရဲ့ ဆရာအရာမှာ နေပါ။ အစ်ကိုကြီး သစ်သီးရှာ မထွက်ပါနဲ့။

ညီမလေးလည်းပဲ မိန်းကလေးဖြစ်နေလို့ သစ်သီးရှာ

www.burmeseclassic.com

မထွက်ပါနဲ့။ ညီမလေးရဲ့ အဖော်အဖြစ်နဲ့ အဖော်မကာ နေခဲ့ပါ။ ဒီတော့ ကိုယ့်ကျောင်းသခ်မ်းမှာ သုံးယောက်နေတယ်ဆိုတော့ ရှစ်ယောက်ပဲ ကျန်တယ်။

ကျွန်တော်တို့ ညီအစ်ကိုခြောက်ယောက်နဲ့ သူငယ်ချင်းရယ်၊ ကျွန်ယောက်ျားရယ်ကပဲ သစ်သီးရှာထွက်ပါ့မယ်ဆိုပြီးတော့ ဝိုင်းပြီး လျှောက်ထားကြတယ်။

အဲဒါနဲ့ အစ်ကိုကြီးရယ်၊ ညီမလေးရယ်၊ အဖော်မလေးရယ် သူတို့သုံးယောက်က ကျောင်းသခ်မ်းမှာပဲ နေခဲ့ကြတယ်။ တရားအားထုတ်နေခဲ့ကြတယ်။ ရှစ်ယောက်က အလှည့်ကျ သစ်သီးရှာထွက်ကြတယ်။

ရှစ်ယောက်လုံး စုပြုံထွက်ကြတာ မဟုတ်ဘူး။ ရှစ်ယောက်ကို ခွဲတမ်းချပြီးတော့ ဒီနေ့တော့ ဘယ်သူ၊ နောက်နေ့ ဘယ်သူ အစဉ်အတိုင်း သစ်သီးရှာထွက်ကြပါတယ်။

သစ်သီးရှာထွက်။ သူတို့နေတဲ့နေရာကလည်း ကြာမျိုး ငါးပါးနဲ့ ပြည့်စုံတဲ့ ရေကန်စပ်ကလေးမှာ ကျောင်းလေးဆောက်ပြီးတော့ နေကြတယ်။ အဲဒါနဲ့ ရေကန်စပ်ကလေးမှာ ဇရပ်လေးတစ်ခုဆောက်ထား၊ ကျောက်ဖျာလေးလည်းခင်းထား။ အဲဒီမှာ ရှာလို့ရလာတဲ့ သစ်သီးတွေကို စု။ ဆယ့်တစ်ပုံပုံ။ ဆယ့်တစ်ပုံပုံပြီးတော့ ကိုယ့်အပုံလေးကို ယူသွားပြီးတော့ ကိုယ့်ကျောင်းမှာစား။



www.burmeseclassic.com

www.burmeseclassic.com

တာဝန်ကျ သစ်သီးရှာတဲ့သူက ကျောက်စည်လေး တီးထားခဲ့လိုက်တယ်။ ကျောက်စည်သံကို အာရုံပြုပြီးတော့မှ 'ဩော် ငါတို့အတွက် စားစရာသစ်သီးတွေ ဝေပုံကျ ချပြီး သွားပြီ' ဆိုပြီးတော့ အစဉ်အတိုင်းပါပဲ။ ဟို ကျောင်းက တစ်ပါးထွက်လာ၊ ကိုယ့်အပုံကိုယ် ယူသွား။ ကိုယ့်ကျောင်း ပြန်ပြီးတော့ အေးအေးဆေးဆေးစား။ အဲဒီလိုနဲ့ ရဟန်း တရားတွေ အားထုတ်ကြပါတယ်။

နောက်ပိုင်းမှာ သစ်သီးတောင် အရှာမထွက်တော့ပါ ဘူး။ ဝေးဝေးလံလံ သစ်သီးသွားရှာနေရင် အချိန်ကုန်တယ်၊ တရားအလုပ်ပျက်တယ် . . . ဆိုပြီးတော့ ကျောင်းသင်္ခမ်း တွေနားက ရေကန်ကြီးထဲက ကြာစွယ်ကြာရိုးတွေကိုပဲ ချိုးပြီး တော့ စားကြပါတယ်။ ရှိတာနဲ့ပဲ ရောင့်ရဲတင်းတိမ်လိုက် တော့တဲ့ သဘောပေါ့။

■



www.burmeseclassic.com

www.burmeseclassic.com

## အစားမျက်ပေမယ့် တရားမပျက်စေရဘူး

သူတို့ရဲ့ အကျင့်က ပြင်းထန်တယ်။ ပြင်းထန်တဲ့အတွက် ဇာတ်တော်တွေမှာလာတဲ့အတိုင်း သိကြားမင်းရဲ့ ကျောက်ဖျာက တင်းသွားပြီ။ ကျောက်ဖျာတင်းတဲ့အခါမှာ သိကြားမင်းက စိတ်တုန်လှုပ်တယ်။ ငါ့နေရာ ဘယ်သူများ လာလုမလို့လဲ မသိဘူး။

အောက်က လူ့ပြည်က ပုဂ္ဂိုလ်တစ်ယောက်ယောက် အကျင့်ပြင်းထန်ပြီဆိုရင် သေသွားတဲ့အခါ သိကြားမင်း ဖြစ်မှာကိုး။ သူကလည်း သိကြားမင်းနေရာ လျှော့မှာကို မပူဘူးလား။ ပူတယ်နော်။

အောက်က ရသေ့တွေက အကျင့်ပြင်းထန်တော့ ကျောက်ဖျာကြီးက တင်းလာတယ်။ တင်းလာတော့ 'ဟာ

www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခပဲ၊ ငါ့နေရာ ဘယ်သူလာလုမလို့လဲ မသိဘူး’။

အောက်ကို ကြည့်လိုက်တော့ ရသေ့ဆယ့်တစ်ပါး ဖြိုးဖြိုးဖြိုးဖြိုးနဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်နေတာ တွေ့တယ်။ သူတို့တွေ ကာမဂုဏ်အာရုံ ခံစားချင်တဲ့စိတ် ရှိလား မရှိဘူးလား ငါ သွားပြီးတော့ စမ်းသပ်ကြည့်ဦးမှပဲ။ တကယ်လို့ ကာမဂုဏ်ချမ်းသာ ခံစားချင်တဲ့စိတ် ရှိတယ် ဆိုရင်တော့ သူ့နေရာ လုတော့မှာကိုး။

ဒါကြောင့်မို့လို့ သူက သူ့နေရာလေး မြဲချင်လို့ စုံစမ်းရေး ဆင်းတော့တာပါပဲ။ ကြာစွယ်ကြာရိုး ဆယ့်တစ်ပုံပုံထားတယ်။ ကျောက်စည်ထိုးပြီဆိုတာနဲ့ ဘုရားလောင်းအစ်ကိုကြီးရဲ့ ဝေစုကို ဖွက်ထားလိုက်တယ်။

ကျောက်စည်ထိုးပြီဆိုတော့ နောင်တော်ကြီး ရသေ့လည်း ကိုယ့်ရဲ့ ကျောင်းသင်္ခမ်းထဲကနေ ထွက်လာ၊ ဇရပ်ကို ရောက်၊ ကိုယ့်အပုံကို ရှာလို့ မတွေ့တော့ဘူး။

‘ငါ့အပုံတော့ ရှာလို့ မတွေ့တော့ဘူး၊ ဟိုဘက်က အပုံပဲ ယူမယ်’ လို့ စိတ်မွေးရဲ့လား။ မမွေးဘူး။

ကိုယ့်အပုံလေး ပျောက်နေတာတွေ့တော့ ‘သြော် . . . မေ့နေလို့ ထင်ပါရဲ့၊ ငါ့အတွက် ဝေစုချန်ထားဖို့ မေ့သွားလို့ ထင်ပါရဲ့’ ဆိုပြီးတော့ ကိုယ့်ကျောင်းကိုယ် ပြန်သွား၊ ရောက်ပြီးတော့ ဆက်ပြီး တရားအားထုတ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နောက်တစ်ယောက်က ကြာစွယ် အရှာထွက်။ ကျောက်စည်လေးထိုး။ သူဝေစုလေး ယူပြီး သွား။ ကျန်တဲ့သူတွေက အလှည့်ကျ ထွက်လာ။ ရသေ့ဆရာကြီးက ထွက်လာပြီး ကြည့်လိုက်တဲ့အခါ သူ့ဝေစုက မရှိတော့ဘူး။ သိကြားမင်းက ဝှက်သွားပြန်ပြီ။

'မနေ့ကတော့ မေ့သွားလို့ ထင်တယ်။ ဒီနေ့တော့ ငါ့မှာ အပြစ်တစ်ခုခုရှိလို့ ငါ့ကို အပြစ်ပေးတဲ့သဘောဖြစ်မယ်'။ သူများအပုံ လုယူရဲ့လား။ မလုယူဘူးနော်၊ သူတော်ကောင်းပုဂ္ဂိုလ်။ အဲဒါနဲ့ ကျောင်းပြန်ပြီး ရေသောက်ပြီးတော့ မျှတတယ်။

တတိယမြောက်နေ့ကျတော့လည်း သိကြားမင်းက ဝှက်ထားပြန်ရော။ ဘုရားလောင်းရသေ့က သွားကြည့်တော့ သူ့ဝေစုက မရှိတော့ဘူး။

'ဟိုတစ်နေ့ကတော့ မေ့လို့၊ မနေ့ကတော့ အပြစ်ရှိလို့၊ ဒီနေ့တော့ ငါ့ကို အပြစ်မြင်နေတာ သေချာပြီ။ ဒါ့ကြောင့် သူတို့အားလုံးကို စည်းဝေးပြီးတော့ ငါ့မှာ ဘာအပြစ်ရှိလဲလို့ ပြောခိုင်းမှပဲ။ ငါ့မှာအပြစ်ရှိတယ်ဆိုရင်တော့ တောင်းပန်မှပဲ' ဆိုပြီးတော့ ညနေပိုင်း၊ နေဝင်ဆည်းဆာချိန် ရောက်တဲ့အခါ ဘုရားလောင်းရသေ့ကြီးက ကျောက်စည်ထိုးလိုက်တယ်။

နေ့လယ်ပိုင်းမှာတော့ ရေသောက်ပြီး မျှတနေလိုက်



www.burmeseclassic.com

www.burmeseclassic.com

တာပေါ့။ ညနေပိုင်းနေဝင်ရီတရောကျတော့မှ ကျောက်စည်လေးထိုး။ ကျောက်စည်ထိုးတော့ ကျောင်းသခ်မ်းတွေကနေတစ်ပါးချင်း၊ တစ်ပါးချင်း ကြွလာတယ်။

ခုနက ကျောက်စည် ဘယ်သူထိုးတာလဲ။ ကျွန်ုပ်ထိုးတာပါ။ ဘာကိစ္စများရှိလို့ပါလဲ။ သူတို့က အကြောင်းကိစ္စမရှိဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် မတွေ့ကြဘူး။ 'တစ်ယောက်တည်းနေ . . . တစ်စိတ်တည်းထား' ဆိုတဲ့ မူဝါဒနဲ့တရားအားထုတ်နေကြတာ။

ဘာကိစ္စရှိလို့ပါလဲ ဆိုတော့ ဟိုတစ်နေ့က ကြာစွယ်ကြာရိုး ဘယ်သူ အရှာထွက်တာလဲ။ ကျွန်ုပ် အရှာထွက်တာပါ လို့ ရသေ့တစ်ပါးက မတ်တတ်ရပ်ပြီးတော့ ပြောတယ်။

အဲဒီနေ့က ကျွန်ုပ်အတွက် ဝေစုများ ပုံထားမိရဲ့လား။ သေချာပုံထားပါတယ် ရသေ့ကြီး။ အကြီးဆုံးအပုံ ပုံထားတာပါ။ အစ်ကိုအကြီးဆုံးဆိုတော့ သူများထက်ကို ပိုပြီးတော့ပုံထားပါတယ်။ အေး ဒါပေမဲ့ ငါတော့ မရဘူး။

မနေ့ကရော ဘယ်သူ အရှာထွက်တာလဲ။ တပည့်တော် အရှာထွက်တာပါ။ ငါ့အတွက် ဝေစုများ ထားမိရဲ့လား။ သေသေချာချာကို ထားတာပါ အစ်ကိုကြီး။ အကောင်းဆုံး၊ အမွန်မြတ်ဆုံး၊ အသန့်စင်ဆုံးလေးတွေကို ရွေးပြီးတော့ ထားတာပါ။ သင်ကသာ ထားတယ်ပြောတာ။ ငါ

www.burmeseclassic.com

တော့ ဝေစုမရဘူး။

ကဲ ဒီနေ့ရော ဘယ်သူအရှာထွက်တာလဲ။ တပည့်တော် အရှာထွက်တာပါ။ ငါ့အတွက် ဝေစုရော ထားမိရဲ့လား။ သေသေချာချာကို ထားတာပါ။ သင်က ထားတယ်ပြောပေမယ့် ငါတော့ ဝေစုမရဘူး။ စားချင်လို့ပြောတာဟုတ်ရဲ့လား။ မဟုတ်ဘူးနော်။ အပြစ်ရှိရင် ဝန်ချတောင်းပန်ချင်လို့။

ဟိုတစ်နေ့ကတော့ မေ့သွားတယ်လို့ပဲ ယူဆမိတယ်။ မနေ့က အပြစ်ရှိတယ်လို့ ယူဆမိတယ်။ ဒီနေ့ပါ မထားဘူးဆိုတော့ ငါ့မှာအပြစ်ရှိတာ သေချာသွားပြီ။ ဒါ့ကြောင့် ကျွန်ုပ်မှာ အပြစ်တွေရှိရင်လည်း ပြောကြပါ။ အဲဒီ အပြစ်တွေကို ဝန်ချတောင်းပန်ပါ့မယ်။

တကယ်လို့ အပြစ်မရှိဘဲနဲ့ ဒီဆယ့်တစ်ယောက်ထဲက တစ်ယောက်ယောက်က ခိုးစားတာ ဆိုရင်တော့ မသင့်တော်ဘူး။ တန်ဖိုးရှိတဲ့ ပစ္စည်းဥစ္စာတွေ စွန့်လွှတ်ပြီးတော့ ရသေ့ရဟန်း ပြုလာခါမှ ဘာမဟုတ်တဲ့ ကြာစွယ်ကြာရိုး ကြာဝတ်ဆံလေးတွေကို ခိုးစားတယ်ဆိုရင်တော့ ဘယ်သင့်တော်ပါ့မလဲ။

တို့ဆယ့်တစ်ယောက်ထဲမှာ ကြာစွယ်ကြာရိုး ခိုးတဲ့သူတော့ ရှိနေပြီ။ ဘယ်သူလဲဆိုတာ စုံစမ်းမှ ဖြစ်မယ်။ ကိုယ့်

www.burmeseclassic.com

ဘက်က ကိုယ်သိကြပါ။

အဲဒီလိုပြောတော့ ကျန်တဲ့သူတွေက ဒီစကားကြားရတာ အင်မတန် စိတ်ပင်ပန်းပါတယ်။ တကယ့် သူတော်ကောင်း ပုဂ္ဂိုလ်ကြီးတွေ ခိုးတယ်ဆိုတဲ့စကား ဘယ်ကြားရပ့ါမလဲ။

တကယ်လည်းပဲ တစ်ယောက်ချင်း တစ်ယောက်ချင်းက ခိုးတာမှ မဟုတ်တာ။ ကိုယ်က မခိုးဘူးဆိုတော့ တခြားလူများ ခိုးမလား ဆိုပြီးတော့ သံသယလေးတော့ ရှိကြတာပေါ့။ ဩော် တော်တော်ဆိုးတာပဲ။ အစ်ကိုကြီးကို ဒီလောက်တောင် နှိပ်စက်လိုက်ကြတာ ဆိုပြီးတော့ အသီးသီး တွေးနေကြတာပေါ့။

■



www.burmeseclassic.com

www.burmeseclassic.com

# ရွှေကြောင့်စိတ်အေးချမ်းပါစေ

အဲဒါနဲ့ ဒုတိယမြောက် အစ်ကိုပေါ့။ မောင်ရွှေ(၂) က မတ်တတ်ရပ်ပြီးတော့ အစ်ကိုကြီး ဒီကြာစွယ်ကြာရိုးတွေ မခိုးဘူးဆိုတာကို သက်သေပြပါရစေ။ မခိုးဘူးဆိုတဲ့ အကြောင်းကို ကျိန်စာဆိုပါရစေ၊ ကဲ ဒါဖြင့်ရင်လည်း ဆိုပေါ့။ ခုနက အစ်ကိုကြီးက ဘုရားလောင်းပေါ့။ ဒုတိယမြောက် အစ်ကိုက အရှင်သာရိပုတ္တရာအလောင်း။ အရှင်သာရိပုတ္တရာ အလောင်းက ကျိန်စာဆိုတယ်။

'နောင်တော်ကြီးရသေ့ရဲ့ ကြာစွယ်ကြာရိုးတွေကို အကျွန်ုပ် မခိုးရရိုး အမှန်ပါ။ တကယ်လို့ ခိုးခဲ့တယ်ဆိုရင် ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ၊ ဆင်တွေ၊ မြင်းတွေ၊ နွားတွေ၊ ဆိတ်တွေ အစရှိတဲ့ သက်ရှိသက်မဲ့ ကာမ



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ချမ်းသာတွေနဲ့ ပြည့်စုံတဲ့သူ၊ ဇနီးမယား သမီးသားတွေနဲ့ ကာမဂုဏ်ချမ်းသာတွေ ပြည့်ပြည့်ဝဝ ခံစားရတဲ့သူ ဖြစ်ရပါစေ'

အတိုချုပ်ပြောရမယ်ဆိုရင်တော့ 'ဒီကြာစွယ်တွေကို ခိုးခဲ့မယ်ဆိုရင် ဇနီးမယား သမီးသားတွေနဲ့ ကာမဂုဏ်ချမ်းသာ ခံစားရပါစေ'။

ကဲ သူတို့ ကျိန်တာက လောကလူသားတွေနဲ့ ဆန့်ကျင်ဘက် ဖြစ်မနေဘူးလား။ လောကလူသားတွေဆိုရင် ဘယ်လို ကျိန်မလဲ။ 'ဒီကြာစွယ်တွေကို တကယ်လို့များ ခိုးခဲ့ရင် ကာမဂုဏ်ချမ်းသာတွေနဲ့ မပြည့်စုံရပါစေနဲ့'။ အဲဒီလို ကျိန်မှာနော်။ ဘာလို့လဲဆိုတော့ ကိုယ်က ကာမဂုဏ် ချမ်းသာ ခံစားချင်တာကိုး။

အခု သူတို့ကတော့ ကာမဂုဏ်ချမ်းသာ ခံစားချင်တာလား၊ မခံစားချင်တာလား။ မခံစားချင်တာ။ ခံစားချင်တယ်ဆိုရင်တော့ 'ကြာစွယ်တွေ ခိုးခဲ့မယ်ဆိုရင် ကာမဂုဏ်ချမ်းသာတွေ မပြည့်စုံရပါစေနဲ့' လို့ ကျိန်မှာပေါ့။ အခုတော့ ခံစားချင်စိတ် လုံးဝမရှိလို့ 'ကြာစွယ်တွေ ခိုးခဲ့မယ် ဆိုရင် ကာမဂုဏ်ချမ်းသာနဲ့ ပြည့်စုံပါရစေ' တဲ့။

အဲဒီလိုလည်း ပြောရော ကျန်တဲ့ရသေ့တွေက နားနှစ်ဖက် ပိတ်ထားကြတယ်။ မကျိန်ပါနဲ့၊ အဲဒီလို ကျိန်တာကြီး



www.burmeseclassic.com

www.burmeseclassic.com

က ကြောက်စရာကောင်းလိုက်တာ။ အင်မတန် ဝန်လေးလိုက်တာ။ အင်မတန်ကို ရွံရှာစရာကောင်းလိုက်တာ။ အဲဒီလိုကြီးတော့ မကျိန်ပါနဲ့။ ဝိုင်းတားကြတယ်။ ဘယ်လောက်များ ကြည်ညိုစရာကောင်းထားတုံးနော်။

ကာမဂုဏ်ချမ်းသာကို ဝေးလေကောင်းလေလို့ နှလုံးသွင်းထားတဲ့ သူတော်ကောင်းပုဂ္ဂိုလ်မျိုးတွေပါ။ ဒီလိုပြောလိုက်လို့ အရှင်သာရိပုတ္တရာ ဘဝတိုင်းဘဝတိုင်း ကာမဂုဏ်ချမ်းသာတွေ ရအောင် မရှာခဲ့ဘူး။ အမြဲတမ်း စွန့်ခဲ့တယ်။ ဒီလို မဆိုလိုပါဘူး။

အခြေအနေ အချိန်အခါပေါ် မူတည်တယ်။ အဲဒီဘဝမှာတော့ ရသေ့ရဟန်းပြုပြီးတော့ သမထကမ္မဋ္ဌာန်းကို သာလျှင် ဒီဘဝရဲ့ အနှစ်သာရလို့ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်။ အိမ်ရာတည်ထောင် လူ့ဘောင်မှာ မနေချင်ဘဲနဲ့ တောထဲမှာပဲ ရဟန်းတရားနဲ့ မွေ့လျော်ချင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီကာမဂုဏ်ချမ်းသာတွေဟာ ဝေးလေကောင်းလေပဲ။ နဂိုကတည်းကလည်း ဝေးလေကောင်းလေဆိုတာ သိလို့ တောထွက်ကြတာပါပဲ။

ကျန်တဲ့ ဆယ့်တစ်ယောက်လည်းပဲ ကျိန်လို့ရှိရင် အဲဒီအတိုင်းပဲ ကျိန်မှာပါပဲ။ ဒီကြာစွယ်ကြာရိုးကို ခိုးမိလို့ရှိရင် ကာမဂုဏ်ချမ်းသာတွေ ပြည့်စုံပါရစေချည်းပဲ။ ဒါပေမဲ့ ပြည့်



www.burmeseclassic.com

www.burmeseclassic.com

စုံပုံ ပြည့်စုံနည်းလေးတွေပဲ ကွာသွားတာ။

အထူးလေးတွေပဲ ရွေးမှတ်ပေါ့လေ။ အကုန်လုံး ကျိန်ကြမှာကတော့ ဇနီးမယားသမီးသားတွေနဲ့ ကြီးပွားချမ်းသာရပါစေချည်းပါပဲ။

အရှင်သာရိပုတ္တရာ မထေရ်အလောင်းရသေ့ ကျိန်တဲ့အထဲမှာ အထူးပါလာတာက 'တကယ်လို့များ ကြာစွယ်ကြာရိုးတွေကို ခိုးခဲ့မိရင် ရွှေတွေ အများကြီး ချမ်းသာတဲ့သူ ဖြစ်ရပါစေ' တဲ့။

ရွှေတွေ အများကြီး ချမ်းသာပါရစေလို့ ကျိန်တာဟာ ဒုက္ခတွေ အများကြီး ကြုံတွေ့ပါရစေလို့ ကျိန်တာပါပဲ။ ရွှေတွေအများကြီးရှိရင် ရှိသလောက် ဆင်းရဲဒုက္ခတွေ ကြုံတွေ့ရမယ်။ ရွှေရှာရတဲ့ဒုက္ခရော၊ ရွှေထိန်းသိမ်းရတဲ့ဒုက္ခရော၊ ရွှေပျောက်ဆုံးပျက်စီးသွားရင် ပူပန်ရတဲ့ဒုက္ခတွေရောပေါ့။

ဒါကတော့ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေကို လုံးဝ စွန့်လွှတ်မယ့်ပုဂ္ဂိုလ်အနေနဲ့ ဆုတောင်းတာပဲပေါ့။ ရွှေအစရှိတဲ့ ကာမဂုဏ်ဝတ္ထုတွေ လုံးဝ မလိုချင်ဘူး။ တကယ်လို့ကိုယ်က ရွှေငွေ အစရှိတဲ့ ပစ္စည်းဥစ္စာတွေကို လုံးဝ မစွန့်လွှတ်နိုင်သေးဘူး၊ သိမ်းပိုက်ထားရသေးတယ်ဆိုရင်လည်း အဲဒီ ရွှေငွေကို အကြောင်းပြုပြီးတော့ ကုသိုလ်တရားတိုးပွားအောင် ကြိုးစားလို့ မရဘူးလား။ ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေတွေ အများကြီး ချမ်းသာတယ်။ မြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်တွေ ဌာပနာထားတဲ့ စေတီတော်တွေမှာ ရွှေသက်န်း ကပ်လှူမယ်၊ ရွှေပြားသင်္ကန်း ကပ်လှူမယ်၊ ရွှေစင်သင်္ကန်းတွေ ကပ်လှူမယ်။ ကိုယ့်မှာရှိတဲ့ ရတနာပစ္စည်းတွေကို ဘုရားရဲ့ ဌာပနာတိုက်ထဲမှာ လှူမယ်။

ရွှေချည်းသက်သက် ရွှေပန်းခိုင်တို့၊ ရွှေတံခွန်တို့၊ ရွှေထီးတို့ ပြုလုပ်ပြီးတော့ မြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်တွေကို ပူဇော်မယ်ဆိုရင်လည်း ကုသိုလ်တရားတွေ တိုးပွားသွားတာပါပဲ။

သူတော်ကောင်းဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်ပိုင်ဆိုင်ထားတဲ့ ကာမဝတ္ထုအစုစုကို ကုသိုလ်တရားတွေအဖြစ် အသွင်ပြောင်းလဲတတ်ပါတယ်။ ဒါပေမဲ့ အခြေအနေ၊အချိန်အခါအရ လုံးဝ စွန့်လွှတ်ဖို့ အခြေအနေတွေ ပေးနေတဲ့အခိုက်၊ အထူးသဖြင့် မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးနဲ့ ကြုံတွေ့နေတဲ့အခိုက်၊ သံသရာနဲ့ချီပြီးတော့ ရတောင့်ရခဲတဲ့ ရဟန်းဘဝ၊ သာသနာ့ဘောင်နဲ့ တွေ့နေတဲ့အခိုက်မျိုးမှာတော့ ကိုယ့်ဘက်က စွမ်းနိုင်မယ်ဆိုရင် လုံးဝ စွန့်လွှတ်ပြီးတော့ ရဟန်းတရားနဲ့ မွေ့လျော်နိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပါပဲ။

■



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မွေးချင်လို့ ဆွတ်တာလား

သူများမွေးစေချင်လို့ ဆွတ်တာလား

နောက်တစ်ခါ အရှင်မဟာမောဂ္ဂလ္လာန်အလောင်းမောင်ရွှေ(၃)ဖြစ်မှာပေါ့။ အရှင်မဟာမောဂ္ဂလ္လာန်အလောင်းကလည်း ကျိန်ပြန်တယ်။

'နောင်တော်ကြီးရဲ့ ကြာစွယ်ကြာရိုးတွေကို အကျွန်ုပ်မခိုးရရိုး အမှန်ပါ။ တကယ်လို့များ ဒီကြာစွယ်ကြာရိုးတွေကိုခိုးခဲ့တယ်ဆိုရင် ဇနီးမယား သမီးသားတွေနဲ့ ကြီးပွားတဲ့သူ၊ ကာမဂုဏ်ချမ်းသာတွေ အလျှံပယ် ပြည့်စုံတဲ့သူ ဖြစ်ရပါစေ။ ကာသိတိုင်းကထွက်တဲ့ စန္ဒကူးနံ့သာတွေ၊ ပန်းမျိုးစုံတွေကိုဆင်မြန်းသုံးစွဲနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ရပါစေ'

ရသေ့တိုင်း ရသေ့တိုင်း ကျိန်တာကတော့ ဇနီးမယားသမီးသားတွေနဲ့၊ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံတဲ့သူဖြစ်ပါရစေလို့ ကျိန်ကြတာချည်းပါပဲ။

ဒါပေမဲ့ ဘယ်လိုအဆင့်အတန်းမျိုးရှိတဲ့သူလဲဆိုတဲ့ ပုဂ္ဂိုလ်အမျိုးအစား သတ်မှတ်ချက်မှာတော့ အတိတ်က အထပ်ထပ်အခါခါ ကျင်လည်ခဲ့တဲ့ ဘဝတွေအပေါ် မူတည်ပြီးတော့ ဆုတောင်းလေးတွေ ကွဲသွားတာပါ။

ခုန အရှင်သာရိပုတ္တရာကတော့ ဖြစ်လေရာ ဘဝသံသရာမှာ ရွှေပန်းထိမ်သည်၊ သို့မဟုတ် ရွှေကုန်သည်ဖြစ်ခဲ့တဲ့ ဘဝများတယ် ထင်ပါတယ်။ ရွှေအမြဲတမ်း ကိုင်ပြီး အလုပ်လုပ်ခဲ့ရတာများတော့ ရွှေကို ပဓာနပြုပြီး ဆုတောင်းတာပေါ့။

အရှင်မဟာမောဂ္ဂလ္လာန်ကတော့ အမွှေးအကြိုင်တွေကို ပိုမိုပြီးတော့ သဘောကျ ခုံမင်ခဲ့တယ် ထင်ပါတယ်။ ဒါကြောင့် သူကျိန်တဲ့အထဲမှာ အမွှေးနံ့သာတွေကို စိတ်ရှိတိုင်း သုံးစွဲနိုင်တဲ့သူ ဖြစ်ပါရစေတဲ့။

တကယ်တမ်းဆိုရင်တော့ အမွှေးနံ့သာတွေ သုံးစွဲနိုင်ပါရစေဆိုတာလည်း အကောင်းကိုပဲ ကျိန်တာ မဟုတ်ဘူးလား။ သာမန် လောကလူသားတွေအနေနဲ့ ကြည့်မယ်ဆိုရင်တော့ အကောင်းတွေချည်းပဲ။ တကယ်ဆို 'မခိုးပါဘူး။ ခိုးခဲ့ရင် အမွှေးနံ့သာတွေ မသုံးစွဲရပါစေနဲ့' လို့ ကျိန်ရမှာပေါ့။

သူတို့ကတော့ မဟုတ်ဘူး။ ခိုးလို့ရှိရင် အမွှေးနံ့သာ



www.burmeseclassic.com

www.burmeseclassic.com

တွေ သုံးစွဲရပါစေ။ မခိုးလို့ရှိရင် အမွေးနံ့သာတွေ မသုံးစွဲရပါစေနဲ့ လို့ ကျိန်တယ်။ အမွေးနံ့သာတွေကို မသုံးစွဲချင်လို့ကို ကျိန်တာပါ။

အမွေးနံ့သာတွေကို သုံးစွဲနေရတယ်ဆိုတာလည်း ချမ်းသာလား၊ ဆင်းရဲလား။

'ဆင်းရဲပါဘုရား'

တရားဟောဘုန်းကြီး စိတ်ချမ်းသာအောင် ပြောတာပါ။ ကိုယ်ကတော့ စိတ်ချမ်းသာတယ်ပဲ ထင်ပြီးတော့ ရေမွှေးတွေ တရှုံးရှုံးနဲ့ ဆွတ်နေကြတာပဲ မဟုတ်လား။

တကယ်တော့ ဒီအမွေးနံ့သာတွေကလည်း မလွှဲမရှောင်သာ သုံးစွဲတာကလွဲရင် လွန်လွန်ကဲကဲ သုံးစွဲဖို့ မသင့်တော်ဘူး။ အမွေးနံ့သာတွေ ဆိုတာက သမာဓိကို ပျက်စေတယ်။

ဦးဇင်းတို့လည်း လူဝတ်ကြောင်ဘဝတုန်းကအမွေးနံ့သာ သဘောကျတာပါပဲ။ အပြင်ထွက်ပြီဆိုရင် ရေမွှေးဆွတ်တယ်။ ကျောင်းသွားပြီဆိုရင် ရေမွှေးဆွတ်တယ်။ ရှစ်တန်းလောက်က စပြီးတော့ပေါ့လေ။

အမှန်ကတော့ ကိုယ်ဆွတ်ထားတဲ့ ရေမွှေးရနံ့ကို ကိုယ်ကိုယ်တိုင် သိပ်မရပါဘူး။ တစ်ချက်တစ်ချက်ကလေးမှ အမွေးနံ့လေး နှာခေါင်းထဲ ဝင်လာတာ။ ကိုယ့်အနားကပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com

တွေပဲ မွေးတာပါ။

ကိုယ့်ဘေးက ပုဂ္ဂိုလ်က ရေမွှေးဆွတ်ထားတယ် ဆိုရင် ကိုယ့်နှာခေါင်းထဲလည်း အမွှေးနံ့တွေ မဝင်ဘူးလား။ ဝင်တယ်။ သူများဆွတ်ထားတာ မွှေးတော့ ကိုယ်ကလည်း ကိုယ်ဆွတ်ထားရင် သူများမွှေးမှာပဲ၊ သူများသဘောကျမှာပဲ ဆိုပြီးတော့ ဆွတ်နေကြတာ။

ဒါဖြင့် ရေမွှေးဆွတ်နေကြတယ်ဆိုတာ ကိုယ်မွှေးချင်လို့ ဆွတ်တာလား။ သူများမွှေးစေချင်လို့ ဆွတ်တာလား။

'သူများမွှေးစေချင်လို့ ဆွတ်တာပါဘုရား'

ဩော် . . . သူများ မွှေးဖို့အတွက်များ ဘာလို့ ပိုက်ဆံ အကုန်ခံနေရသေးတာလဲ။ ဘာလို့ အပင်ပန်း အဆင်းရဲ ခံနေရသေးတာလဲ။ သာမန် ရေချိုး၊ ဆပ်ပြာတိုက်ရုံနဲ့ မလုံလောက်ဘူးလား။

အမှန်ကတော့ ရေမွှေးဆွတ်တယ်ဆိုတာ ရေချိုး၊ ဆပ်ပြာတိုက်ရုံနဲ့ မလုံလောက်လို့ ဆွတ်တာနော်။ ကိုယ်လည်း အပါအဝင် ဖြစ်ခဲ့တာပါပဲ။ အခုတော့ ဘုန်းကြီးဖြစ်ပြီ ဆိုတော့ ပြောအားရှိပြီပေါ့နော်။ ကိုယ်မှ မဆွတ်ရတာကိုး။

ရေမွှေးတွင် မဆွတ်ရတာ မဟုတ်ဘူး။ ဦးဇင်းတို့ ဘုန်းကြီးတွေ ဆိုတာက ဆပ်ပြာတိုက်တာတောင်မှ အမွှေး



www.burmeseclassic.com

www.burmeseclassic.com

ဆပ်ပြာနဲ့ မတိုက်ရဘူး။ ဦးဇင်းတို့ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကလည်း အမွှေးဆပ်ပြာသုံးတာ လုံးဝ သဘောမကျပါဘူး။ ကျောင်းတိုက်မှာလည်း လုံးဝ သုံးခွင့် မပြုပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ရှစ်ပါးသီလကတည်းကိုက ပါပြီးသားပါပဲ။ မာလာဂန္ဓ ဝိလေပန ဆိုတာလေ။ ဂန္ဓဆိုတာ အမွှေးနံ့သာပဲ။

ဒါပေမဲ့ ဦးဇင်းကိုရင်ဝတ်ခါစတုန်းကတော့ 'အမွှေးဆပ်ပြာဆိုတာလည်း တိုက်နေတုန်း ခဏပဲ မွှေးတာပါ။ အမြဲတမ်း မွှေးနေတာမှ မဟုတ်တာ။ ကာဘော်လစ် ဆပ်ပြာ လိုက်ရှွေးနေလို့ရှိရင် ဆပ်ပြာက ကိုယ့်ဆီမှာ အဆင်သင့်ရှိရင် တော်သေးတာပေါ့။ အဆင်သင့်မရှိလို့ ဝယ်ဖို့ဆိုတာကလည်း စာသင်သားဘဝမှာ လွယ်တာမှမဟုတ်တာ'

ဆိုပြီးတော့ အစပိုင်းမှာအမွှေးဆပ်ပြာရှိရင် အမွှေးဆပ်ပြာပဲ သုံးလိုက်တာပဲ။ ကာဘော်လစ်ဆပ်ပြာရှိရင် ကာဘော်လစ်ဆပ်ပြာပဲ သုံးလိုက်တာပဲ။ ကာဘော်လစ်မှရယ်လို့ အစွဲမထားပါဘူး။

ဒါပေမဲ့ တစ်နေ့ကျတော့ ကျောင်းတိုက်ရဲ့ လက်ထောက်အကြီးအမှူး အနုနာယက ဘုန်းကြီးတစ်ပါးက ဦးဇင်း ရေချိုးနေတဲ့အချိန်မှာ ဆပ်ပြာခွက် ကြည့်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

'ကိုရင်ဆန္ဒာမိက . . .၊ တခြားကိုယ်တော်တွေ အမွေးဆပ်ပြာသုံးတာကတော့ သိပ်အရေးမကြီးဘူး။ ကိုရင့်လို ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်က ဒီလို အမွေးဆပ်ပြာ သုံးနေမယ်ဆိုရင် နောင်လာနောက်သားတွေကလည်း 'ကိုရင်ဆန္ဒာမိကတောင် သုံးသေးတာပဲ' ဆိုပြီးတော့ အတုလိုက်ပြီး သုံးကြလိမ့်မယ်။ ဖြစ်နိုင်မယ်ဆိုရင် ကိုရင် ဆန္ဒာမိက အမွေးဆပ်ပြာ လုံးဝ မသုံးပါနဲ့။ ကာဘော်လစ်ဆပ်ပြာပဲ သုံးစေချင်ပါတယ်'

အနုနာယကဆရာတော် ဘုန်းကြီး ဦးသုစိတ္တ က ပြောတာပါ။ ကိုယ့်အတွက်ရော၊ သာသနာအတွက်ရော ကောင်းစေချင်တဲ့ စိတ်နဲ့ အရှည်မျှော်ကိုးပြီး ပြောတာဆိုတော့ အင်မတန် ကျေးဇူးကြီးပါတယ်။ ကောင်းစေချင်လို့ ပြောတဲ့စကား၊ သဘာဝလည်းကျ, ယုတ္တိလည်းရှိတဲ့စကားဆိုတော့ ဦးဇင်းဘက်ကလည်း လေးလေးစားစား လိုက်နာဖို့ အဆင်သင့်ပါပဲ။

အဲဒီတစ်ခွန်း ပြောပြီးကတည်းက၊ အဲဒီအဆုံးအမ ရပြီးကတည်းက ဦးဇင်းတို့ အမွေးဆပ်ပြာ လုံးဝ မသုံးတော့ပါဘူး။ ဒီနေ့ဒီအချိန်အထိ ကာဘော်လစ်ဆပ်ပြာပဲ သုံးပါတယ်။ ကာဘော်လစ်ဆပ်ပြာကတော့ မမွှေးဘူး မဟုတ်လား။ သုံးတောင် မသုံးဖူးဘူးထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## ရေမွှေးနံ့ဆိုတာ ဟာယာရုနံ့ပါ

ဒါပေမဲ့ ဟိုတစ်လောက ဆရာဝန်ဇနီးခင်ပွန်း နှစ်ယောက်က လျှောက်တယ်။ တောင်ပေါ်မှာ ဦးဇင်း ကာဘော်လစ်ဆပ်ပြာပဲသုံးတာ တွေ့သွားတော့၊ မျက်နှာသစ်တဲ့နေရာမှာလည်း ကာဘော်လစ်၊ ရေချိုးတဲ့နေရာမှာလည်း ကာဘော်လစ်၊ လက်ဆေးတဲ့ဘေဆင်နေရာနဲ့ ကုဋီနေရာမှာလည်း ကာဘော်လစ်၊ ရေသုံးတဲ့နေရာတိုင်းမှာ ကာဘော်လစ်ဆပ်ပြာချည်းပဲ တွေ့သွားတော့ . . .

'ကာဘော်လစ်ဆပ်ပြာက ပိုးမွှားတွေ သေစေတယ်ဆိုတာကတော့ ဟုတ်ပါတယ်။ ရန်သူပိုးမွှားတွေတွင် သေစေတာ မဟုတ်ဘူး၊ မိတ်ဆွေပိုးမွှားတွေကိုလည်း သေစေတယ်။ ဒါ့ကြောင့် တခြား ခန္ဓာကိုယ်နေရာတွေကိုတော့ ကာ



www.burmeseclassic.com

www.burmeseclassic.com

ဘော်လစ်နဲ့ တိုက်ချင်တိုက်ပါ။ မျက်နှာကိုတော့ ကာဘော်လစ်နဲ့ မတိုက်ပါနဲ့' တဲ့။

သူတို့ကလည်း ဦးဇင်းနဲ့ အသက်အတူတူပါပဲ။ အသက်(၃၇-၃၈)ရှိပြီ။ တပည့်တော်တို့တော့ သားဦးလေး မွေးပြီးကတည်းက ဒီနေ့ထိ ဂွမ်ဆင် အဲင်(ဒ်) ဂွမ်ဆင်ပဲ သုံးတယ်တဲ့။ ကလေးဆပ်ပြာလေ။ ကလေးတိုက်တဲ့ ဆပ်ပြာဆိုတော့ အက်စစ်ကလည်း သိပ်မပြင်းဘူးတဲ့။ အရှင်ဘုရားလည်း မျက်နှာကို ဂွမ်ဆင် အဲင်(ဒ်) ဂွမ်ဆင်နဲ့ပဲ တိုက်ပါ ဆိုပြီး ဂွမ်ဆင် အဲင်(ဒ်) ဂွမ်ဆင် ဆပ်ပြာတစ်ခဲ လာလှူထားတယ်။

တစ်ခေါက်သုံးကြည့်တော့ အမွှေးနံ့နည်းနည်း ရှိနေတာနဲ့ ဆက်ပြီး မသုံးဖြစ်တော့ဘူးပေါ့လေ။

ဒကာမကြီးတစ်ယောက်ကတော့ 'ကာဘော်လစ်က အပူ၊ မျက်စိထိတယ်၊ အရှင်ဘုရားက မျက်စိမကောင်းတော့ ကာဘော်လစ် လုံးဝ မသုံးပါနဲ့' လို့ လျှောက်ပါတယ်။

လောလောဆယ်တော့ ကာဘော်လစ်ပဲ ဆက်သုံးဖြစ်နေပါသေးတယ်။ သုံးနေကျဆိုတော့ ကာဘော်လစ်နဲ့မှပဲ ပိုအဆင်ပြေသလိုပဲ။ ဒါပေမဲ့ ကာဘော်လစ်အတုကတော့ အသားအရေကို ဒုက္ခပေးပါတယ်။

ရဟန်းသံဃာတွေဆိုရင်တော့ အမွှေးဆပ်ပြာတော



www.burmeseclassic.com

www.burmeseclassic.com

မသုံးကောင်းဘူးပေါ့လေ။ သုံးလည်းပဲ ပြဿနာတော့ သိပ် မရှိပါဘူး။ တချို့ဆရာတော်ကြီးတွေကတော့ 'သုံးလည်းပဲ အရေးမကြီးပါဘူး၊ အာပတ်မသင့်ပါဘူး' လို့ မိန့်တော်မူကြ ပါတယ်။

သာယာတဲ့စိတ်နဲ့ သုံးတာမှ မဟုတ်တာ။ ခေတ် ကာလအလျောက်ကလည်း အမွေးဆပ်ပြာပဲ ရှိတာကိုး။ ဦးဇင်းကတော့ ကိုရင်ဘဝတုန်းက ဘုန်းကြီးတစ်ပါး မေတ္တာ ရပ်ခံ ဆုံးမပြီးကတည်းက ကာဘော်လစ်ဆပ်ပြာပဲ သုံးဖြစ် ပါတယ်။ ကာဘော်လစ်တွေချည်းပဲလည်း လာလှူ မနေကြနဲ့ ဦးနော်။

ကိုယ်သုံးစွဲတဲ့ဟာတွေနဲ့ ပတ်သက်လို့တော့ ဦးဇင်းတို့ သိပ်မပြောရဲဘူး။ ဟိုတစ်နှစ်က တရားအကြောင်းအရာ အရ ကြက်ဟင်းခါးသီး ဘုဉ်းပေးတဲ့အကြောင်း ထည့်ပြော လိုက်မိတာ နေ့တိုင်း ကြက်ဟင်းခါးသီးချည်းပဲ လာလာကပ် နေကြတယ် . . . နော်။

လူတုန်းက ရေမွှေးဆွတ်တယ်။ အပြင်မှာ ဆွတ်လို့ အားမရတော့ ငါးစာကြည့်နေတုန်း ရေမွှေးနံ့လေးနဲ့ဆိုရင် စာကျက်လို့ ပိုကောင်းမှာပဲ ဆိုပြီးတော့ ရေမွှေးဆွတ်ပြီး စာကျက်ကြည့်တယ်။

တမင် နမ်းနေလို့တော့ ဘာအနံ့မှ မရပါဘူး။ စာ



www.burmeseclassic.com

www.burmeseclassic.com

ကျက်ရင်း စာကျက်ရင်းနဲ့မှ တစ်ချက်တစ်ချက် အမွှေးနံ့က တိုးဝင်လာတယ်။ တိုးဝင်လာရင် စိတ်က ရေမွှေးနံ့ဆီကို ရောက်သွားတယ်။

စာကတော့ ကျက်နေတာပဲ။ စာကတော့ ပါးစပ်က ဆိုနေတာပဲ။ စိတ်ကလည်း မှတ်သားနေတာပဲ။ ဒါပေမဲ့ သမာဓိ မရဘူး။ စာသိပ်မစွဲဘူး။ စာကျက်လို့ မကောင်းတော့ဘူး။ ရေမွှေးနံ့က စာသမာဓိကို နှောင့်ယှက်တယ်။

ဦးဇင်းရဲ့ ပင်ကိုစိတ်ဓာတ်၊ ပင်ကိုသဘာဝကိုက မလိုအပ်ဘဲ ကိုယ့်စိတ်မှာ အာရုံတစ်ခုခု ပေါ်လာတယ်ဆိုရင် ကြိုက်ကို မကြိုက်ဘူး။ လက်ရှိလုပ်နေတဲ့ အလုပ်နဲ့ မဆိုင်တဲ့ တစ်စုံတစ်ယောက် သို့မဟုတ်၊ တစ်စုံတစ်ခုဆီ စိတ်ရောက်နေတာကို ကြိုက်ကို မကြိုက်ဘူး။

ဆိုလိုတာကတော့ ဘယ်သူ့ကိုမှ သတိရမနေချင်ဘူး၊ ဘယ်အရာကိုမှ စွဲလမ်းမနေချင်ဘူး၊ သမာဓိမရှိတာကို သဘောမကျဘူး၊ သမာဓိ ရှိတာလေးကိုပဲ သဘောကျတယ် ပေါ့။

'အဆင်ပြေဖို့ အဓိက' တရားတုန်းကလည်း ဟောဖူးပါတယ်။ ကိုယ့်ဘာသာကိုယ် အလွတ်သဘောနေတဲ့ အချိန်မှာ ဟိုအာရုံလေး ပေါ်လာ၊ ဒီအာရုံလေး ပေါ်လာဆိုရင် မကြိုက်ဘူးဆိုတဲ့အကြောင်းလေ။ သူငယ်ချင်းတွေက ဟို



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးနဲ့စ၊ ဒီကောင်မလေးနဲ့စ။ အိမ်ရောက်တော့ စာကျက်တဲ့အခါ အဲဒီကောင်မလေးကို မြင်နေ။ ဟုတ်လား။ အဲဒါကြီးကို သဘောမကျလို့ကိုပဲ ဆယ်တန်း မအောင်မချင်း ရည်းစားမထားဘူးလို့ ဆုံးဖြတ်ထားတာ။

အမွှေးနံ့လေး သုံးရတာလည်းပဲ အလုပ်ကို အနှောင့် အယှက် ဖြစ်တယ်ဆိုတော့ ဦးဇင်းတို့ မသုံးဖြစ်တော့ပါဘူး။ ဒါကြောင့် ရေမွှေးနံ့ကိုလည်း မာယာရနံ့လို့ နာမည်ပေးထား ပါတယ်။ ယောဂီတို့ မာယာရနံ့ ကြိုက်လား။ ကြိုက်ရင်တော့ ဒုက္ခရောက်မှာပဲနော်။

ဒီအမွှေးနံ့သာ အကြောင်းပြုပြီး ဒုက္ခရောက်ရတဲ့ အကြောင်းတွေ၊ အဖြစ်အပျက်တွေ ပြောမယ်ဆိုရင် ကုန် တောင် မကုန်နိုင်ပါဘူး။ ရေမွှေးနဲ့ ပတ်သက်တဲ့ ဆောင်းပါး တွေ ဖတ်ကြည့်ရင် ဒီရေမွှေးနဲ့ပဲ ဆန့်ကျင်ဘက်လိင်ကို ဆွဲ ဆောင်တာတို့ဘာတို့၊ ဒီရေမွှေးနံ့ကြောင့်ပဲ ဒုက္ခရောက်ရ တာတို့ အများကြီးပါပဲ။

ရေမွှေးဆွတ်ထားတဲ့ လူတစ်ယောက်နားကပ်လိုက် ရင် မွှေးကြိုင်နေတာပဲ . . . နော်။ လူက မွှေးတာလား၊ ရေမွှေးက မွှေးတာလား။

ရေမွှေးက မွှေးတာပါ။ လူက လုံးဝ မမွှေးပါဘူး။ ရေမွှေးနံ့လေး စွဲကပ်နေလို့ လူလည်း မွှေးသလို ဖြစ်နေပေ



www.burmeseclassic.com

www.burmeseclassic.com

မယ့် ရေမွှေးနံ့ ပြယ်သွားတာနဲ့ လူလည်း နဂိုအတိုင်း ပြန်နံ့ လာတာပါပဲ။

ရေမွှေးနံ့၊ သနပ်ခါးနံ့ စတဲ့ မွှေးရနံ့တွေရဲ့ လှည့်စားမှုကြောင့် လူကိုလည်း မွှေးတယ်ထင်ပြီး နမ်းကြ၊ ရှိုက်ကြ၊ စွဲလမ်းကြနဲ့ ကိလေသာမီး၊ သောကမီးတွေ တောက်လောင်ပြီး ဆင်းရဲဒုက္ခတွေ ပင်လယ်ဝေနေကြတာပါ။ ပင်ကိုအရှိကို မမြင်ဘဲ အဖုံးအဖိမှာတွင် သောင်တင်နေသမျှတော့ စိတ်အပူအလောင်နဲ့ ဘဝအရှုပ်အထွေးကနေ ဘယ်လိုနည်းနဲ့မှ လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး။

အရှင်မဟာမောဂ္ဂလ္လာန်အလောင်းရသေ့က အမွှေးနံ့သာတွေ အများကြီး သုံးစွဲနိုင်တဲ့ လူချမ်းသာကြီး ဖြစ်ပါရစေ။ ကြာစွယ်ကြာရိုးများ ခိုးခဲ့တယ်ဆိုရင်ပေါ့။ သီးခြားအပိုပါလာတာတွေလည်း ရှိသေးတယ်။ အဲဒါတွေကိုတော့ နောက်ပိုင်းမှ တစ်စုတစ်စည်းတည်း ပြောမယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## လယ်သမားလည်း လည်သမားဖြစ်သွားနိုင်တယ်

အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ ပြီးတော့ အရှင်မဟာကဿပအလောင်းရသေ့ကလည်း ကျိန်ပြန်တယ်။

'နောင်တော်ကြီးရဲ့ ကြာစွယ်ကြာရိုးတွေကို အကျွန်ုပ်မခိုးခဲ့ရိုးအမှန်ပါ။ တကယ်လို့များ ဒီကြာစွယ် ကြာရိုးတွေကို ခိုးခဲ့တယ်ဆိုရင် ဇနီးမယား သမီးသားတွေနဲ့ ကြီးပွားချမ်းသာတဲ့သူ ဖြစ်ပါရစေ။ လယ်ယာတွေ အများကြီး ပိုင်ဆိုင်တဲ့၊ စပါးတွေ အများကြီး ပိုင်ဆိုင်တဲ့၊ နွားတွေ အများကြီး ပိုင်ဆိုင်တဲ့၊ သူရင်းငှား အခစားတွေ အများကြီးကို အုပ်ချုပ်ရတဲ့ လယ်ပိုင်ရှင်သူဌေးကြီး ဖြစ်ပါရစေ'

အရှင်မဟာကဿပအလောင်းအလျာကလည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လေရာ ဘဝတွေမှာ လယ်ပိုင်ရှင်သူဌေးကြီး အဖြစ်များခဲ့တာဆိုတော့ သူကျိန်လိုက်တဲ့အချိန်မှာ အဲဒါက ခေါင်းထဲပေါ်လာတာ။

မာတ်ဆိုတာက လိုက်တဲ့သဘောရှိတယ်။ အရင်ဘဝက ကျောင်းဆရာလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်က ဒီဘဝမှာလည်း ကျောင်းဆရာပဲ လုပ်ချင်တာပဲနေ့ဘ်။ အရင်ဘဝ၊ ဒီဘဝ ဆိုတာ အသာထား။ ဒီဘဝတစ်ခုတည်းပဲ ကြည့်။

ကျောင်းဆရာဘဝက အသက်ခြောက်ဆယ် ပင်စင်ယူ။ အသက်ခြောက်ဆယ်အထိ သူများချည်းပဲ ဆရာလုပ်လာတာဆိုတော့ ပင်စင်ယူပြီးတော့လည်း ဆရာလုပ်ရမှ ကျေနပ်တယ်။ အထူးသဖြင့်တော့ ဆရာမတွေပေါ့လေ။

'တပည့်တော်တို့က ဆရာမဘဝက လာတာဆိုတော့ ဆရာလေးတော့ နည်းနည်းလုပ်ရမှ ကျေနပ်တာ ဆိုတော့ အရှင်ဘုရားကိုလည်း နည်းနည်း လျှောက်ပါရစေ' ဆိုပြီးတော့ လျှောက်တာကိုး။ ဆရာလုပ်တယ်လို့တော့ မအောက်မေ့ပါနဲ့တဲ့။ သတိပေးတာပါတဲ့။ ဒါ သူတို့ကိုယ်တိုင် ပြောတာပါ။

စာသင်ဆရာမဘဝကနေ ကူးပြောင်းလာတဲ့ ဖွားသီလတစ်ပါးဆို ဟိုလူ့ ဆရာလုပ်၊ ဒီလူ့ ဆရာလုပ်၊ ဟိုဘုန်းကြီး ပုတ်ခတ်၊ ဒီဘုန်းကြီး ပုတ်ခတ်နဲ့ နေရာတကာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီး ဝင်ဝင်လုပ်တာ တွေ့ဖူးပါတယ်။ ထားပါတော့လေ။ ဒါကတော့ သူ့ဝါသနာနဲ့သူ၊ သူ့အကုသိုလ်နဲ့သူပါပဲ။

ကျောင်းဆရာဆရာမတိုင်း၊ ကျောင်းဆရာဆရာမ ဘဝက ကူးပြောင်းလာသူတိုင်း နေရာတကာ ဆရာလုပ်တတ်တယ်လို့တော့ မဆိုလိုပါဘူး။ ကျောင်းဆရာဆရာမ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ဆရာလုပ်တာ ဝါသနာပါတဲ့သူက နေရာတကာ ဆရာလုပ်တာပါပဲ။ ကျောင်းဆရာ ဆရာမ မလုပ်ဖူးပေမယ့် ဆရာလုပ်တာ ဝါသနာပါတဲ့သူတွေ အများကြီး တွေ့ဖူးပါတယ်။

အဲဒီလိုအားဖြင့်ပေါ့လေ။ အရှင်မဟာကဿပ အလောင်းကလည်း လယ်သမားဖြစ်ခဲ့တဲ့ ဘဝတွေက များတယ်။ ကိုယ်တိုင်တော့ လယ်စိုက်တာ မဟုတ်ဘူး။ လယ်ပိုင်ရှင်သူဌေးပေါ့။ ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါ တောထွက်တဲ့ အခန်းတွေမှာလည်းပဲ လယ်ပိုင်ရှင်ဘဝပါပဲနော်။ အခု ဘဝ၊ အရှင်မဟာကဿပ ဖြစ်မယ့်ဘဝပေါ့။

လယ်သူဌေးကြီး ဖြစ်တယ်ဆိုရင်လည်း လယ်ပိုင်ရှင် ဘဝမှာ ဒုက္ခတွေ မရှိဘူးလား။ ဘာဒုက္ခတွေလဲ ပြောပါဦး။ အများကြီးပေါ့။ လယ်သမားလုပ်တဲ့ ပုဂ္ဂိုလ်တွေမှ သိမှာပေါ့။ ကိုယ့်လယ်က စပါးအောင်မြင်တာကို မနာလိုလို့ သူများက ကိုယ့်လယ်မှာ စပါးမထွက်အောင်၊ စပါးတွေ ပျက်


www.burmeseclassic.com

www.burmeseclassic.com

အောင်လုပ်တဲ့ ဒုက္ခတွေလည်း ရှိမှာပဲ။

လယ်ထဲကစပါး အခိုးခံရတာလည်း ရှိမှာပဲ။ ပုတ်ထဲကစပါး သူများခိုးသွားတာလည်း ရှိမှာပဲ။ အများကြီးပဲနော်။ ရှင်ဘုရင်က စပါးဘယ်နှတင်း သွင်းရမယ်ဆိုလို့ စပါးမထွက်တဲ့ကြား ထဲက အပြင်ကဝယ်ပြီး သွင်းရတာလည်း မရှိဘူးလား။ ရှိတယ်၊ ရှေးခေတ်က ပြောတာပါ။ အဲဒီလိုအားဖြင့်ပေါ့။ လယ်ပိုင်ရှင်သူဌေးကြီးဆိုလည်း သူ့မှာ ဒုက္ခတွေအများကြီးရှိမှာပဲ။

ကြာစွယ်ကြာရိုး ခိုးခဲ့လို့ရှိရင် လယ်ပိုင်ရှင်သူဌေးကြီးမဖြစ်ပါရစေနဲ့လို့ ဆုတောင်းတာ ဟုတ်ရဲ့လား။ မဟုတ်ဘူး။ ခိုးခဲ့ရင် လယ်ပိုင်ရှင်သူဌေးကြီး ဖြစ်ပါစေလို့ ဆုတောင်းတာ။ ဆိုလိုတာကတော့ လယ်ပိုင်ရှင်သူဌေးကြီး မဖြစ်ချင်လို့ကိုပဲ ဆုတောင်းတာပါ။

သူတော်ကောင်းခေတ်ခံ အားကောင်းတဲ့ ပုဂ္ဂိုလ်တွေက လယ်သမားဘဝကိုလည်း 'လည်သမားဘဝ' လို့ နှလုံးသွင်းပါတယ်။ လယ်သမားဘဝမှတစ်ပါးသော ဘဝအားလုံးကိုလည်း 'လည်သမားဘဝ' လို့ နှလုံးသွင်းပါတယ်။ ဆင်းရဲဒုက္ခတွေ ပတ်လည်ဝိုင်းနေတဲ့ဘဝ၊ ဒုက္ခနယ်မှာ လည်ပတ်နေရတဲ့ဘဝပေါ့။ မဆုံးနိုင်တဲ့ အလုပ်တွေနဲ့ ဒုက္ခနယ်မှာလည်နေရသူတိုင်း လည်သမားတွေချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ရှင်ဘုရင်ဘဝဆိုတာ
## ပါရမီပြည့်လို့အကောင်းဆုံးဘဝပါ

အရှင်မဟာကဿပအလောင်း ကျိန်ပြီးတဲ့အခါကျတော့ အရှင်အနုရုဒ္ဓါအလောင်းကလည်း ကျိန်ပြန်တယ်။

အရှင်သာရိပုတ္တရာတို့ အရှင်မဟာမောဂ္ဂလ္လာန်တို့ကတော့ နားရည်ဝပြီးသားပါ။ အရှင်သာရိပုတ္တရာမထေရ်မြတ်က လက်ယာရံ ပညာဧတဒဂ်၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်က လက်ဝဲရံ တန်ခိုးဧတဒဂ်။ အရှင်မဟာကဿပက ဓုတင်အရာမှာ ဧတဒဂ်။ အခု အရှင်အနုရုဒ္ဓါဆိုတာက ဒိဗ္ဗစက္ခုအဘိညာဉ်အရာမှာ အသာဆုံးအမြတ်ဆုံး ဧတဒဂ်။

အဲဒီ အရှင်အနုရုဒ္ဓါကတော့ ဖြစ်လေရာဘဝမှာ ရှင်ဘုရင်ဖြစ်ခဲ့တာ များတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

'နောင်တော်ကြီးရဲ့ ကြာစွယ် ကြာရိုးတွေကို အကျွန်ုပ် မခိုးခဲ့ရိုး အမှန်ပါ။ တကယ်လို့ ခိုးခဲ့သည်ရှိသော် သမုဒ္ဒရာ လေးစင်း အဆုံးအပိုင်းအခြားရှိသော တစ်မြေပြင်လုံးကို လွှမ်းမိုးနိုင်တဲ့၊ မင်းတကာ့မင်းတွေရဲ့ ဦးခိုက်ရာဖြစ်တဲ့ ဧကရာဇ်မင်းကြီး ဖြစ်ပါရစေ'

ကြာစွယ်ကြာရိုး ခိုးခဲ့တယ်ဆိုရင် မင်းဖြစ်ပါရစေတဲ့။ ဘယ်လောက်များ ကြည်ညိုစရာ ကောင်းထားတုံး။ လောကလူသားတွေ ဆိုရင်တော့ 'ကြာစွယ်ကြာရိုးတွေကို မခိုးခဲ့ရိုး အမှန်ပါ။ အကယ်၍များ ဒီကြာစွယ် ကြာရိုးတွေကို ခိုးခဲ့မယ်ဆိုရင် မင်းမဖြစ်ပါရစေနဲ့' လို့ ကျိန်မှာပေါ့နော်။ မင်းဖြစ်ချင်ကြတာကိုး။ အခုတော့ မင်းမဖြစ်ချင်လို့ကိုပဲ မင်းဖြစ်ပါရစေလို့ ကျိန်တာ။

ရှင်ဘုရင်ဖြစ်တော့လည်း ရှင်ဘုရင်ဒုက္ခတွေဆိုတာ မရှိဘူးလား။ တိုင်းသူပြည်သားအားလုံးရဲ့ တာဝန်ဟာ သူ့တာဝန်ပဲ။ လူမှုရေး၊ စီးပွားရေးအားလုံး သူ့ခေါင်းပေါ်မှာရှိတယ်။ ဟိုနေရာသွား စစ်ဆေးရ၊ ဒီနေရာသွား စစ်ဆေးရ။ သာမန်လူလို ယောင်ဆောင်ပြီးတော့ စနည်းနာရ။ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ဖြေရှင်းပေးရ။ ရှင်ဘုရင် မသိဘဲနဲ့ ဆုံးဖြတ်လို့ မရတဲ့ကိစ္စတွေက အများကြီး ရှိတာကိုး။

ဒီကြားထဲမှာ ဆုံးဖြတ်တာ မှားသွားလို့ပဲဖြစ်ဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com

တရားစီရင်တာ မှားသွားလို့ပဲဖြစ်ဖြစ် အကုသိုလ်တွေက တိုးပွားဦးမယ်။ အဲဒီ အကုသိုလ်နဲ့အတူ အပါယ်ငရဲကို ကျဦးမယ်။

ဒီတော့ အသုံးမချတတ်ဘူး၊ မလုပ်တတ်မကိုင်တတ်ဘူး၊ မနေတတ်မထိုင်တတ်ဘူး ဆိုရင်တော့ ရှင်ဘုရင်ဘဝဆိုတာလည်း အပါယ်လေးပါး နှုတ်ခမ်းဝမှာ တော့နေတာပဲ။ အပါယ်ကျစေနိုင်တဲ့ အကုသိုလ်တွေ ရှောင်နိုင်တယ်ပဲထားပါဦး။ ဇိမ်မကျပါဘူး၊ ပင်ပန်းပါတယ်။ အများစုကတော့ ရှင်ဘုရင်ဆိုရင် ဇိမ်ကျတယ်ပဲ ထင်တာပေါ့။ ဇိမ်ကျတဲ့အချိန်တော့လည်း ကျမှာပေါ့လေ။

အမှန်က ရှင်ဘုရင်က ဇိမ်သိပ်မကျဘူး၊ မိဖုရားတွေ၊ သားတော်သမီးတော်တွေ၊ မြေးတော်မြစ်တော်တွေ၊ ဆွေတော်မျိုးတော်တွေ၊ ပတ်သက်ရာ ပတ်သက်ကြောင်းတွေက ဇိမ်ပိုကျပါတယ်။

အဲဒါ အရှင်အနုရုဒ္ဓါအလောင်းက ကြာစွယ်ကြာရိုးခိုးခဲ့ရင် မင်းဖြစ်ပါရစေတဲ့။ လုံးဝ စွန့်လွှတ်နိုင်တဲ့ပုဂ္ဂိုလ်တွေအတွက် ထပ်တူထပ်မျှ လိုက်ကြည်ညိုပြီးတော့ ကိုယ့်ဘဝနဲ့လိုက်ဖက်သလို ကိုယ်စွမ်းနိုင်သလောက် လိုက်ကျင့်သုံးပါပဲ။ စွန့်လွှတ်နိုင်တဲ့ အနေအထား မရှိဘူး ဆိုရင်လည်းသူတို့ရဲ့ ဘဝလေးတွေကို ကြည့်ပြီးတော့ လယ်သမားဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

လည်း ငါကတော့ လယ်သမားဖြစ်နေတယ်။ လုံးဝတော့ မစွန့်နိုင်ဘူး။ ဒါပေမဲ့လို့ ဒီလယ်သမားဘဝမှာပဲ လုပ်ငန်းကြောင့် ရလာတဲ့ ပစ္စည်းဥစ္စာကို အကြောင်းပြုပြီးတော့ ကုသိုလ်တရား တိုးပွားအောင် ကြိုးစားမယ် ဆိုပြီးတော့ ကြိုးစားလို့ ရတာပါပဲ။

ကိုယ့်လယ်လုပ်ငန်းမှာ လာလုပ်နေတဲ့ အခစားတွေကို လက်အောက်ငယ်သားဆိုပြီးတော့ ကျွန်လို မဆက်ဆံဘဲနဲ့ အပေါ်စီးကနေ နှိမ့်ချပြီး မဆက်ဆံဘဲနဲ့ ညီအစ်ကို မောင်နှမတွေလို ဆက်ဆံ၊ သူတို့ရဲ့ မိသားစုကို ကူညီထောက်ပံ့ပေး။ ဆန်ရေစပါးတွေကိုလည်း ပေးသင့်ပေးထိုက်တာထက် ပိုပေး။

သင်္ကြန်တွင်း စတဲ့ အခါကြီးရက်ကြီးတွေဆိုရင်လည်း အထူးဆုအနေနဲ့ အလှူအတန်းတွေပေး၊ လက်ဆောင်တွေပေး၊ လိုအပ်ချက်တွေ ဖြည့်ဆည်းပေး ဆိုရင်တော့ ကုသိုလ်တရားတွေ မတိုးပွားဘူးလား။ တိုးပွားပါတယ်။

ရှင်ဘုရင်ဖြစ်တယ်ဆိုတာလည်း တကယ်တမ်းကျတော့ ပါရမီဘုန်းကံရှိလို့ ဖြစ်တာပါ။ ဦးဇင်းတို့ မြတ်စွာဘုရားအလောင်းဆိုတာလည်း ဖြစ်လေရာဘဝတွေမှာ ရှင်ဘုရင် အများကြီး ဖြစ်ခဲ့တာပါ။ နောက်ဆုံး ဘုရားဖြစ်တဲ့ ဘဝမှာလည်း မင်းမျိုးမင်းနွယ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ရှင်ဘုရင်ဘဝဆိုတာ ပါရမီဖြည့်ဖို့ အကောင်းဆုံး ဘဝပါပဲ။ တိုင်းသူပြည်သားတွေက ကိုယ့်လက်ထဲမှာ ရှိနေတာလေ။ တိုင်းသူပြည်သားတွေရဲ့ ဘဝကို ကောင်းအောင် ကိုယ်ပဲ လုပ်လို့ရတယ်၊ ဆိုးအောင်လည်း ကိုယ်ပဲ လုပ်လို့ရတယ်။

ရှင်ဘုရင်ဘဝဆိုတာ သူတော်ကောင်းစိတ်ဓာတ်သာ ရှိမယ်ဆိုရင် တိုင်းသူပြည်သားတွေ ကောင်းအောင်ချမ်းသာအောင် အများကြီး လုပ်လို့ရတယ်။ ပါးစပ်လေး တစ်ခွန်းဟလိုက်တာနဲ့ တိုင်းသူပြည်သားတွေ အကျိုးရှိမယ့် လုပ်ငန်းတစ်ခု အောင်မြင်သွားတယ်။

နေရာတစ်နေရာမှာ ဆည်တစ်ခု ဆောက်မယ် ဆိုပါတော့။ တောင်သူလယ်သမားတွေအတွက် ရေလိုတယ်။ 'အဲဒီနေရာမှာ ဆည်ဆောက်လိုက်' လို့ တစ်ခွန်းလေး ပြောလိုက်တာနဲ့ ဆည်ကြီး ဖြစ်သွားတယ်ဆိုရင် ပါးစပ်လေး တစ်ခွန်းနဲ့ တောင်သူလယ်သမားတွေ အများကြီး အကျိုးရှိမသွားဘူးလား။ အကျိုးရှိသွားတယ်။

ကဲ ဒီမြစ်ကို ဖြတ်ပြီးတော့ တံတားဆောက်လိုက်ပါ။ တစ်ခွန်းလေး ပြောလိုက်တာနဲ့ တံတားကြီးတစ်စင်း ပေါ်သွားတယ်။ လမ်းပန်းဆက်သွယ်ရေးတွေကောင်း၊ သွားလာရတဲ့သူတွေ အဆင်ပြေသွားတယ်။ ဘယ်လောက်များ



www.burmeseclassic.com

www.burmeseclassic.com

အကျိုးရှိထားတုံးနော်။

စေတနာမှန်၊ သဘောထားမှန်သာ ရှိမယ်ဆိုရင် ရှင်ဘုရင့်ဘဝဟာ ပါရမီဖြည့်ဖို့ သိပ်ကောင်းတဲ့ဘဝပါ။ ဝေဿန္တရာမင်းကြီးတို့ နေ့စဉ် ခြောက်သိန်း အကုန်အကျခံ၊ မဏ္ဍပ်ကြီးတွေ ဆောက်ပြီးတော့ လှူ။ ဘယ်လောက် ပျော်စရာကောင်းထားတုံးနော်။

ရှင်ဘုရင်ဆိုလို့လည်း တစ်နိုင်ငံလုံးရဲ့ နံပါတ်တစ်နေရာရတဲ့သူမျိုးကိုမှ ဆိုလိုတာမဟုတ်ပါဘူး။ ကိုယ့်မြို့နဲ့ကိုယ်၊ ကိုယ့်ခရိုင်နဲ့ကိုယ်၊ ကိုယ့်တိုင်းနဲ့ကိုယ်၊ နောက်ဆုံးကိုယ့်ဌာနလေးနဲ့ကိုယ် အကြီးအကဲဖြစ်နေတဲ့ ပုဂ္ဂိုလ်ဆိုတာကလည်း သူ့ဌာနနဲ့သူဆိုရင် မင်းပဲ မဟုတ်ဘူးလား။

ဌာနတစ်ခုမှာ လုပ်ပိုင်ခွင့်ရှိတဲ့ အရာရှိ ဆိုတာကလည်း မင်းတစ်မျိုးပါပဲ။ ကိုယ်က တစ်ကယ်ကို ပါရမီဖြည့်မယ်ဆိုတဲ့ စိတ်ကောင်းလေးရှိမယ်ဆိုရင် ကိုယ့်ဌာန ကောင်းအောင် အများကြီး ကြိုးစားလို့ရတယ်။ ကိုယ့်လက်အောက်ငယ်သားတွေ အစစအရာရာ ပြည့်စုံအောင်၊ စားဝတ်နေရေး ပြေလည်အောင်၊ အရည်အချင်းတွေ ပြည့်အောင်၊ ကုသိုလ်တရားတွေ တိုးပွားအောင် လုပ်ဆောင်လို့ ရပါတယ်။

ခေါင်းဆောင်လုပ်ခိုင်းတာကို အောက်က လူက ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လုပ်ရတာပဲ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား။ အဲဒီတော့ ကိုယ်က ကောင်းတာလုပ်ခိုင်းတယ် ဆိုရင် အောက်ကလူတွေ ကုသိုလ်ကိစ္စတွေလုပ်၊ အကျိုး ရှိရာရှိကြောင်းတွေလုပ်၊ အဲဒီလိုအားဖြင့် ကုသိုလ်တရား တွေ တိုးပွားအောင် လုပ်လို့ရတာပါပဲ။

ခေါင်းဆောင်ဘဝ၊ အကြီးအကဲဘဝဆိုတာ ကုသိုလ် ဘုန်းကံရှိမှ ရနိုင်တဲ့ဘဝပါ။ ကုသိုလ်ကြောင့် ရလာတဲ့ ခေါင်း ဆောင်ဘဝ၊ အကြီးအကဲဘဝကို ကုသိုလ်တရား တိုးပွားသ ထက် တိုးပွားအောင် အသုံးချတတ်ဖို့ အရေးကြီးပါတယ်။

ကောင်းရာကောင်းကြောင်း အကျိုးရှိတဲ့အလုပ်တွေ ကို ကိုယ်ကိုယ်တိုင်လည်း ဦးဆောင်လမ်းပြအနေနဲ့ လုပ်မယ်၊ ကိုယ့်ပရိသတ်ကိုလည်း လုပ်ဖြစ်အောင် တိုက်တွန်းမယ်ဆို ရင် ကိုယ့်အတွက်လည်း ကုသိုလ်ပါရမီတွေတိုးပွား၊ အများ အတွက်လည်း ကောင်းကျိုးချမ်းသာတွေ ဖြစ်ထွန်းသွားနိုင် ပါတယ်။

ဒါက လုံးဝ မစွန့်နိုင်ခဲ့ရင် ပြောတာပေါ့။ ရဟန်း တရားကို အပြည့်အဝ အားထုတ်ချင်လို့ စွန့်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။ စွန့်ချင်တယ်ဆိုရင်တော့ မင်းဘဝ၊ ရှင် ဘုရင်ဘဝ၊ ခေါင်းဆောင်ဘဝ၊ အကြီးအကဲဘဝရဲ့ ပင်ပန်း ဆင်းရဲပုံတွေ၊ အကုသိုလ်ဝင်နိုင်ပုံတွေကို အပြစ်မြင်အောင် ကြည့်ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

# အကောင်းကြံမှ အကြံကောင်းပေးနိုင်မယ်

အရှင်အာနန္ဒာအလောင်းရသေ့ကလည်း ဘယ်လို ကျိန်ပြန်သလဲဆိုတော့ . . .

'နောင်တော်ကြီးရဲ့ ကြာစွယ်ကြာရိုးတွေကို ကျွန်ုပ် မခိုးရရိုး အမှန်ပါ။ တကယ်လို့များ ခိုးခဲ့လို့ရှိရင် ရှင်ဘုရင်ရဲ့ ပူဇော်ခံရတဲ့ မင်းတိုင်ပင်အမတ်ကြီး ဖြစ်ပါရစေ။ ရှင်ဘုရင်က အစစအရာရာ တိုင်ပင်ရတဲ့ ပညာရှိအမတ်ကြီး၊ ရှင်ဘုရင်ရဲ့ အပူဇော်ခံရတဲ့ ပညာရှိအမတ်ကြီး ဖြစ်ပါရစေ'

သာမန်ကြည့်မယ်ဆိုရင်တော့ မင်းတိုင်ပင် ပညာရှိ အမတ်ဖြစ်ရတာ အခွင့်အရေးတွေ ရပြီးတော့ သိပ်ကောင်း တာပဲ လို့ ထင်မှာပဲနော်။ ကောင်းတဲ့အပိုင်းတွေကလည်း ကောင်းမှာပါပဲ။ သူတို့ကတော့ . . သံသရာကို အမြော်အမြင်၊

www.burmeseclassic.com

www.burmeseclassic.com

သံသရာက လွတ်ချင်တဲ့ပုဂ္ဂိုလ်တွေဆိုတော့ လောကစည်းစိမ်တွေရဲ့ အပြစ်ကိုပဲ ကြည့်ကြပါတယ်။

'မင်းခယောက်ျား ကမ်းနားသစ်ပင်' ဆိုတဲ့အတိုင်းပဲ ရှင်ဘုရင်ရဲ့ အနီးကပ် တိုင်ပင်တဲ့ ပညာရှိအမတ်ဆိုတာလည်း ကမ်းနားမှာ ပေါက်နေတဲ့ သစ်ပင်လိုပဲ။ အချိန်မရွေးလဲကျသွားနိုင်တယ်။ မှန်တာပြောလို့လည်း မကြိုက်၊ မှားတာပြောလို့လည်း လက်မခံဆိုရင် အချိန်မရွေး အလုပ်မပြုတ်နိုင်ဘူးလား။

ဒါ့ကြောင့် 'ကမ်းနားသစ်ပင်' ဆိုတော့ ပညာရှိအမတ်ကြီး၊ ပညာရှိအမတ်ကြီးနဲ့ နေရာတကာ ဦးစားပေးခံရတုန်းတော့ ကောင်းတယ် ထင်ရပေမယ့် အချိန်မရွေးလျှောကျသွားနိုင်တယ်။ လျှောကျသွားရင် ကိုယ်ချစ်ခင်နှစ်သက်တဲ့ ရာထူးကို စွန့်ခွာရတော့ စိတ်ဆင်းရဲရတယ်။

တခြားလည်းပဲ ဒုက္ခတွေကတော့ အများကြီးပါပဲ။ ရှင်ဘုရင်ရဲ့ အနီးကပ် ပညာရှိအမတ်ဆိုတော့ တစ်တိုင်းပြည်လုံးရဲ့ အမှုကိစ္စတွေနဲ့ ပတ်သက်လို့ ချင့်ချိန်စဉ်းစားရတာပေါ့။ အများကြီးလည်း လေ့လာရတာပေါ့။

ဒါပေမဲ့လို့ ကိုယ်က ပါရမီဖြည့်ချင်တယ်ဆိုရင်တော့ တိုင်းပြည်ကောင်းရာကောင်းကြောင်း ရှင်ဘုရင့်ကို အကြံပေးမယ်ဆိုရင်တော့ ကုသိုလ်တရားတွေ မတိုးပွားနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com

လား။ တိုးပွားနိုင်ပါတယ်။

ကိုယ်ရထားတဲ့ အခွင့်အရေးတွေ၊ လုပ်ပိုင်ခွင့်တွေကိုလည်း ကောင်းတဲ့ကိစ္စမှာ အသုံးချမယ်၊ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကိုလည်း ကောင်းတဲ့ကိစ္စတွေမှာ၊ အများအကျိုးရှိတဲ့ ကိစ္စတွေမှာ၊ ကုသိုလ်ဖြစ်တဲ့ ကိစ္စတွေမှာအသုံးချမယ်ဆိုရင်လည်း ကုသိုလ်တရားတွေ တိုးပွားတာပါပဲ။

ဒါပေမဲ့ လုံ့ဝစွန့်ပြီးတော့ တောထဲတောင်ထဲ ရဟန်းတရား အားထုတ်ရတာလောက်တော့ ဘယ်ကောင်းပါ့မလဲ။ လိုရင်းလေးတော့ မမေ့နဲ့ပေါ့။ ဟိုလိုလုပ်လည်း ရတယ်ဆိုပြီးတော့ 'ကဲ ဘုန်းကြီးက ကာမစည်းစိမ်နဲ့ နေလည်း ကုသိုလ်လုပ်လို့ရတယ် ပြောတယ်၊ တို့ ကာမစည်းစိမ်တွေ မစွန့်တော့ပါဘူး' လို့တော့ မလုပ်နဲ့ပေါ့။

လုံ့ဝ စွန့်နိုင်ရင်တော့ အကောင်းဆုံးပါ။ မစွန့်နိုင်ခဲ့ရင် ဆိုပြီးတော့ အပိုကျင့်စဉ်၊ အပိုနည်းလမ်းလေးတွေ ထည့်ထည့်ပြောရတာပါ။

■



www.burmeseclassic.com

www.burmeseclassic.com

## ကုသိုလ်ကံသာ အကောင်းဆုံးယတြာ

ပြီးတော့ အရှင်ပုဏ္ဏ။ အရှင်ပုဏ္ဏဆိုတာ ဓမ္မကထိက အရာမှာ အသာဆုံးအမြတ်ဆုံး ဧတဒဂ်ဖြစ်ပါတယ်။ တရားဟောကောင်းတဲ့ နေရာမှာ အသာဆုံးပေါ့။ အရှင်ပုဏ္ဏ အလောင်း ရသေ့ကလည်း ကျိန်ပြန်တယ်။

'နောင်တော်ကြီးရဲ့ ကြာစွယ် ကြာရိုးတွေကို အကျွန်ုပ် မခိုးရရိုး အမှန်ပါ။ တကယ်လို့များ ခိုးခဲ့ရင် တိုင်းသူပြည်သားတွေရဲ့ အပူဇော်ခံရတဲ့ ဗေဒင်ဆရာကြီး ဖြစ်ပါရစေ'

ဗေဒင်လက္ခဏာ အကြားအမြင်ရတဲ့ ဆရာကြီးဖြစ်ပါရစေတဲ့။ တိုင်းသူပြည်သားတွေ အားကိုးရတဲ့ မနေ့ဗယ ဆရာကြီး ဖြစ်ပါရစေဆိုတော့ ဟိုကိစ္စလည်း ဆောင်ရွက်ပေးရ၊ ဒီကိစ္စလည်း ဆောင်ရွက်ပေးရ။



www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်လာမေးတဲ့သူ ဆိုတာကလည်း သောက ရောက်တဲ့သူနဲ့ သောကမရောက်တဲ့သူ ဘယ်သူက များတုံး။ သောကရောက်တဲ့သူက များတယ်။ သောကရောက်မှပဲ ဗေဒင်ဆရာကို သတိရကြတာကိုးနော်။ သာမန်အချိန်ကျ တော့လည်း သိပ်တွက်ချင်မှ တွက်မှာပေါ့လေ။

ကားလေးတစ်ခု ရောင်းမယ်ဆိုရင် ဘယ်သူ့ဆီ အရင် ပြေးတာတုံး။ ဗေဒင်ဆရာဆီ ပြေးတာ။ စိန်ခြယ်လေးနဲ့ ရိုက် ရမှာလား၊ နှင်းဆီလေးနဲ့ ရိုက်ရမှာလား။ ကုံကော်ခက်နဲ့ နောက်ဘီးကို ဘယ်နှချက် ရိုက်ရမှာလဲ စသည်အားဖြင့် ယတြာသွားချေကြတာ မဟုတ်လား။

ကောင်းတဲ့ကိစ္စတွေ လုပ်ရင်တော့လည်း ဗေဒင် ဆရာကို သတိရတာပေါ့။ သောကဖြစ်ပြီဆိုတော့မှ ဘယ် ရောက်လာတုံး။ ဘုန်းကြီးတွေဆီကို ရောက်လာတာနော်။ ဘုန်းကြီးဆိုတာက နောက်ဆုံးအဆင့် ထားတာနော်။ အများ စုကို ပြောတာပါ။

အဲဒီတော့ ဗေဒင်ဆရာ ဆိုတာကလည်း လူတကာရဲ့ သောကကို နားထောင်ရ၊ ဖြေရှင်းပေးရ၊ ဟုတ်ဟုတ် မဟုတ် ဘုတ် ယတြာတွေ ချေပေးရနဲ့ဆိုတော့ ဒုက္ခများတာပဲ။

ဗေဒင်ဆရာတစ်ယောက် နာမည်ကြီးလာရင် တခြား အပြိုင်ဗေဒင်ဆရာတွေကလည်း မနာလိုဝန်တိုဖြစ်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ပျက်စီးရာပျက်စီးကြောင်းတွေလုပ် စသည်အားဖြင့် ဘယ်ဘဝမှာမဆို ဒုက္ခတွေက ပတ်လည်ဝိုင်းနေတာပဲ။

ကိုယ့်ဘဝကိုယ် ပြန်စစ်ဆေးကြည့်ပေါ့။ ငါဘာလဲ။ ငါက ကျောင်းဆရာ။ ကျောင်းဆရာဆိုတော့ ဒုက္ခတွေ မရှိဘူးလား။ ကျောင်းဆရာကလည်း ကျောင်းဆရာဒုက္ခတွေ မရှိဘူးလား။ ရှိတာပဲ။ ကိုယ့်ဘဝရဲ့ ကောင်းကွက်ကို ရှာပြီးတော့မှ ကျောင်းဆရာ၊ ကျောင်းဆရာမဘဝကနေ ကုသိုလ်ပါရမီတွေတော့ ထုတ်ရမှာပေါ့။

ဒါပေမဲ့ လွတ်မြောက်ချင်တယ် ဆိုရင်တော့လည်း အပြစ်ကို ရှာရမှာပေါ့။ အပြစ်မြင်မှ အချစ်မဝင်တာတဲ့။ အပြစ်မမြင်သေးသမျှတော့ အချစ်က ဝင်မှာပဲ။

ယောက်ျားတစ်ယောက် မိန်းမနဲ့ ကွာရှင်းချင်ပြီဆိုရင် ဒီမိန်းမ အပြစ်ချည်းပဲ မကြည့်ဘူးလား။ ကြည့်တယ်။ ဘာဖြစ်လို့ ညာဖြစ်လို့နဲ့ ဆိုပြီးတော့ အပြစ်ချည်းပဲ ကြည့်တာ။ စွန့်ချင်တာကိုး။ ပေါင်းချင်တယ်ဆိုရင်တော့ အပြစ်ကြည့်တာလား၊ အကောင်း ကြည့်တာလား။ အကောင်းချည်းပဲ ကြည့်တာ။

ဟိုတစ်လောက ဒကာမကြီးတစ်ယောက်ကလည်း လျှောက်တယ်။ သူ့အိမ်က အိမ်ဖော်ကောင်မလေးတဲ့ အရင်တုန်းက ယောက်ျားတစ်ယောက် ရခဲ့ဖူးတယ်တဲ့။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားနဲ့က ကွဲသွားတယ်တဲ့။

ရတာကလည်း (၁၆)နှစ်တုန်းက ရတာတဲ့။ တစ်လခွဲလောက်ပဲ ပေါင်းလိုက်ရသေးတယ်။ ကောင်လေးက ရှုံးတက်ပြီးတော့ ကွာရှင်းခွင့်တောင်းတော့ ကွာရှင်းလိုက်ရတယ်တဲ့။

ရုံးရောက်တော့ တရားသူကြီးက မေးတယ်။ ဒီကောင်မလေးမှာ ဘာအပြစ်ရှိလဲ။ ကောင်လေးက ဖြေတယ်။ အိမ်ထောင်သည်ဖြစ်နေပြီးတော့ ထဘီ(ထမိန်) ရှည်ရှည် ဝတ်တယ်တဲ့။ ဖန်ခုန်တမ်းကစားတယ်တဲ့။ ဒီ အပြစ်(၂)ချက်နဲ့ သူက ကွာရှင်းချင်တာတဲ့။

တကယ်တမ်းကျတော့ ဒီအပြစ်တွေက ဘာမှ မပြောပလောက်ပါဘူး။ ပြောလိုရင်းကတော့ 'အပြစ်မြင်ရင် အချစ်မဝင်ဘူး၊ အပြစ်မမြင်သမျှတော့ အချစ်ဝင်နေဦးမှာပဲ'။ အပြန်အလှန်အားဖြင့်ပြောရင် 'အချစ်ဝင်နေသမျှ အပြစ်မမြင်ဘူး၊ အချစ်မဝင်ရင်တော့ အပြစ်မြင်တော့တာပဲ'။

အချစ်မဝင်တော့ရင် ကြိဖန်ပြီးတော့ အပြစ်တင်ဘယ်။ ဖန်ခုန်တာလေးလောက်နဲ့လည်း အပြစ်တင်တယ်။ ထဘီ(ထမိန်)ရှည်ရှည် ဝတ်တာလောက်လေးနဲ့လည်း အပြစ်တင်တယ်။ အခုခေတ်လိုဆိုရင်တော့ စကတ်အကွဲ၊ စကတ် ဘီအကွဲ ဝတ်တာနဲ့လည်း အပြစ်တင်ဦးမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အစားပိုင်မှ အပိုင်စားပါ

ဘုရားလောင်းအစ်ကိုကြီးကလွဲလို့ ကျန်တဲ့ ခြောက်ယောက် ကျိန်ပြီးသွားကြပြီ။ ပြီးတော့ သူငယ်ချင်းကလည်း ကျိန်တယ်။ ဘာအလောင်းအလျာလို့ ပြမထားဘူး။ သူကလည်း ဘာကျိန်ပြန်သလဲဆိုတော့ . . .

'ဒီကြာစွယ် ကြာရိုးတွေကို အကျွန်ုပ် မခိုးရရိုးအမှန်ပါ။ တကယ်လို့များ ခိုးခဲ့သည်ရှိသော် လူ၊ စပါး၊ ထင်း၊ ရေ ဆိုတဲ့ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ရွာကြီးကို အပိုင်စားရတဲ့ ရွာသူကြီး ဖြစ်ပါရစေ။

အပိုင်စားရတဲ့ရွာက သိကြားမင်းပေးတဲ့ ရွာလိုမျိုး ခိုင်မာတဲ့ရွာ ဖြစ်ပါရစေ။ ဘယ်တော့မှ သူကြီးရာထူးကနေ မပြုတ်တဲ့ ရွာသူကြီး ဖြစ်ပါရစေ'



www.burmeseclassic.com

www.burmeseclassic.com

အမှန်ကတော့ သူကြီးဘဝမှာလည်း ဒုက္ခမရှိဘူးလား။ ရှိတယ်။ ကိုယ့်ဘာသာကိုယ်သာ ခဲ့တွေးလိုက်တော့။ ရွာသူကြီးဖြစ်ပါရစေဆိုတာ ရွာသူကြီးဘဝရဲ့ စည်းစိမ်ချမ်းသာတွေကို ခံစားချင်လို့ မဟုတ်ဘူး။ ရွာသူကြီးကို မဖြစ်ချင်လို့ ကျိန်တာပါ။

ရွာသူကြီးဆိုတာက ရှေးစကားလုံးနဲ့ ပြောတာ။ အခုခေတ်ဆိုရင်လည်း အခုခေတ် စကားလုံးနဲ့ပေါ့။ ရွာအကြီးအကဲ၊ ရွာဥက္ကဋ္ဌပေါ့လေ။ ရွာဥက္ကဋ္ဌတို့၊ မြို့ဥက္ကဋ္ဌတို့၊ ခရိုင်ဥက္ကဋ္ဌတို့၊ တိုင်းဥက္ကဋ္ဌတို့၊ အဲဒါတွေအားလုံးလည်း ကျိန်စာထဲက 'ရွာသူကြီး' ဆိုတဲ့ စကားလုံးထဲ ပါပါတယ်။

တစ်ခါ အမျိုးသားတွေထဲက နောက်ဆုံးက ကျွန်ယောက်ျားပေါ့။ ကျွန်ယောက်ျားကလည်း ကျိန်ပြန်တယ်။ စိတ္တသူကြွယ်လောင်းလျာတဲ့။ သူကလည်း လူ့ဝတ်ကြောင်ခမ္မကထိကမှာ ဧတဒဂ်ပါပဲ။

'ဒီကြာစွယ် ကြာရိုးတွေကို အကျွန်ုပ် မခိုးရရိုး အမှန်ပါ။ တကယ်လို့များ ခိုးခဲ့ရင် ရွာသူကြီး ဖြစ်ပါရစေ။ အပျော်အပါးလိုက်စားတဲ့ ရွာသူကြီး ဖြစ်ပါရစေ။ ရပ်ရေးရွာရေးဘာမှ မလုပ်ဘဲနဲ့ အပေါင်းအသင်းသူငယ်ချင်းတွေနဲ့ ဆိုလိုက် ကလိုက်၊ ကာရာအိုကေ ဆိုလိုက်၊ ပန်းကုံးစွပ်လိုက်နဲ့ အချိန်ဖြုန်းတဲ့ သူကြီးဖြစ်ပါရစေ။ ဘာအရည်အချင်းမှ မရှိ



www.burmeseclassic.com

www.burmeseclassic.com

ဘဲနဲ့ အပျော်အပါးနဲ့ အချိန်ဖြုန်းနေလို့မို့လို့ သိပ်မကြာခင်မှာပဲ ရာထူးအဖြုတ်ခံရတဲ့ သူကြီး ဖြစ်ပါရစေ' တဲ့။

သူကလည်း ကျွန်ယောက်ျားဆိုတော့ အရင်ဘဝတွေကလည်း မကြာမကြာ အလုပ်ပြုတ်ခဲ့သလားတော့ မပြောတတ်ဘူး။ အိမ်ဖော်ပွဲစားတွေက ဟိုပြောင်းဒီပြောင်းနဲ့ လက်အပြောင်းအလဲတွေများတော့ သူလည်းပဲ မမြဲခဲ့ဘူးထင်ပါတယ်။

ဒါကြောင့်မို့လို့ အတိတ်က ခါတ်ကလေးတွေ ပါလာတော့ မြန်မြန်ဖြုတ်ခံရတဲ့သူကြီး ဖြစ်ပါရစေတဲ့။ ဆုတောင်းလေးတွေက အံ့ဩစရာ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။ အမှန်ကတော့ သူကြီး မဖြစ်ချင်လို့ကို ဆုတောင်းတာပါပဲ။

သူကြီးရာထူး ရပြီး မြဲဖို့ဆိုတာကလည်း လွယ်ပါ့မလား။ မလွယ်ဘူး။ မင်းလိုလိုက် မင်းကြိုက်ဆောင်မှ မြဲမှာ။ ဒါပေမဲ့လို့ ကိုယ်က အပျော်အပါးတွေချည်း လိုက်စားနေရင်တော့လည်း ဘယ်မြဲပါမလဲ။ အေအိုင်ဒီအက်(စ်) ဖြစ်နေပြီဆိုမှတော့ မပြုတ်ဘူးလား။ ပြုတ်မှာပေါ့။

'ရွာသူကြီး' လို့ ခေါင်းတပ်ပြီး ပြောတဲ့ ဒေသအကြီးအကဲဆိုတာလည်း 'ပါရမီဖြည့်မယ်' ဆိုတဲ့ စိတ်ထားကောင်းလေးသာ ရှိမယ်ဆိုရင် အများအကျိုးကို အများကြီးသယ်ပိုးလို့ ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အာဏာစက်ပျံ့နှံ့ရာ နေရာဒေသကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်လို့ ရတယ်၊ ကိုယ့်အုပ်ချုပ်မှုအောက်က လူတွေ စိတ်နေစိတ်ထားကောင်းအောင်၊ ကုသိုလ်တရားတိုးပွားအောင် စည်းရုံးလှုံ့ဆော်ပေးလို့ရတယ်။ ကုသိုလ်ပြုခွင့်၊ ပါရမီဖြည့်ခွင့် ကိုယ့်မှာ အများကြီးရှိပါတယ်။

ကိုယ်အပိုင်စားရတဲ့ နေရာဒေသကို အကြောင်းပြုပြီး ကိုယ့်အတွက် ကုသိုလ်တရား တိုးပွားအောင်၊ ပါရမီဖြည့်အောင် လုပ်ဆောင်နိုင်မှ ကိုယ်ဟာ အစားပိုင်တဲ့သူ ဖြစ်မှာပါ။ အစားပိုင်မှ အပိုင်စားရတာ ကိုယ့်အတွက်ရော၊ အများအတွက်ရော အကျိုးရှိပါတယ်။ နေရာဒေသတစ်ခုကို အပိုင်စားရသူတိုင်း ကုသိုလ်လမ်းကြောင်း၊ ပါရမီလမ်းကြောင်းကနေ အစားပိုင်ဖို့ အရေးကြီးပါတယ်။

အဂတိလိုက်ပြီး ခွင်ရိုက်လာဘ်စားတာကို အစားပိုင်တယ်၊ အစားတတ်တယ်လို့ မခေါ်ပါဘူး။ အစားညံ့တယ်၊ အစားမတတ်ဘူး လို့ပဲ ခေါ်ပါတယ်။ ကိုယ်လုပ်တဲ့ အလုပ်ကနေ မေတ္တာစေတနာအနှစ်၊ ကုသိုလ်ပါရမီအနှစ်တွေ ဆုတ်ယူစားသုံးနိုင်မှ အစားပိုင်တယ်၊ အစားတတ်တယ်လို့ ခေါ်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်ဘ၀ရောက်ရောက် စိတ်အေးချမ်းဖို့နဲ့ ပါရမီဖြည့်နိုင်ဖို့ အဓိကပါပဲ

နောက်ညီမအငယ်ဆုံး ရသေ့မကလည်း ကျိန်ပြန်တယ်။

'ကြာစွယ်ကြာရိုးတွေကို အကျွန်ုပ် မခိုးရရိုး အမှန်ပါ။ တကယ်လို့များ ဒီကြာစွယ် ကြာရိုးတွေကို ခိုးခဲ့တယ် ဆိုရင် သမုဒ္ဒရာလေးစင်း အဆုံးအပိုင်းအခြားရှိတဲ့ တစ်မြေပြင်လုံးကို လွှမ်းမိုးအုပ်ချုပ်ရတဲ့ ကေရာဇ်မင်းကြီးရဲ့ မိဖုရားခေါင်ကြီး ဖြစ်ပါရစေ။ မိဖုရားပေါင်း တစ်သောင်းခြောက်ထောင်ရဲ့ အကြီးအကဲ တောင်ညာစံဒေဝီ မိဖုရားကြီး ဖြစ်ပါရစေ'

ခိုးခဲ့ရင် မိဖုရားကြီး ဖြစ်ပါရစေဆိုတော့ မခိုးခဲ့ရင် မိဖုရားကြီး မဖြစ်ပါရစေနဲ့လို့ ပြောတာ။ မိဖုရားကြီး ဖြစ်ပါရစေလို့ ကျိန်တာဟာ မိဖုရားကြီး ဖြစ်ချင်လို့လား၊ မဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com

လို့လား။ မဖြစ်ချင်လို့။

သာမန်အနေနဲ့ မိဖုရားဘဝ ဖိမ်ကျတယ်လို့ ထင်ရပေမယ့် မိဖုရားဘဝရဲ့ ဒုက္ခတွေကို သူက မြင်တယ်။ ဒီလို မိဖုရားဘဝဆိုတဲ့ ဘဝသတ်မှတ်ချက် တစ်ခုကိုတွင် အပြစ်မြင်တာ မဟုတ်ပါဘူးလေ။ ခန္ဓာဆိုတာ ရှိနေရင်ကိုပဲ ဒုက္ခဆိုတာ မရှိဘူးလား။ အဲဒီ ခန္ဓာဒုက္ခတွေကို မြင်တာ။

ဒီကာမဂုဏ်ချမ်းသာတွေကြားမှာ နစ်မွန်းနေမယ်ဆိုရင် ကုသိုလ်တရားတွေလည်း မေ့၊ စိတ်အေးချမ်းကြောင်းဘာဝနာအလုပ်တွေလည်း မေ့တဲ့အတွက် စိတ်ဟာ အမြဲတမ်း ပူလောင်နေရမယ်။

ပိုင်ဆိုင်တဲ့ ကာမဝတ္ထုတွေ ဆိုတာလည်း အချိန်မရွေးပျက်စီးဆုံးရှုံးသွားနိုင်တယ်။ ရန်သူမျိုးငါးပါးနဲ့ အမြဲတမ်းဆက်စပ်နေတယ်။ အခု မိဖုရားကြီးဆိုရင်လည်း မိဖုရားရာထူးကျသွားတဲ့အခါမှာ အကြီးအကျယ် ဆင်းရဲဒုက္ခရောက်ရမှာ။ ဒါ့ကြောင့် ပျက်စီးမှုတွေနဲ့ ဝန်းရံနေတဲ့ မိဖုရားကြီးဘဝကို ဆုတောင်းတာပါ။

အခုယောဂီတို့က ကောက်စိုက်သမနဲ့ မိဖုရား ဘာဖြစ်ချင်တုံး။ အမျိုးသမီးယောဂီတွေကို မေးတာပေါ့။ အမှန်ဘတော့ အမျိုးသမီးယောဂီတွေတွင် မဟုတ်ပါဘူး။ အမျိုးသားယောဂီတွေရော ဖြေရမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဒီဘဝ ယောကျ်ားဖြစ်တယ်ဆိုပြီးတော့ ဘဝင်မြင့်လို့ မဖြစ်ဘူး။ ဘာလို့လဲဆိုတော့ ဗျာဒိတ်ရပြီးသား ဘုရားလောင်းပုဂ္ဂိုလ်တွေက လွဲရင် ယောကျ်ားဖြစ်လိုက်၊ မိန်းမဖြစ်လိုက်၊ ယောကျ်ားဖြစ်လိုက်၊ မိန်းမဖြစ်လိုက်နဲ့ သံသရာမှာ ကျင်လည်နေရတာပါ။

ဒီပုဂ္ဂိုလ်ဟာ နောင် ဘယ်လောက်ကြာရင် သမ္မာသမ္ဗုဒ္ဓ ဘုရားတစ်ဆူ ဖြစ်လိမ့်မယ်လို့ ဘုရားတစ်ဆူရဲ့ ဗျာဒိတ်တော်ရတဲ့ ဘုရားလောင်းပုဂ္ဂိုလ်တွေသာ ဗျာဒိတ်ရတဲ့ဘဝက စပြီးတော့ ဘယ်တော့မှ မိန်းမ မဖြစ်တော့ဘူး။ ယောကျ်ားပဲ ဖြစ်တယ်။ ဗျာဒိတ်မရခင်ရှေ့မှာတော့ ယောကျ်ားလည်းဖြစ်၊ မိန်းမလည်း ဖြစ်ပါတယ်။

ဦးဇင်းတို့ ဂေါတမ မြတ်စွာဘုရားဆိုရင် ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်မှာ ဗျာဒိတ်တော် ရပါတယ်။ ဒီပင်္ကရာမြတ်စွာဘုရားဆီ ဗျာဒိတ် မရခင် ရှေ့မှာတုန်းကတော့ မိန်းမဘဝတွေလည်း အကြိမ်ကြိမ်အခါခါ ဖြစ်ခဲ့ဖူးတယ်။

အခု အမျိုးသားယောဂီတွေရော မိန်းမဖြစ်ချင်သလား။ မြတ်စွာဘုရားဟောထားတဲ့ဂါထာတစ်ခု ရှိတယ်။ ရှင်းရှင်းလေးပဲ။ မိန်းမဘဝ မဖြစ်ချင်ဘူးဆိုရင် ကာမေသုမိစ္ဆာစာရအမှုကို မကျူးလွန်ပါနဲ့တဲ့။ ကာမဂုဏ်မဖောက်

www.burmeseclassic.com

ပြန်ပါနဲ့တဲ့။

ကာမဂုဏ်ဖောက်ပြန်ရင်တော့ အဲဒီဖောက်ပြန်တဲ့ အကုသိုလ်ကံ အကျိုးပေးတဲ့ဘဝ မိန်းမဖြစ်မယ်။ အဓိက အကျိုးကတော့ ငရဲကျမှာ။ ငရဲက လွတ်လာလို့ လူဖြစ်တော့လည်း မိန်းမဖြစ်တတ်တယ်။

ဒါမှမဟုတ် ကံလေး တော်တော်လေး ကောင်းသေးတယ်ဆိုရင်တော့ နှစ်ဖက်ချွန် ဖြစ်တတ်တယ်။ ဒါက ယဉ်ကျေးအောင် ပြောရတာလေ။ အမှန်ကတော့ မိန်းမလျာ၊ ယောက်ျားလျာ ဖြစ်တတ်တယ်တဲ့။

ဒါ့ကြောင့်မို့လို့ ကိုယ့်ကိုယ်ကို 'ငါဟဲ့ယောက်ျား' ဆိုပြီးတော့ ဘဝင်သိပ်မြင့်လို့ မဖြစ်ဘူး။ အချိန်မရွေး မိန်းမဖြစ်နိုင်တယ်။ တကယ်လို့ သံသရာမှာ မိန်းမဖြစ်ရမယ်ဆိုရင် အခု အမျိုးသားယောဂီတွေရော၊ အမျိုးသမီးယောဂီတွေရော ကောက်စိုက်သမနဲ့ မိဖုရားကြီး ဘာဖြစ်ချင်တုံး။

အဲဒီကဖြေမှ ဒီကဆက်ပေါလို့ရမှာနော်။ အဲဒီ နှစ်ခုထဲက တစ်ခုခုကို ရွေးရမယ်ဆိုရင် ဘာရွေးမတုံး။ ဒကာကြီး ဦးရှိန်ဝင်း ဘာရွေးမတုံး။

'နှစ်ခုလုံး ဖြစ်ချင်ပါတယ်ဘုရား'

နှစ်ခုစလုံး ဖြစ်ချင်တယ် ဟုတ်လား။ လက်စသတ်တော့ ဒကာကြီးက နှစ်ဖက်ချွန်ကိုး။ ဟိုဘက်ရောဒီဘက်



www.burmeseclassic.com

www.burmeseclassic.com

ရော၊ နှစ်ဖက်လုံး ထူးချွန်တာကို ပြောတာနော် . . . ဟိုလို နှစ်ဖက်ချွန် ပြောတာ မဟုတ်ပါဘူး. . . ။

သူပြောတဲ့သဘောက ဒီလို ဖြစ်ပါလိမ့်မယ်။ ပထမ တော့ ကောက်စိုက်သမဖြစ်။ ရှင်ဘုရင်က တိုင်းခန်းလှည့် လည်။ ဟယ် ဒီကောက်စိုက်သမလေးက ချောလိုက်တာ။ အဲဒီမှာ ရှင်ဘုရင်က တော်ကောက်သွားတော့ မိဖုရားကြီး ဖြစ်သွားတာပေါ့။ ကိုယ့်ဒကာကြီး ဒီလောက် တော်မှန်း မသိဘူး။

ကောက်စိုက်သမပဲဖြစ်ဖြစ်၊ မိဖုရားခေါင်ကြီးပဲ ဖြစ် ဖြစ်၊ ဖြစ်တဲ့ဘဝမှာ စိတ်ချမ်းသာအောင် နေတတ်ဖို့ ကုသိုလ် တရား တိုးပွားအောင် နေတတ်ဖို့၊ ပါရမီဖြည့်တတ်ဖို့ပဲ အရေးကြီးပါတယ်။ စွမ်းနိုင်တဲ့ဘဝမျိုး၊ သာသနာနဲ့ ကြုံတွေ့ တဲ့ဘဝမျိုး ဆိုရင်တော့ သံသရာဝဋ်ဆင်းရဲကနေ လွတ် မြောက်ရာ လွတ်မြောက်ကြောင်း သတိပဋ္ဌာန် ဝိပဿနာ အကျင့်ကောင်းအကျင့်မြတ်တွေကို ကျင့်ကြံကြိုးကုတ် အား ထုတ်နိုင်ဖို့ပဲ အရေးကြီးပါတယ်။

ကောက်စိုက်သမဘဝနဲ့ ဝိပဿနာအလုပ်တွေ အား ထုတ်၊ သောတာပန်ဖြစ်။ မိဖုရားခေါင်ကြီးက တေဘယ်ပ်ပ တွေ တစ်ခုပြီးတစ်ခု ပြောင်းပြီးတော့ အချိန်ဖြုန်းနေတဲ့ ပုထု ဇဉ်ဆိုရင် သောတာပန် ကောက်စိုက်သမနဲ့ ပုထုဇဉ် မိဖုရား



www.burmeseclassic.com

www.burmeseclassic.com

ခေါင်ကြီးဆိုရင် ဘာဖြစ်ချင်တုံး။

'သောတာပန် ကောက်စိုက်သမ ဖြစ်ချင်ပါတယ် ဘုရား'

အံမယ် . . . ဒါကျတော့ သွက်လိုက်တာ . . .၊ တော်တော်လည်တဲ့ လူတွေပဲ . . . နော်။

ကောက်စိုက်သမတို့၊ မိဖုရားခေါင်ကြီးတို့ ဆိုတဲ့ လောကီသတ်မှတ်ချက်တွေက အဓိက မဟုတ်ပါဘူး။ အတွင်းက အနှစ်သာရက အဓိကပါ။

ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ထားရမှာက . . .

'ငါ ဘယ်ဘဝရောက်ရောက် ဖြစ်လေရာ ဘဝမှာ စိတ်ချမ်းသာအောင် နေတတ်တဲ့သူ ဖြစ်စေရမယ်။ လောကဒဏ် ကြံ့ကြံ့ခံနိုင်တဲ့သူ ဖြစ်စေရမယ်။ ကုသိုလ်တရား တိုးပွားအောင် လုပ်နိုင်တဲ့သူ ဖြစ်စေရမယ်။ ပါရမီဖြည့်စွမ်းနိုင်တဲ့သူ ဖြစ်စေရမယ်'၊ 'ကောက်စိုက်သမဖြစ်ရင်လည်း ငါ ဘယ်တော့မှ ဝမ်းမနည်းဘူး။ မိဖုရားခေါင်ကြီး ဖြစ်လို့လည်းပဲ ငါ မာန်မာနမတက်ဘူး' ဆိုတဲ့ စိတ်ဓာတ်မျိုး မွေးထားရမှာ။

ဦးဇင်းတို့ မြတ်စွာဘုရားလောက် ဒါနကုသိုလ် အားကောင်းတဲ့ပုဂ္ဂိုလ် ရှိဦးမလား။ တချို့ဘဝတွေမှာ ပြောရမယ်ဆိုရင်တော့ သူတောင်းစားမျိုးမှာ ဖြစ်ရတယ်။ မာတင်္ဂ ဆိုတဲ့ ဘာ ထင်ရှားနေတာပဲနော်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါ သူတောင်းစား မာတက်ကို သွားကြည့်ပြီးတော့ ဒီကောင်ကတော့ ဘာဒါနမှ မရှိဘူး၊ ဒါနနည်းလို့ မွဲတယ်လို့ ပြောလို့ ဖြစ်ပါ့မလား။ လောလောဆယ်သာ သူတောင်းစား ဖြစ်နေပေမယ့် မာတက်ရဲ့ နှလုံးသားထဲမှာ သတ္တဝါတွေအားလုံး ပြုထားတဲ့ ဒါနကုသိုလ်တွေထက်တောင်မှ ဒါနကုသိုလ် များပါတယ်။

စကြဝဠာအနန္တမှာရှိတဲ့ သတ္တဝါအနန္တ ပြုထားတဲ့ ဒါနကုသိုလ်တွေကို ချိန်ခွင်တစ်ဖက်မှာ ထည့်၊ ဘုရားအလောင်းတစ်ပါးတည်း ပြုထားတဲ့ ဒါနကုသိုလ်တွေကို ချိန်ခွင်တစ်ဖက်မှာ ထည့်။ ဘုရားအလောင်းပြုထားတဲ့ ဒါနကုသိုလ်ဘက်က ချိန်ခွင်လျှာ ဇောက်ထိုးကြီးပါ။ ဒါနကုသိုလ်တွေအများကြီးကို ပြုခဲ့တာပါ။ ဒါပေမဲ့ သူတောင်းစား ဖြစ်ရရှာတယ်။ သူဆင်းရဲ ဖြစ်ရရှာတယ်။

ဘုရားလောင်းလို ပါရမီတွေ အများကြီး ပြည့်နေတဲ့ ပုဂ္ဂိုလ်တောင်မှ ဒီလိုနိမ့်ကျတဲ့ ဘဝမျိုး ဖြစ်ရသေးတယ်ဆိုရင် သာမန်လူကတော့ တွေးဝံ့စရာ ရှိပါဦးမလား။ မရှိဘူး။ ဒါပေမဲ့ ဦးဇင်းတို့ ဘုရားလောင်း သူတောင်းစားဖြစ်လို့ဆိုပြီးတော့ စိတ်ဓာတ်ကျရဲ့လား။ မကျဘူး။ ဒိဋ္ဌမင်္ဂလိကာကို ရအောင်ယူသေးတာ။

သူဌေးသမီးကိုတောင် ရအောင် ယူသေးတာနော်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဇင်းကတော့ ဘာပဲပြောပြော ဂုဏ်ယူတယ်။ ကိုယ့်ဘုရား ကိုယ်ဆိုတော့ ဂုဏ်ယူတယ်။ ဟိုက အင်မတန် မာနကြီးတဲ့ သူဌေးသမီး။ အင်မတန် မာနကြီးတဲ့ သူဌေးသမီးကိုတောင် မှ ဦးဇင်းတို့ဘုရားလောင်း တောင်းစားတဲ့ မာတင်္ဂက ရ အောင်ကို ယူသေးတာ။

ကာမရာဂအားကြီးလို့ ယူတာ မဟုတ်ဘူး။ နောက် ပိုင်းမှာ . . . သူ့ကို အမေလို ပြုစု၊ သူကလည်း တရားတွေ အားထုတ်။ ဈာန်တွေရနဲ့ နောက်ဆုံးတော့ ဗြဟ္မာ့ပြည် တောင် ရောက်သေးတာပဲ။

ပြောချင်တာက ဘဝအခြေအနေတွေကတော့ အမျိုး မျိုး ကျင်လည်ရမှာပဲ။ ဘဝအမျိုးမျိုး ရောက်ရမှာပဲ။ ဘယ် ဘဝရောက်ရောက်၊ ရောက်တဲ့ဘဝမှာ ပါရမီဖြည့်ဖြစ်ဖို့ပဲ အရေးကြီးပါတယ်။

ပါရမီဖြည့်ဖြစ်ဖို့ဆိုတာ အဖြောင့်ပြောရင်တော့ မြင့် မြတ်တဲ့ အလုပ်တွေ လုပ်ဖြစ်ဖို့ပဲ အရေးကြီးပါတယ်။

အခု မိဖုရားကြီးဖြစ်ဖို့ ကျိန်စာဆိုတဲ့ ရသေ့မ ဆိုတာ လည်း ဥပ္ပလဝဏ်ထေရီမ အလောင်းပါပဲ။ ဥပ္ပလဝဏ် ထေရီမဆိုတာ အရှင်မဟာမောဂ္ဂလ္လာန်လို တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ လက်ဝဲရံ ဘိက္ခုနီမပါပဲ။

သူကလည်း ဟိုဘဝတစ်ခုမှာတုန်းက ကောင်းစိုက်



www.burmeseclassic.com

www.burmeseclassic.com

သမ ဖြစ်ခဲ့ဖူးပါတယ်။ ကောက်စိုက်သမဖြစ်တော့ လယ်ထဲမှာ ကောက်စိုက်ရင်း စားမယ်ဆိုပြီးတော့ ပြောင်းဖူးပေါက်ပေါက်ကလေးတွေ ဖောက်လာတယ်။ လမ်းရောက်တော့ ပစ္စေကဗုဒ္ဓါတစ်ပါးနဲ့တွေ့။ မစားတော့ဘူး၊ ငါ ဒီနေ့တစ်နေ့တာ အငတ်ခံမယ် ဆိုပြီးတော့ ပေါက်ပေါက်တွေ လှူ။ ကုသိုလ်ပါရမီဖြည့်။ နောက်ဆုံးတော့ နိဗ္ဗာန်တောင် ရောက်သွားတာပါပဲ။

ဒီတော့ မိဖုရားတို့၊ ကောက်စိုက်သမတို့ စတဲ့ရာထူး သတ်မှတ်ချက်တွေက အရေးမကြီးပါဘူး။ ဖြစ်ချင်တာ ဖြစ်ပါစေပေါ့နော်။ ကုသိုလ်ကောင်းမှု လုပ်တဲ့အခါ ဘာဖြစ်ပါရစေ၊ ညာဖြစ်ပါရစေ၊ လူ့စည်းစိမ်ရဲ့ သတ်မှတ်ချက်တွေကို ဘာမှ ဆုမတောင်းပါနဲ့။ မသေချာပါဘူး။ နိဗ္ဗာန်ကိုသာ အဓိကဆုတောင်း။

သံသရာနဲ့ ပတ်သက်ပြီး တကယ်လို့များ ဆုတောင်းချင်သေးသပဆိုရင် စိတ်ဓာတ်ခိုင်မာတဲ့သူ တစ်ယောက်သာ ဖြစ်ပါရစေ။

အကုသိုလ်ကို ရဲရဲရှောင်နိုင်တဲ့သူ၊ ကုသိုလ်ကို ရဲရဲလုပ်ဖြစ်တဲ့သူ ဖြစ်ပါရစေလို့သာ ဆုတောင်း။ အမှန်ကတော့ နိဗ္ဗာန်ကိုသာ ဦးတည်ထားရင် အခုပြောတဲ့ သူတော်ကောင်းစွမ်းရည်တွေက အလိုအလျောက် ပြည့်စုံသွားမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## လာဘ်ရှာလွဲရင် လာဘ်လွဲရှာရာရောက်ပါတယ်

ညီမအငယ်ဆုံးရသေ့မပြီးတော့ ကျိန်ဖို့ ဘယ်သူကျန်သေးတုံး။ တောထွက်သွားတဲ့ ဆယ့်တစ်ယောက်ထဲက ဘယ်သူ ကျန်သေးတုံး။ ကျွန်မလေးတစ်ယောက် ကျန်သေးတယ်။ ကျွန်မလေးကတော့ ခုဇ္ဇုတ္တရာအလောင်းပါပဲ။

ဦးဇင်းတို့ရဲ့ အလင်းစေတမန် စာအုပ်ထဲမှာလည်း ပါတယ်။ ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်တဲ့၊ ပရိယတ္တိ ဗဟုသုတများတဲ့နေရာမှာ အသာလွန်ဆုံး၊ အမွန်မြတ်ဆုံး ဧတဒဂ်ရတဲ့ အမျိုးသမီးလေးပါပဲ။

သူ ဒီဘဝမှာလည်း ကျွန်မ ဖြစ်ရရှာတာပေါ့။ အတိတ်က ပစ္စေကဗုဒ္ဓါ ခါးကုန်းတာကို ပုံစံယူပြီးတော့ ပါတို့ နန်းတော်ကိုကြွတဲ့ ပစ္စေကဗုဒ္ဓါက ဒီလို ဒီလို ဆိုပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ပြောင်ပြတဲ့အတွက်ကြောင့်၊ အပျော်အပျက်လုပ်တဲ့အတွက်ကြောင့် ခါးကုန်းရတာ။

ကျွန်မဖြစ်ရတာကတော့ ဘဝတစ်ခုမှာ သာမဏေမတစ်ပါး၊ သို့မဟုတ် ဘိက္ခုနီမတစ်ပါးကို သူအလှူပြင်နေတုန်း မိတ်ကပ်ဘူးတွေက ဝေးနေလို့ ရှင်မ မိတ်ကပ်ဘူးလေး လှမ်းလိုက်ပါဆိုပြီးတော့ ဘိက္ခုနီမကို ခိုင်းခဲ့လို့။ ဘုန်းကြီးတွေ၊ သီလရှင်တွေကို ခိုင်းဖို့တော့ စိတ်မကူးနဲ့။

အဲဒီလို တစ်ခဏလေး ခိုင်းလိုက်တဲ့အတွက်ကြောင့် အကျိုးပေးတဲ့ဘဝ ဘဝငါးရာပတ်လုံး ကျွန်ဖြစ်ရတယ်တဲ့။ ကိုယ့်ထက် အသက်သိက္ခာ၊ ဂုဏ်ဝါကြီးတဲ့ပုဂ္ဂိုလ်ကို သွားခိုင်းရင်တော့ ကျွန်ဖြစ်ရမှာပဲနော်။

အမေရေ . . . သမီးမရှိတုန်း ကလေးပုခက်လေး လွှဲပေးလိုက်ပါဦး။ ကလေးအီးကုန်းလိုက်ပါဦးနဲ့ မခိုင်းကြဘူးလား။ ခိုင်းချင်လည်း ခိုင်းကြပေါ့နော်။

ခုဒ္ဒတ္တရာအလောင်း ရသေ့မလေးကလည်း ကျိန်ပြန်တယ်။

'ဒီကြာစွယ် ကြာရိုးတွေကို အကျွန်ုပ် မခိုးရရိုး အမှန်ပါ။ တကယ်လို့များ ခိုးခဲ့သည်ရှိသော် ရသေ့များစွာ စုဝေးနေတဲ့ ပရိသတ်ရဲ့ အလယ်မှာ ရသေ့တွေ စားသောက် သုံးဆောင်နေတဲ့ အာဟာရတွေကို မရှက်မကြောက် ရဲရဲတင်း



www.burmeseclassic.com

www.burmeseclassic.com

တင်း ဝင်နိုက်ပြီးတော့ စားနိုင်တဲ့ ရသေ့မ ဖြစ်ပါရစေ'

ဘုန်းကံကြီးမားတဲ့ ရသေ့မ ဖြစ်ပါရစေတဲ့။ တန်ခိုးရှိတဲ့ ရသေ့တွေ အများကြီး စားသောက်နေတဲ့ နေရာမှာ သူကလည်း တန်ခိုးရှိတယ်ဆိုပြီးတော့ ဒိုးတူပေါင်ဖက် စားနိုင်တဲ့ ရသေ့မ ဖြစ်ပါရစေတဲ့။

သူက ကျွန်မ ဖြစ်ခဲ့တာဆိုတော့ အလုပ်သမားတွေ၊ ကျွန်တွေရဲ့ သဘောသဘာဝက အရှင်သခင်တွေနဲ့၊ တခြားလူတွေနဲ့ တစ်စုတဝေးတည်း ထိုင်ပြီးတော့ စားရတာကို သဘောမကျဘူး။ မကြိုက်ဘူး။ မစားရဲဘူး။ မစားချင်ဘူးပေါ့။ သူ မဖြစ်ချင်တဲ့ဟာကိုပဲ ကျိန်လိုက်တာပါပဲ။

ပြီးတော့ 'တန်ခိုးကြီးတဲ့ ရသေ့မ ဖြစ်ပါရစေ။ လာဘ်လာဘတည်းဟူသော အကြောင်းကြောင့် အုံ့ဩဖွယ် ကုဟန အမှုကို ပြုတဲ့သူလည်း ဖြစ်ပါရစေ' တဲ့။

ကုဟနအမှု ဆိုတာက ပါဠိနဲ့ နီးစပ်သူအတွက်ကတော့ သဘောပေါက်တာပေါ့။ အများနားလည်အောင် ပြောရမယ်ဆိုရင်တော့ အကြံအဖန်ပေါ့။ လာဘ်လာဘတည်းဟူသော အကြောင်းကြောင့် အကြံအဖန် အုံ့ဩစရာတွေ ဖန်တီးတဲ့ ရသေ့မ ဖြစ်ပါရစေတဲ့။

သဲဆွမ်းစားတာတို့၊ ရေဆွမ်းစားတာတို့ ဆိုတာ အကြံအဖန်တွေ မဟုတ်ဘူးလား။ လာဘ်လာဘတည်းဟူ

www.burmeseclassic.com

သော အကြောင်းကြောင့် အကြံအဖန်လုပ်တဲ့ အလုပ်တွေပဲ။ လောကမှာ ဘလိတ်ခါး စားတဲ့သူတွေရော မရှိဘူးလား။ ထူးဆန်းအံ့ဖွယ်စာအုပ်တွေမှာ တွေ့ဖူးမှာပေါ့။ အဲဒီ ကောင်လေးသာ ဘုန်းကြီးဝတ်ရင်တော့ ဘလိတ်ခါးဆွမ်း ကိုယ်တော်ဆိုပြီးတော့ နာမည်ကြီးဦးမှာ။

သံကြိုက်လို့ သံစားတာ ဘာဆန်းတုံး။ ရေကြိုက်လို့ ရေပဲသောက်တာ ဘာဆန်းတုံး။ ရေဆိုတာ ဆွမ်းမဟုတ်ဘူး။ သံဆိုတာလည်း ဆွမ်းမဟုတ်ပါဘူး။ အဲဒါတွေက အကြံအဖန်တွေပါ။ လာဘ်လာဘ ပေါများချင်လို့၊ ထင်ရှားကျော်ကြားချင်လို့ ဆိုပြီးတော့ သက်သတ်လွတ်စားရင်လည်း အကြံအဖန်ပဲ။

ကိုယ့်ဘာသာကိုယ် ကုသိုလ်ရချင်လို့ စားတာမျိုး၊ မေတ္တာပွားချင်လို့ စားတာမျိုး၊ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ သက်သတ်လွတ် စားတာကတော့ အပြစ်မရှိပါဘူး။ တချို့ကျတော့ ရှိတယ်။ သက်သတ်လွတ်စားတဲ့ ဘုန်းကြီးတွေ နာမည်ကြီးတယ်။ ငါလည်းပဲ သက်သတ်လွတ် စားမယ်ဟေ့ ဆိုပြီးတော့ စားတာမရှိဘူးလား။ ရှိတယ်။

ဦးဇင်းတို့ စာသင်သားဘဝတုန်းက ဘုန်းကြီးတစ်ပါးတွေ့ဖူးတယ်။ ဘုန်းကြီးကို ပြစ်မှားတာတော့ မဟုတ်ပါဘူး။ လောကရဲ့ သဘာဝကို ပြောတာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးတစ်ပါးက သက်သတ်လွတ်စားတယ်။ ပရိတ်ရေရွတ် ဆူတယ်။ သူလည်းပဲ ပရိတ်ရေဆူတဲ့ ဆရာတော်ကြီးလို နာမည်ကြီးချင်တော့ သူရွတ်တဲ့ ပရိတ်ဆူအောင်ဆိုပြီးတော့ သက်သတ်လွတ်စားသတဲ့။

ဒါပေမဲ့ သက်သတ်လွတ်စားတာ နှစ်ပေါက်သွားတာတောင် ပရိတ်ရေ မဆူလို့ဆိုပြီးတော့ သက်သတ်လွတ်စားတာ ဖြတ်လိုက်သတဲ့။ ဘယ်လောက်များ စိတ်ဓာတ်ခိုင်မြဲသလဲဆိုတာ။ ရည်ရွယ်ချက်ကိုက မှန်မှ မမှန်တာ။

ကိုယ့်ဘာသာကိုယ် သဘောရိုးနဲ့ သတ္တဝါတွေရဲ့ အသားကို မစားချင်လို့၊ ကိုယ့်ကြောင့် သတ္တဝါတွေရဲ့ အသက် မသေစေချင်လို့ ကိုယ့်ဘာသာကိုယ် ရိုးရိုးသားသား စားတာကတော့ စိတ်ထားကောင်းတယ်၊ နှလုံးသွင်းကောင်းတယ်ဆိုရင်၊ စားနေတဲ့ အခိုက်အတန့်မှာလည်းပဲ စိတ်ကောင်းနှလုံးကောင်းလေးနဲ့ ဘာဝနာပွားပြီးတော့ စားတယ်ဆိုရင်တော့ ကုသိုလ်ရတာပါပဲ။

အဲဒီလို လာဘ်လာဘတည်းဟူသော အကြောင်းကြောင့် အထူးအဆန်းတွေလုပ်တာကို ကုဟနအမှုလို့ ခေါ်ပါတယ်။

ဘုရားဟောတဲ့ ကျင့်စဉ်တွေကိုတောင်မှ လာဘ်လာဘကြောင့် ကျင့်တယ်ဆိုရင် ဒါမှားတာပဲ။ တောရဆောက်



www.burmeseclassic.com

www.burmeseclassic.com

တည်တယ်။ တောကျောင်းနေတဲ့ပုဂ္ဂိုလ် သူများက အထင်ကြီးတယ်ဆိုပြီးတော့ တောကျောင်း သွားနေတယ်ဆိုရင်လည်း ဒါဟာ အကုသိုလ်ပဲ။ ပါပိစ္ဆာ - အလိုဆိုးလို့ မြတ်စွာဘုရားက ဟောထားတယ်။

ကျန်တာတော့ ကိုယ့်ဘာသာကိုယ် ဉာဏ်နဲ့ပဲ ချဲ့လိုက်ပေါ့နော်။ လာဘ်လာဘတည်းဟူသော အကြောင်းကြောင့် သာသနာနဲ့ မလျော်တဲ့ အလုပ်တွေ လုပ်တဲ့ပုဂ္ဂိုလ်ဖြစ်ပါရစေတဲ့။

ဒါက အမျိုးသမီးအနေနဲ့ ပြောတာပေါ့။ အမျိုးသားဆိုရင်တော့ ပရိယတ္တိအလုပ်တွေ၊ ပဋိပတ္တိအလုပ်တွေ မလုပ်ဘဲနဲ့ လောကီဂန္ထာရီ ဝိဇ္ဇာအလုပ်တွေပဲ လုပ်တဲ့ ဝိဇ္ဇာဘုန်းကြီးဖြစ်ပါရစေလို့ ကျိန်တာပါပဲ။

လောကီဂန္ထာရီ ဝိဇ္ဇာအလုပ်တွေ မလုပ်ရဘူးလို့ မဆိုလိုပါဘူး။ လုပ်ချင်ရင် လူဝတ်ကြောင်ဘဝနဲ့လုပ်။ လူထွက်ပြီးတော့ အဝတ်ဖြူနဲ့လုပ်။ ဘုရားပေးတဲ့ သင်္ကန်း ဝတ်ထားပြီဆိုရင်တော့ ဘုရားလုပ်ခိုင်းတဲ့ ပရိယတ္တိစစ်စစ်ကို လုပ်ပါ။ ပဋိပတ္တိစစ်စစ်ကို လုပ်ပါ။

ကိုယ်နဲ့ ရင်းနှီးတဲ့ ဦးပဥ္စင်းတွေ၊ ကိုရင်တွေကိုတော့ အမြဲတမ်း ပြောပါတယ်။ 'လောကီဂန္ထာရီဝိဇ္ဇာအလုပ်တွေ လုပ်ပြီးတော့တော့ နာမည် မကြီးချင်နဲ့။ ဘုန်းမကြီးချင်နဲ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို ကြီးရမယ့်အတူတူတော့ လူဝတ်ကြောင်ဘဝနဲ့ ကူလီထမ်းစားရတာ၊ ဆိုက်ကားနင်းစားရတာကမှ ကောင်းသေးတယ်' လို့။

ဒါ့ကြောင့် ကျွန်မလေးကလည်း တော်တော်ညာဏ်ရှိတဲ့ပုဂ္ဂိုလ်နော်။ သာသနာနဲ့ မဆီလျော်တဲ့ အလုပ်၊ တရားမမွနဲ့ မအပ်စပ်တဲ့ အလုပ်တွေကို အတော့်ကို ရွံရှာစက်ဆုပ်တဲ့သဘော ရှိပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## ကျောင်းမထိုင်သေးရင် လူပျိုဘုန်းကြီး

သူတို့တောထွက်တဲ့ဆယ့်တစ်ယောက်ထဲက ဆယ်ယောက်တော့ ကုန်မသွားဘူးလား။ ကုန်သွားပြီ။ အဲဒီအစည်းအဝေး လုပ်နေတဲ့ နေရာနားမှာ ရုက္ခစိုးနတ်ကြီးကလည်း ရောက်လာတယ်။ ရသေ့တွေရဲ့ ကျောင်းသင်္ခမ်းနားမှာ သစ်ပင်ကြီး အကြီးကြီး ရှိတယ်။ အဲဒီသစ်ပင်ကြီးမှာ စောင့်ရှောက်နေတဲ့ပုဂ္ဂိုလ်ကလည်း သူတို့နားမှာ ဝင်ထိုင်။

တောထွက်လာတဲ့ ဆင်ကြီးကလည်း ဝင်ထိုင်။ ဆင်အုပ်ထဲမှာ နေရတာ စိတ်ရှုပ်လွန်းလို့ အဲဒီဆင်ကလည်း တောထွက်လာတယ်။ အဲဒီဆင်ကလည်း ဝင်ထိုင်။

မြတ်စွာဘုရားကို ပျားရည်လှူတဲ့ မျောက်လောင်းမျောက်ကလည်း မြွေအလမ္ပာယ်ဆရာရဲ့ လက်ထဲမှာ ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခကြုံရလို့ဆိုပြီးတော့ မြွေအလမ္ပာယ်ဆရာ အလစ်မှာ သံကြိုးဖြတ်ပြီးတော့ တောထွက်လာတယ်။ သူကလည်း ဝင်ထိုင်။

ဘုရားလောင်းကလွဲလို့ ဟိုဆယ်ပါးက မခိုးကြဘူး ဆိုတော့ တို့ခိုးတယ်များ ထင်နေသလားဆိုပြီးတော့ ရုက္ခစိုး နတ်ကြီးကလည်း ဝင်ကျိန်ပြန်တယ်။

'ဒီကြာစွယ်ကြာရိုးတွေကို အကျွန်ုပ် မခိုးရရိုး အမှန်ပါ။ အကယ်၍များ ခိုးခဲ့သည်ရှိသော် တစ်ယူဇနာကျယ်တဲ့ ကျောင်းတိုက်ကြီးတစ်တိုက်မှာ ကျောင်းဟောင်းတွေကို ပြုပြင်ရတဲ့ ကျောင်းထိုင်ဘုန်းကြီး ဖြစ်ပါရစေ။ ပြတင်းပေါက် တစ်ပေါက်ကို တစ်ရက်တည်းနဲ့ အပြီးလုပ်တဲ့ ကျောင်းထိုင် ဘုန်းကြီးဖြစ်ပါရစေ'

ပြတင်းပေါက် တစ်ပေါက်ကို တစ်နေ့တည်းနဲ့ လုပ်ရတာဆိုတော့ ပင်ပန်းတာပေါ့။ အခုမှ ဖြတ်မယ်၊ အခုမှ ကျည်းပေါင်လုပ်မယ်၊ အခုမှ တံခါးပေါင်ခွေမယ်၊ အခုမှ မှန်တပ်မယ်ပေါ့။ အဲဒီလို ကျောင်းအဟောင်းတွေ ပြင်တဲ့ ကျောင်းထိုင်ဘုန်းကြီး ဖြစ်ပါရစေတဲ့။

သူက ကဿပဘုရားရှင်လက်ထက်တုန်းကလည်း ကျောင်းဟောင်းတွေ ပြင်ခဲ့ရတဲ့၊ ကျောင်းတိုက်ကြီးတစ် တိုက်မှာ ကျောင်းတိုက်ကို အုပ်ချုပ်ရတဲ့ ကျောင်းထိုင်ဘုန်း



www.burmeseclassic.com

www.burmeseclassic.com

ကြီး ဖြစ်ခဲ့တာ။

ကျောင်းထိုင်ဘုန်းကြီးဆိုရင် လူတွေက တော်တော် ချမ်းသာမှာပဲလို့ ထင်နေကြတာနော်။ ကျောင်းထိုင်ဘုန်းကြီးဘဝဆိုတာလည်း တစ်ကယ်တော့ မချမ်းသာပါဘူး။ ဆင်းရဲဒုက္ခတွေ ပတ်လည်ဝိုင်းနေတာပါပဲ။

ကျောင်းထိုင်ဘုန်းကြီး လုပ်ရတယ်ဆိုတာ လူအနေနဲ့ ပြောမယ်ဆိုရင် အိမ်ထောင်ကျတာနဲ့ အတူတူပါပဲ။ ကျောင်းထောင်ကျတယ် လို့ ပြောရမှာပေါ့လေ။

ဟိုတုန်းက နာမည်ကျော်တဲ့ ဓမ္မကထိက ဆရာတော်တစ်ပါးက တရားတစ်ပုဒ်မှာ ဟောထားတယ်။ ကျောင်းထိုင်ဘုန်းကြီး လုပ်ရတာ မိန်းမလေးယောက် ယူရသလိုပဲတဲ့။

လူဝတ်ကြောင်တွေက . . . အိမ်ထောင်ပြုရင် တစ်ယောက်ပဲ ယူရတာ။ ကလေး သုံးလေးယောက်ပဲ ပြုစုရတာ။ စောင့်ရှောက်ရတာ။ မွေးမြူရတာ။ ကျောင်းထိုင်ဘုန်းကြီးကျတော့ ရဟန်းတွေ၊ ကိုရင်တွေ အများကြီးကို ပြုစုစောင့်ရှောက် မွေးမြူရတာ။ သုံးလေးယောက် မကဘူး၊ အများကြီး။

တချို့ကျောင်းတိုက်တွေဆိုရင် သုံးလေးငါးရာအစ်ထောင်၊ တချို့ နှစ်ထောင်သုံးထောင် ဒူးမနာသားတွေ အများကြီး ထိန်းကျောင်းရတာ မလွယ်ဘူး။ ရဟန်း၊ ကိုရင်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်တဲ့ ဒုက္ခတွေကလည်း အများကြီး ရှိတယ်။

ဒကာဒကာမတွေဘက်ကလည်း ဟိုဒကာ ဒကာမကတစ်မျိုး၊ ဒီဒကာဒကာမကတစ်မျိုး၊ ဟိုလူက ပွစိပွစိ၊ ဒီလူက ရွစိရွစိနဲ့၊ ပွစိပွစိတွေ၊ ရွစိရွစိတွေ လိုက်ဖြေရှင်းပေးရတဲ့ ဒုက္ခကလည်း မသေးဘူး။

စာသင်တိုက်တွေကတော့ ဖြစ်ခဲ့ပါတယ်။ သံဃာတွေကိုပဲ အများဆုံး အုပ်ချုပ်ရတာဆိုတော့။ ရိပ်သာ တော်တော်များများ ကြည့်လိုက်မယ်ဆိုရင်တော့ တစ်ယောက်နဲ့ တစ်ယောက် အမှုဆောင်တွေ၊ ဂေါပကတွေ အဆင်မပြေတာများတယ်။ အမှုဆောင်ကတစ်မျိုး၊ မီးဖိုချောင်ကတစ်မျိုးဆိုတာမျိုးပေါ့လေ။ ပြဿနာအရှုပ်ဆုံးကတော့ မီးဖိုချောင်ပါပဲ။

အဲဒါကြောင့် ကျောင်းထိုင်ဘုန်းကြီးလုပ်တယ်ဆိုတာ အိမ်ထောင်ကျတာနဲ့ တူတယ်။ ကျောင်းထိုင်ဘုန်းကြီး မလုပ်ဘူးဆိုရင်တော့ လူပျိုကြီးလုပ်တာနဲ့ တူတာပေါ့။ ဦးဇင်းကတော့ အိမ်ထောင်မကျချင်ပါဘူး။ လူပျိုကြီးပဲ လုပ်ချင်ပါတယ်။

ဒကာကြီး ဦးရှိန်ဝင်း . . . အောက်ကျောင်း (မြစိမ်းကျောင်း) ကို လက်ခံဖို့ပြောတော့ ဦးဇင်းက လက်မခံပါရစေနဲ့။ ဒကာကြီး၊ ဦးဇင်းတော့ အိမ်ထောင်မကျပါရစေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com

လူပျိုကြီးပဲ လုပ်ပါရစေလို့။ ကျောင်းထိုင်ဘုန်းကြီးလုပ်ရင် ဒုက္ခတွေက အများကြီး လာမှာကိုး။

သို့သော် ဒကာကြီး ဦးရှိန်ဝင်းနဲ့ ဒကာမကြီး ဒေါ်ခင်ချိုဦးရဲ့ စေတနာသဒ္ဓါတရား၊ အောက်ကျောင်းရဲ့ လက်ရှိဆရာတော် ဦးပညာလောကရဲ့ ဆန္ဒကို ငဲ့ညှာပြီးတော့ အခိုက်အတန့်အားဖြင့်တော့ လက်ခံထားရပါတယ်။ ယာယီနာမည်ခံအနေနဲ့ပါပဲ။

တစ်ချိန်ကျရင် ပရိယတ္တိစွမ်းဆောင်နိုင်တဲ့ ရဟန်းတစ်ပါးပါးကို စာသင်တိုက်လုပ်ဖို့ အပြီးအပြတ် ရေစက်ချပြီးတော့ စွန့်လွှတ်လှူဒါန်းလိုက်မှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်မကျချင်လို့။ လူပျိုကြီး လုပ်ချင်လို့။ အားကျမခံ လူပျိုကြီးပဲ လုပ်တော့မယ်ပေါ့နော်။

အဲဒီတော့ 'ကြာစွယ်ကြာရိုး မခိုးခဲ့ရိုးအမှန်ပါ။ ခိုးခဲ့ရင် ကျောင်းထိုင်ဘုန်းကြီး ဖြစ်ပါရစေ'။ ဦးဇင်းက ဘုန်းကြီးဆိုတော့ ရက္ခစိုးနတ်ကြီး ကျိန်တာကို သဘောအကျဆုံးပဲ။ ကိုရင်ဘဝကတည်းက ဖတ်ဖူးတဲ့ အဲဒီကျိန်စာကို အမြဲတမ်း မမေ့သေးတဲ့အတွက်ကြောင့်လည်း ဒီနေ့အထိ ကျောင်းထိုင်ဘုန်းကြီး မလုပ်ဘဲနဲ့ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးပဲ နေပါတယ်။

ဒါပေမဲ့ ကျောင်းထိုင်ဘုန်းကြီးလုပ်တဲ့ ပုဂ္ဂိုလ်တွေကို



www.burmeseclassic.com

www.burmeseclassic.com

အပြစ်ပြောတာ မဟုတ်ဘူးနော်။ ကျောင်းထိုင်ဘုန်းကြီး အားလုံးကို သိပ်ကြည်ညိုတယ်။ ဒီဒူးမနာသားတွေရဲ့ ဒုက္ခကို သည်းခံနိုင်တာ ဘယ်လောက်ကြည်ညိုစရာကောင်းတုံး။

ဒကာ၊ ဒကာမတွေရဲ့ ဒုက္ခ၊ ညော့်သည်တွေရဲ့ ဒုက္ခ၊ ရဟန်းသာမဏေတွေရဲ့ ဒုက္ခ၊ ဒီဒုက္ခတွေကို အပြုံးမပျက် သည်းခံနိုင်တဲ့ ဆရာတော်ကြီးတွေကို ဦးဇင်း သိပ်ကြည်ညို ပါတယ်။ ကျောင်းထိုင်ဘုန်းကြီးတွေဆိုတာ သည်းခံနိုင်စွမ်း (ခန္တီ) အင်မတန် အားကြီးတဲ့ ပုဂ္ဂိုလ်တွေပါပဲ။

ကိုယ်က သည်းခံနိုင်စွမ်း အားနည်းလို့ ကျောင်းထိုင် ဘုန်းကြီး မဖြစ်တာနော်။ ခန္တီတရား အားမကြီးသေးလို့ ကျောင်းထိုင်ဘုန်းကြီး မဖြစ်တာပါ။ ပရိသတ်ဒဏ်၊ အလုပ် ဒဏ် ခံနိုင်လောက်တဲ့ ကျန်းမာရေးအင်အား မပြည့်စုံတာ လည်း ပါပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## ရခြင်းဆင်းရဲနှင့်ခံစားရခြင်းဆင်းရဲ

ဆင်ကြီးကလည်း ကျိန်ပြန်တယ်။

'ဒီကြာစွယ် ကြာရိုးတွေကို အကျွန်ုပ် မခိုးရရိုးအမှန်ပါ။ တကယ်လို့ ခိုးခဲ့လို့ ရှိရင် ခြေလေးချောင်းရယ်၊ ခါးရယ်၊ လည်ပင်းရယ်၊ ခြောက်ဌာနကို အင်မတန် ကြီးမားတဲ့ သံကြိုးကြီးတွေနဲ့ တုပ်နှောင်ခံရတဲ့ ဆင်ဖြစ်ပါရစေ။ အင်မတန် မွေ့လျော်စရာကောင်းတဲ့ တောထဲမှာ မနေရဘဲနဲ့ တောထဲကနေ မြို့ကို အသယ်ခံရတဲ့ ဆင်ဖြူတော်ဖြစ်ပါရစေ'

မြို့ကို အသယ်ခံရတယ် ဆိုရင်တော့ လွတ်လွတ်လပ်လပ် မနေရတော့ဘူး။ တိရစ္ဆာန်ရဲ့ ရောက်တယ်ဆိုရင်ပဲ သံကြိုးနဲ့ အတုပ်ခံရမှာပဲပေါ့။ မြို့မှာ စီးပွားရေးသမား လက်ထဲရောက်တယ်ဆိုရင်လည်း သူခိုင်းသမျှ လုပ်ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

တောထဲမှာလို လွတ်လပ်ပါဦးမလား။ မလွတ်လပ်တော့ဘူး နော်။ ဆင်ကြီးကလည်း တော်တော်ညာဏ်ရှိတယ်နော်။

'ကြိုးနဲ့လည်း အတုပ်အနှောင်ခံပါရစေ။ ချွန်းတွေ၊ ဆူးကြိမ်တွေနဲ့လည်း အရိုက်အနှက်ခံပါရစေ'တဲ့။

မျောက်ကလည်း ကျိန်ပြန်တယ်။

'ဒီကြာစွယ် ကြာရိုးတွေကို အကျွန်ုပ် မခိုးရရိုး အမှန်ပါ။ တကယ်လို့များ ခိုးခဲ့သည်ရှိသော် မြွေအလမ္ပာယ်ဆရာရဲ့ လက်ထဲရောက်ပြီးတော့ မြွေရဲ့ ပါးစပ်ထဲ ခေါင်းဝင်ပါရစေ။ ကျွန်ုပ်ရဲ့ ပါးစပ်ထဲ မြွေကို သွင်းပါရစေ။ တစ်ကိုယ်လုံးမှာ မြွေကို ပတ်ပြီးတော့ ကပြ အသုံးတော်ခံရတဲ့၊ မြွေအက ကျွမ်းကျင်တဲ့ မျောက် ဖြစ်ပါရစေ'

မြွေအလမ္ပာယ်ဆရာရဲ့ လက်ထဲမှာ ခံခဲ့ရတဲ့ဒုက္ခတွေကို သိတော့ ဒုက္ခတွေခံပါရစေဆိုပြီးတော့ ကျိန်လိုက်တာပါပဲ။ တိရစ္ဆာန်ဆိုပေမယ့် ဘာပဲပြောပြော ကြည်ညိုစရာကောင်းပါတယ်။

အဲဒီလိုအားဖြင့် ကျိန်လိုက်ကြတာ ဆယ့်တစ်ယောက်ထဲက ဆယ်ယောက်ရယ်၊ ရုက္ခစိုးရယ်၊ ဆင်ရယ်၊ မျောက်ရယ် ဆိုတော့ ဆယ့်သုံးယောက်ဖြစ်သွားတယ်။

အကုန်လုံးက မခိုးပါဘူး၊ မခိုးပါဘူးနဲ့ ကျိန်ရော့ကြတော့ ဘုရားလောင်းကလည်း တစ်ယောက်မှ မခိုးဘူး၊ မခိုး



www.burmeseclassic.com

www.burmeseclassic.com

ဘူးနဲ့ ပြောနေကြတယ်။ တော်ကြာ သူတို့ မခိုးဘဲနဲ့ ငါက ညာပြောတယ် ထင်နေဦးမယ်။ ငါလည်း ဝင်ကျိန်ဦးမှပဲ ဆိုပြီးတော့ ကျိန်ပြန်တယ်။

'အကျွန်ုပ်သည် ကြာစွယ်ကြာရိုးတွေ မပျောက်ပါဘဲနဲ့ ပျောက်တယ်လို့ လိမ်ညာမပြောခဲ့ပါ၊ တကယ်လို့ လိမ်ညာပြောခဲ့သည်ရှိသော် လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေကို ရလည်း ရပါရစေ၊ ခံလည်း ခံစားပါရစေ'

လို့ရင်းတို့ရှင်း ကျိန်လိုက်တာပါပဲ။

ရတဲ့ဒုက္ခရယ်၊ ခံစားရတဲ့ဒုက္ခရယ်၊ ဒုက္ခ နှစ်မျိုးပေါ့။ ရလို့ရှိရင်လည်း ရလာတဲ့ဟာလေးတွေ ဘယ်သူယူသွားမလဲ၊ ဘယ်သူခိုးသွားမလဲ၊ ဘယ်တော့ပျက်စီးမလဲနဲ့ ဒုက္ခဖြစ်တယ်။ ရအောင် ရှာရတဲ့ဒုက္ခလည်း ရှိတယ်။ ရပြီးသား မပျက်စီး မဆုံးရှုံးအောင် ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ဒုက္ခလည်း ရှိတယ်။

ခံစားရတော့လည်း ဘယ်ခံစားမှုမျိုးမဆို နောက်ဆက်တွဲ ဒုက္ခဆိုတာ ရှိပါတယ်။ ကိုယ်က မမြင်လို့သာပါ။

ဒူးရင်းသီး စားတယ်ဆိုတာလည်း သာယာတဲ့စိတ်နဲ့ စားရင် ကာမဂုဏ်ခံစားတာပါပဲ။ ဒူးရင်းသီးစားပြီး လေချဉ်တက်တော့ မနံဘူးလား။ နံတယ်။

နံတာ ဒုက္ခပဲပေါ့။ ဘယ်ကာမဂုဏ်ချမ်းသာမဆို



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲဒုက္ခ ရှိကိုရှိပါတယ်။

တရုတ်ကား ကြည့်တယ်၊ ကိုးရီးယားကား ကြည့်တယ်။ ကြည့်တုန်းတော့ အရသာရှိတယ် ထင်တယ်။ ပြီးတော့ မျက်စိတွေ ကိုက်၊ အိပ်ရေးတွေ ပျက်။ ဒုက္ခတွေ မရှိဘူးလား။ ညလုံးပေါက် ပွဲကြည့်တဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ ပြောမနေနဲ့တော့။ မျက်လုံးကြီးတွေ ဖူးရောင်လို့ပေါ့။

ဒါ့ကြောင့် ဘယ်ကာမဂုဏ်ချမ်းသာမဆို နောက်ဆက်တွဲ ဆင်းရဲဒုက္ခ ရှိကိုရှိတယ်။ အနည်းနဲ့ အများသာ ကွာမယ်နော်။ ဒါ့ကြောင့် အဲဒီဒုက္ခတွေ ခံစားဖို့အတွက် ရည်စူးပြီးတော့ ကာမဂုဏ်ချမ်းသာတွေ ရလည်းရပါရစေ၊ ခံလည်း ခံစားပါရစေတဲ့။

■



www.burmeseclassic.com

www.burmeseclassic.com

## လူသေ့ သေချင်ရင် ကာမဂုဏ်နဲ့ ဝေးဝေးနေ

သူတို့ ကျိန်ကြတဲ့အထဲမှာ ကာမဂုဏ်ချမ်းသာတွေ ရဖို့၊ ခံစားဖို့ဆိုတာတွေ ပါတဲ့အပြင် သီးခြားအနေနဲ့ ဘာပါသေးလဲဆိုတော့ အရှင်မဟာမောဂ္ဂလ္လာန်အလောင်း ကျိန်တဲ့အထဲမှာ . . .

ကာမေသု တိဗ္ဗ ကုရုတံ အပေက္ခံ။

'ကာမဂုဏ်တွေအပေါ်မှာ ငဲ့ကွက်မှု အားကြီးတဲ့သူ ဖြစ်ပါရစေ'၊ တစ်နည်းအားဖြင့် 'သံယောဇဉ်ကြီးတဲ့သူ ဖြစ်ပါရစေ'

သာမန်သံယောဇဉ်ရှိတဲ့သူနဲ့ သံယောဇဉ်ကြီးတဲ့သူ၊ သံယောဇဉ်ကြီးတဲ့သူက ပိုပြီး ဒုက္ခများတာပေါ့။ ဒါကြောင့် ဒုက္ခတွေ ပိုများပါရစေလို့ ကျိန်တာ။


www.burmeseclassic.com

www.burmeseclassic.com

အရှင်မဟာကဿပအလောင်း ကျိန်တဲ့အထဲမှာ လည်း ဘာပါသလဲဆိုတော့ . . .

ဝယံ အပဿံ ယရမာဝသတု။

'အရွယ်ကို မကြည့်ဘဲနဲ့ အိမ်မှာနေတဲ့သူ ဖြစ်ပါရစေ'

လူ့ဝတ်ကြောင်ဘဝဆိုတာ ကိုယ့်အရွယ်ကို ကြည့်ပြီး တော့မှ အိမ်မှာ နေရတာပါ။ အသက်အရွယ်က ကြီးနေပြီ။ အိမ်ရာတည်ထောင်လူ့ဘောင်ကို စွန့်ပြီးတော့ ရဟန်းပြုရ မယ့်အရွယ် ရောက်နေပြီ။ ရဟန်းမပြုနိုင်သေးဘူး၊ သက်နှိုး အပြီးမဝတ်နိုင်သေးဘူးဆိုရင် အရွယ်ကို မကြည့်ဘဲနဲ့ အိမ် မှာနေတာပဲ။

အရွယ်ကို မကြည့်ဘဲနဲ့ အိမ်မှာနေပါရစေ ဆိုတာက ရဟန်းဘဝကူးပြောင်းရမယ့်အရွယ် ရောက်နေရက်သားနဲ့ ရဟန်းမပြုဘဲ အိမ်မှာပဲ ပျော်နေတဲ့သူ ဖြစ်ပါရစေလို့ ကျိန် တာ။ ဘယ်လောက် ကြည်ညိုစရာကောင်းထားတုံး။

သူတော်ကောင်းအများစု၊ အလောင်းအလျာတွေ အများစု ပါရမီဖြည့်ကြတဲ့အခါမှာ နောက်ပိုင်းအချိန်တွေကို ရဟန်းဘဝနဲ့ ကုန်ဆုံးကြတာ များပါတယ်။

အဲဒီတော့ ဒီနေရာမှာ ဘုန်းကြီးဝတ်တာမျိုး မတတ် နိုင်တောင်မှ ကာမဂုဏ်အိမ်မှာ အနေမများတဲ့ လူဝတ် ကြောင်ဖြစ်အောင် ကြိုးစားရမယ်။ 'အရွယ်ကို ကြည့်ပြီး

www.burmeseclassic.com

တော့ အိမ်မှာ နေတယ်' ဆိုတဲ့အထဲက အိမ်ဆိုတာ ကာမဂုဏ်အိမ်ပါပဲ။ အရွယ်ကို မကြည့်ဘဲနဲ့ ကာမဂုဏ်ချမ်းသာ ခံစားတဲ့သူ ဖြစ်ပါရစေလို့ ဆိုလိုတာ။

တချို့ ကိုယ့်အရွယ်နဲ့ မတန်တော့တဲ့ ကာမဂုဏ် ချမ်းသာ ခံစားနေတဲ့သူတွေလည်း ရှိတယ်။ အသက်က ခြောက်ဆယ်ကျော်နေပြီ။ မိတ်ကပ် အဖွေးသား၊ နှုတ်ခမ်းနီ အရဲသား။ မရှိဘူးလား။ ရှိတယ်။ အရွယ်နဲ့ မလိုက်တဲ့ ဝတ်စားပြင်ဆင်မှုမျိုး ပြုလုပ်တာဟာလည်း အရွယ်ကို မကြည့်ဘဲ ကာမဂုဏ်အိမ်မှာ နေနေတာပါပဲ။

ဒကာကြီးတစ်ယောက်ကို သွားသတိရတယ်။ ဦးဇင်းတို့ကို သိက္ခာထပ်ထားတဲ့ ရဟန်းအစ်မကြီး တစ်ယောက်ရဲ့ အဖေ။ အသက်(၈၅)(၈၆)လောက်မှာ ဆုံးသွားတာပါပဲ။ အဲဒီ ဒကာမကြီးက လျှောက်လို့ သိရတာပါ။

တပည့်တော် အဖေ့ကို တရားနာခိုင်းလို့လည်း မရဘူး၊ တရားအားထုတ်ခိုင်းလို့လည်း မရဘူးတဲ့။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ မဟာပဋ္ဌာန်းတရားခွေ (၁၈)ခွေ နာဖို့ အဖေ့ကို ပေးထားတယ်။ တစ်ခါမှ မဖွင့်ရသေးဘူးတဲ့။ အဖေက ဘာပြောလဲဆိုတော့ 'နင့်ပဋ္ဌာန်းခွေက အချိန်မရွေး နာလို့ရတယ်။ ရဲကိုကို အခွေက အခွေထွက်တုန်း ကြည့်ရတာ' တဲ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းကတော့ ရဲကိုကိုနဲ့ လင်းဇာနည်ဇော် ခေတ်စားတဲ့ အချိန်ကိုး။ တစ်နေ့တစ်နေ့ အဖေအတွက်ကို ဗီဒီယို အခွေ (၃)ခွေလောက် ငှားပေးရတာ။ တစ်ညလုံး (၃)ခွေ ဆက်တိုက်ကြည့်။ မနက်ကျတော့မှ အိပ်ပေါ့။ အဲဒီလိုနဲ့ပဲ သေဆုံးသွားရတာပါ။

အဲဒီလိုပုဂ္ဂိုလ်တွေ လောကမှာ အများကြီး မရှိဘူးလား။ ရှိတယ်။ ဒါ့ကြောင့် ကိုယ့်အရွယ်ကို ကြည့်ပြီးတော့ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေရမယ်။ ချဲ့ပြောမယ်ဆိုရင်တော့ အများကြီးပါပဲ။ အချိန်သိပ်မရလို့ မပြောတော့ပါဘူး။

သူငယ်ချင်း ကျိန်တဲ့အထဲမှာလည်းပဲ . . .

အဝီတရာဂေါ မရဏံ ဥပေတု။

'ကိလေသာတန်းလန်းနဲ့ သေပါရစေ'

ဒါလေးကလည်း မှတ်သားစရာသိပ်ကောင်းတယ်။ ဝက်တွေဟာ အိုင်မှာပဲ အမြဲတမ်း နစ်မြုပ်နေသလို ကာမဂုဏ်တည်းဟူသော ရွံ့နွံထဲမှာပဲ နစ်မြုပ်ပြီး သေပါရစေတဲ့။ တစ်နည်းပြောရင်တော့ ဝက်သေ သေပါရစေလို့ ဆိုလိုတယ်။

လောကမှာ ဝက်သေရယ်၊ လူသေရယ်လို့ သေနည်း နှစ်မျိုး ရှိတယ်။ ယောဂီတို့က ဘာအသေနဲ့ သေချင်လဲ။

www.burmeseclassic.com

ကာမဂုဏ်အာရုံကို ခံစားရင်းနဲ့ ကာမဂုဏ်အာရုံကို တမ်းတရင်းနဲ့ သေသွားရင်တော့ ဝက်သေ သေတာပဲ။ သား တမ်းတ၊ သမီးတမ်းတ၊ ဟိုအာရုံစွဲလမ်း၊ ဒီအာရုံစွဲလမ်း၊ ဟိုအပျော်ခုံမင်၊ ဒီအပျော်ခုံမင်၊ ဟိုလူ့သတိရ ဒီလူ့သတိရ ပြီးတော့ သေသွားရင်တော့ ဝက်သေ သေတာပဲ။ ကိလေ-သာအာရုံ၊ အကုသိုလ်အာရုံနဲ့ သေသွားရင် . . . ဝက်သေ သေတာပါပဲ။

လူဆိုတာ ကုသိုလ်ကြောင့် လူဖြစ်လာတာမို့လို့ ကုသိုလ်အာရုံလေး တစ်ခုခုနဲ့ သေသွားရင်တော့ လူသေ သေတယ်လို့ ခေါ်ပါတယ်။ တရားအာရုံ၊ ကုသိုလ်အာရုံနဲ့ သေသွားရင် လူသေ သေတာပါပဲ။ ဒါ့ကြောင့် ဝက်သေ မသေပါစေနဲ့၊ လူသေ သေအောင် ကြိုးစားကြပါ။

နောက်တစ်ခါ ဘုရားအလောင်း ကျိန်တဲ့အထဲမှာ လည်း . . .

အဂါရမဇ္ဈေ မရဏံ ဥပေတု။

'အိမ်ရာတည်ထောင် လူ့ဘောင်မှာပဲ သေပါရစေ'

ရမဏီယမေဝ ပဗ္ဗဇ္ဇံ အလဘိတွာ - မွေ့လျော်စရာ ကောင်းတဲ့ ရဟန်းဘဝကို မရဘဲနဲ့ လူ့ဘဝမှာပဲ သေပါရ စေတဲ့။ ဘဝနောက်ပိုင်းမှာ ရဟန်းဘဝနဲ့ အရှိုးတွေ့ပါရ စေလို့ ဆိုလိုတာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့လို့ တစ်ခုတော့ တောင်းပန်ပါရစေ။ သတင်းစာကြော်ငြာထဲမှာလိုတော့ မဖြစ်ပါစေနဲ့။ အရှင် ဘယ်သူတဲ့။ သက်တော်(၈၀)။ ဝါတော်(၁)တဲ့။ သက်တော် (၈၀) ဝါတော် (၁)ဆိုမှတော့ (၇၉)နှစ်ကမှ ဝတ်တာပေါ့။ ဟုတ်လား။ သက်တော်(၈၀) ဆိုမှတော့ ဝါတော် (၂၀) လောက်တော့ ရှိဖို့ကောင်းတာပေါ့။ ယောဂီတို့ အဲဒီလိုတော့လည်း မဖြစ်စေနဲ့။

ယေဘုယျအနေနဲ့ ပြောတာပေါ့နော်။ အရှင်ဗာကုလတို့ အသက်(၈၀)ကျမှ ရဟန်းပြုပေမယ့် ရဟန္တာဖြစ်သွားပါတယ်။ အများစုအနေနဲ့ကတော့ အဲဒီလောက် အသက်အရွယ်ကြီး၊ သေခါနီးကျမှ ရဟန်းပြုတာဟာ သာသနာအတွက်ရော၊ ကိုယ့်အတွက်ရော သိပ်အကျိုးမများလှပါဘူး။ အကြောင်းမတော်ရင် အပြစ်တောင် ဖြစ်ချင်ဖြစ်နေဦးမှာပါ။

အဲဒီလို အမျိုးမျိုးကျိန်တဲ့အခါကျတော့မှ သိကြားမင်းက နောင်တရပြီးတော့ သူ့ဝှက်ထားတဲ့ ကြာစွယ်လေး ထုတ်ယူလာပြီးတော့ . . .

'ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ အသင်တို့ အကျင့်တွေ ပြင်းထန်လွန်းတာနဲ့ ကာမဂုဏ်ချမ်းသာ စိတ်ဝင်စားသလား၊ မဝင်စားဘူးလား သိချင်လို့ စမ်းသပ်မိပါတယ်'

www.burmeseclassic.com

ဒီတော့မှ ဘုရားလောင်းက 'ငါတို့ဟာ သင့်ရဲ့ ကချေသည်တွေလည်း မဟုတ်ဘူး။ ကစားစရာအရုပ်တွေလည်း မဟုတ်ဘူး။ ဆွေမျိုးလည်း မဟုတ်ဘူး။ မိတ်ဆွေလည်း မဟုတ်ဘူး။ ဘာလို့ စရတာလဲ။ နောက်ကို ဒီလို မစပါနဲ့'။ ဒီတော့မှ သိကြားမင်းကြီးကလည်း တောင်းပန်တယ်။ 'တစ်ကြိမ်တစ်ခါ မှားမိတာကို ခွင့်လွှတ်ပါ'။

တောင်းပန်ပြီးတော့ သူကလည်း ပြန်သွားတာပေါ့။ ဘုရားလောင်းရသေ့ကလည်း ကျန်တဲ့ရသေ့တွေကို 'သိကြားမင်းနဲ့ တွေ့ခွင့်ရတာကိုပဲ ကံထူးလှပါပြီ။ သူ့ရဲ့ မှားယွင်းမှုကို ခွင့်လွှတ်လိုက်ကြပါ'။ သူတော်ကောင်းတွေဆိုတော့လည်း ခွင့်လွှတ်လိုက်ကြတာပါပဲ။

သိကြားမင်း မပြန်ခင် မေးလိုက်သေးတယ်။ 'သူများတွေ ကာမဂုဏ်အတွက်ပဲ တစ်နေ့လုံး လှုပ်ရှားနေကြတာ။ အရှင်မြတ်တို့က ဘာလို့ ကာမဂုဏ်ကို အပြစ်ပြောနေရတာလဲ' ဆိုတော့ ဘုရားလောင်းက . . .

'ဒီကာမဂုဏ်ကြောင့်ပဲ လူတွေ အသတ်ခံရတယ်။ ဒီကာမဂုဏ်ကြောင့်ပဲ လူတွေ အချုပ်အနှောင်ခံရတယ်။ ဒီကာမဂုဏ်ကြောင့်ပဲ စိတ်ဆင်းရဲခြင်းတွေ၊ ကိုယ်ဆင်းရဲခြင်းတွေ ဖြစ်ရတယ်။ ဒီကာမဂုဏ်ကြောင့်ပဲ ကိုယ့်ကိုယ်ကိုယ် စွပ်စွဲခြင်း စတဲ့ ဘေးရန်တွေ ဖြစ်ရတယ်။ ဒီကာမဂုဏ်



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ပဲ မကောင်းမှု အကုသိုလ်တွေ လုပ်မိပြီးတော့ အပါယ်လေးပါး ရောက်ရပါတယ်။ ဒါ့ကြောင့် ကာမဂုဏ်ကို အပြစ်ပြောတာပါ'

■



www.burmeseclassic.com

www.burmeseclassic.com

## ကပ်မလိုက်နဲ့ ငြိသွားမယ်

ကာမဂုဏ်ရဲ့ အပြစ်တွေကို ချဲ့ပြောမယ်ဆိုရင်လည်း အများကြီးပဲ။ ဟောပြောချိန်လည်း ပြည့်ပြီဆိုတော့ ရပ်မှ ဖြစ်မှာ။ အဲဒီတော့ တရားခေါင်းစဉ်က 'ဝေးလေကောင်း လေ'။ ဟိုက်ဝေးလမ်းမကြီးတွေမှာ သွားလိုက်လို့ရှိရင် ကျောက်တင်တဲ့ ကားကြီးတွေ၊ သစ်တင်တဲ့ ကားကြီးတွေရဲ့ နောက်မှာ 'ဝေးလေကောင်းလေ' ဆိုပြီးတော့ ရေးထား တယ်။

ကုန်တင်ကားကြီးတွေရဲ့ နောက်ကနေ ကားလေး တွေ ကပ်မလိုက်သင့်ဘူး။ ကပ်လိုက်လို့ သစ်တုံးကြီးပိတယ် ဆိုရင်လည်း ကားပိန်သွားမယ်။ ကျောက်တုံးကြီး ပြုတ်ကျ တယ်ဆိုရင်လည်း ကားပျက်စီးသွားမယ်။ ကားပေါ်ပါလာတဲ့



www.burmeseclassic.com

www.burmeseclassic.com

လူတွေလည်း ထိခိုက်ဒဏ်ရာရမယ်။ သေကြေပျက်စီးမယ်။

ကာမဂုဏ်အာရုံတည်းဟူသော ကုန်တင်ကားကြီး တွေနောက်က ကပ်လိုက်နေတယ်ဆိုရင်တော့ ကာမဂုဏ် ချမ်းသာတိုင်းမှာ ကိလေသာဆိုတဲ့ သစ်တုံးကြီးတွေ၊ အကု သိုလ်ဆိုတဲ့ ကျောက်တုံးကြီးတွေ၊ ဒုက္ခဆိုတဲ့ ဝန်ထုပ်ဝန်ပိုး ကြီးတွေက အများကြီး ရှိပါတယ်။ အဲဒီ သစ်တုံး၊ ကျောက် တုံး၊ ဝန်ထုပ်ဝန်ပိုးတွေ ပိပြီးတော့ ဒုက္ခရောက်လိမ့်မယ်။

အရှိန်နဲ့ ပြေးတဲ့ ကုန်တင်ကားကြီးနောက် ကိုယ်က အရှိန်နဲ့ ကပ်လိုက်နေတုန်း ရှေ့က ကုန်တင်ကားကြီးက ရုတ် တရက် ဘရိတ်ဆောင့်အုပ်လိုက်ရင်လည်း ကိုယ့်ကား ထိ ခိုက်ပျက်စီးသွားမှာပါ။

သက်ရှိ သက်မဲ့ ကာမဂုဏ်တွေနောက် ကိုယ်က အရှိန်နဲ့ ကပ်လိုက်နေတုန်း အဲဒီကာမဂုဏ်တွေ အကြောင်း တစ်ခုခုကြောင့် ပျက်စီးပျောက်ဆုံးသွားရင်လည်း ကိုယ်ပဲ နာကျင်ကြေကွဲ ဝမ်းနည်းပူလောင်ရမယ်လေ။

ကိုယ့်ကို အရမ်းချစ်တဲ့သူ၊ ကိုယ်ကလည်း အရမ်းချစ် ရတဲ့သူက ရုတ်တရက် ကိုယ့်ကို ရှင်ခွဲ၊ သေခွဲ . . . တစ်ခွဲခွဲ နဲ့ ခွဲသွားရင် ဘယ်လောက်များ ကိုယ် ခံစားလိုက်ရမလဲ။ ဘယ်လောက်များ ကိုယ် ပင်ပန်းဆင်းရဲလိုက်ရမလဲ။

ကိုယ့်ခင်ပွန်းကို ကိုယ်က သိပ်ချစ်နေ၊ ဘုန်းကြီးဝတ်



www.burmeseclassic.com

www.burmeseclassic.com

သွားရင် ဘယ်လောက်စိတ်ဆင်းရဲလိုက်ရမလဲ။ ကိုယ့်ဇနီးကို ကိုယ်က သိပ်စွဲနေ၊ သီလရှင်ဝတ်သွားရင် ဘယ်လောက် စိတ်ပူလောင်လိုက်ရမလဲ။ ကိုယ်သိပ်ကြိုက်တဲ့ ပန်းအိုးလေး ကွဲသွားတော့ ဘယ်လောက် စိတ်ထိခိုက်ရသလဲ။

ဒါ့ကြောင့် ဘယ်သက်ရှိ ဘယ်သက်မဲ့ကိုမှ စွဲစွဲလမ်း လမ်း၊ တမ်းတမ်းတတကြီး မချစ်ပါနဲ့။ ဘယ်ပုဂ္ဂိုလ်၊ ဘယ် အရာဝတ္ထုကိုမှ ငြိငြိကပ်ကပ်၊ တပ်တပ်မက်မက်ကြီး မကြိုက် ပါနဲ့။

'စွဲလမ်းလွန်းရင် . . . ဒုက္ခသိလိမ့်မယ်' ဆိုတဲ့ သီချင်း စာသား ကြားဖူးကြမှာပါ။ သီချင်းကို သီချင်းလို့ပဲ မမြင်ဘဲ တရားသဘောဆိုက်အောင် ကြည့်တတ်ရင်၊ သဘောတရား ခိုက်အောင် မြင်တတ်ရင် သီချင်းစာသားကလည်း ကိုယ့် စိတ်ဓာတ်နဲ့ ကိုယ့်ဘဝကို ငြိမ်းအေးချမ်းမြေ့အောင် တည် ဆောက်ပေးနိုင်တာပါပဲ။

ကြားတတ်တဲ့နားနဲ့ ခံစားတတ်တဲ့ နှလုံးသားရှိဖို့ပဲ လို ပါတယ်။ ကြားတတ်တဲ့နား ဆိုတာ သတိ, သမာဓိပါတဲ့ နားကို ပြောတာပါ။ ခံစားတတ်တဲ့ နှလုံးသားဆိုတာ အသိ, ပညာပါတဲ့ နှလုံးသားကို ပြောတာပါ။

သတိဉာဏ်မပါတဲ့ နားပိုင်ရှင်၊ နှလုံးသားပိုင်ရှင်တွေ ကတော့ ကိုယ်ကိုယ်တိုင်လည်း သီချင်းစာသားကို တရား



www.burmeseclassic.com

www.burmeseclassic.com

သဘောပေါက်အောင် မခံစားတတ်သလို သူတစ်ပါးခံစားပေးတာကိုလည်း နားမလည်လက်မခံနိုင်ကြပါဘူး။ တရားထဲမှာ သီချင်းစာသား တွေ့လိုက်တာနဲ့ ဝေဖန်ပုတ်ခတ်ဖို့ ကဲ့ရဲ့ရှုတ်ချဖို့ပဲ စဉ်းစားကြတော့တာပါပဲ။ ဘာအဓိပ္ပာယ်နဲ့ သုံးနှုန်းထားသလဲဆိုတာကို မလေ့လာ မသုံးသပ်ကြတော့ပါဘူး။

သီချင်းစာသားမှ မဟုတ်ပါဘူး။ ကြည့်တတ်မြင်တတ်ရင် အရပ်ထဲမှာ သွားရင်းလာရင်း တွေ့နေရတဲ့ စာသားတွေ၊ အဖြစ်အပျက်တွေကလည်း တရားတွေချည်းပါပဲ။

မော်တော်ကားတွေရဲ့ နောက်ပိုင်းမှာ ရေးထားတတ်တဲ့ စာသားတွေဟာ ကားပိုင်ရှင်၊ သို့မဟုတ် ကားမောင်းသူရဲ့ စိတ်ဓာတ်ကို ဖော်ပြနေသလို ယူတတ်ရင် ကိုယ့်အတွက် တရားအသိတွေ အများကြီး တိုးပွားနိုင်ပါတယ်။

ကြုံတဲ့အခါ ကားနောက်ပိုင်းက စာသားတွေကို တစ်ခုချင်း ခံစားပြီး ဆောင်းပါးရေးပါဦးမယ်။ ဒီနေ့ ပြောနေ၊ ဟောနေတာက ကားနောက်ပိုင်း စာသားပေါင်းများစွာထဲက တစ်ခုအကြောင်းပါ။ 'ဝေးလေကောင်းလေ' တဲ့။

ဝေးလေကောင်းလေ ဆိုတဲ့စကားလုံးနဲ့အတူ ရေးထားတာက 'ကပ်မလိုက်နဲ့' တဲ့။ ယောဂီတို့ ကာမဂုဏ်ချမ်းသာတွေရဲ့ နောက်က ကပ်လိုက်ရမှာလား၊ ခွာပိုက်ရမှာ



www.burmeseclassic.com

www.burmeseclassic.com

လား။ ခွာလိုက်ရမှာ။

ကာမဂုဏ်ရဲ့ အပြစ်ကို ဆင်ခြင်မယ်။ သွားနေစဉ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ လျောင်းနေစဉ်၊ သတိပဋ္ဌာန် အမှတ်လေးနဲ့ နေမယ်။ မလွှဲသာလို့ ခံစားတောင်မှ တရားလေး ကြားညှပ်ကြားညှပ်ပြီး ခံစားမယ်ဆိုရင်တော့ ခွာလိုက်တာပေါ့။ ဒါကြောင့် ကပ်မလိုက်ဘဲနဲ့ ခွာလိုက်ပါ။ ကာမဂုဏ်ချမ်းသာမှန်သမျှကတော့ ဝေးလေကောင်းလေပါပဲ။

ကာမဂုဏ်ချမ်းသာတွေဆိုတာ 'မဒမ်တူးဆော့' ပြတိုက်ထဲက ဖယောင်းရုပ်တုတွေနဲ့ အတူတူပါပဲ။

'မဒမ်တူးဆော့' မှာ ရှိတဲ့ ထင်ရှားကျော်ကြားသူတွေဟာ တကယ့်အစစ်တွေ မဟုတ်ပါဘူး။ အရုပ်တွေပါ။ ဒေးဗစ်ဘက်ခမ်းကလည်း ဒေးဗစ်ဘက်ခမ်းအစစ် မဟုတ်ဘူး၊ အရုပ်။ တွမ်ခရုစ်ကလည်း တွမ်ခရုစ်အစစ် မဟုတ်ဘူး၊ အရုပ်။ မွန်ရိုးကလည်း မွန်ရိုးအစစ် မဟုတ်ဘူး၊ အရုပ်။ ဘရစ်တနီစပီးယားကလည်း ဘရစ်တနီစပီးယားအစစ် မဟုတ်ဘူး၊ အရုပ်။

အရုပ်ကို အဟုတ်ထင်ပြီး သာယာနေကြတာနော်။ ဘက်ခမ်းနဲ့ တွဲပြီး ဓာတ်ပုံရိုက်လိုက်၊ မဒေါ်နားနဲ့ တွဲပြီး ဓာတ်ပုံရိုက်လိုက်နဲ့ သဘောကျနေကြတာပဲ။ လောကသဘောအရ အမှတ်တရ လို့ ပြောရပေမယ့် မေ့သဘောအရက



www.burmeseclassic.com

www.burmeseclassic.com

တော့ သက်သက်အရှုးထတာပါပဲ။

အရုပ်ကို အရုပ်မှန်း သိနေတော့ စွဲတော့ မစွဲလမ်းဘူး ပေါ့လေ။ အရုပ်မှန်း သိသိကြီးနဲ့ အရုပ်ကို အဟုတ်ထင်ပြီး စွဲလမ်းနေရင်တော့ အဲဒီစွဲလမ်းသူလောက် မိုက်မဲတဲ့သူ ရှိမှာ မဟုတ်တော့ပါဘူး။ အမျိုးသားရုပ်တုတစ်ခုကို စွဲလမ်းပြီး နေရာမှာတွင် ပုံရက်လဲကျ သေဆုံးသွားတဲ့ ဘိက္ခုနီမတစ်ဦး ဟိုတုန်းက ရှိခဲ့ဖူးပါတယ်။

တကယ့်အရုပ်ကို အဟုတ်ထင်ပြီး စွဲလမ်းမှ မိုက်မဲ တာ မဟုတ်ပါဘူး။ အရုပ်နဲ့ အလားသဏ္ဍာန်တူတဲ့ သက်ရှိ သက်မဲ့ ကာမဂုဏ် ဘယ်အာရုံကိုပဲ စွဲလမ်း စွဲလမ်း မိုက်မဲ တာပါပဲ။

ကာမဂုဏ်ချမ်းသာတွေကို အရုပ်လို့ ပြောရတာက ပျက်စီးခြင်းမှာပဲ အဆုံးသတ်လို့ရယ်၊ ဆင်းရဲဒုက္ခတွေ ပတ် လည်ဝိုင်းနေလို့ရယ်၊ ဘယ်တော့မှ အလိုပြည့်ဝမှု၊ စိတ်ကျေ နပ်မှု မရနိုင်လို့ရယ်ပါ။

ပရမတ်ရှုထောင့်၊ ဝိပဿနာရှုထောင့်က ကြည့်ရင် တော့ အထူးပြောစရာတောင် မလိုဘူးပေါ့။ ပညတ်မှန်သမျှ 'အဟုတ်မရှိ သမုတ်ရှိ' တွေချည်းပဲ မဟုတ်လား။ လူတွေက သာယာစရာလို့ သတ်မှတ်ထားတဲ့ အရာတွေအားလုံးဟာ ပရ မတ်သဘောအရ သူ့သဘောသူဆောင်ပြီး ဖြစ်ပျက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

ရုပ်တရား၊ နာမ်တရားတွေချည်းပါပဲ။

'ကာမဂုဏ်ချမ်းသာမှန်သမျှ မဒမ်တူးဆော့ပြတိုက်ထဲက ဖယောင်းရုပ်တွေနဲ့ အတူတူပါပဲ' လို့ . . . ဒီလောက် အစဖော်ပေးလိုက်ရင် ကိုယ့်ဗဟုသုတ၊ ကိုယ့်အသိဉာဏ်နဲ့ ချဲ့ထွင်ပြီးတော့ သဘောပေါက်လိုက်ကြတော့ပေါ့။ သဘောပေါက်ပါတယ်နော်။ အင်္ဂလန်မှာ ဟောတဲ့တရား ဆိုတော့ အင်္ဂလန်အငွေ့အသက်လေးပါအောင် ဥပမာပေး ဟောရတာပေါ့။ ဒါမှ ပိုမှတ်မိမှာလေ။

ဟိုတစ်နေ့က မဒမ်တူးဆော့ပြတိုက်ရောက်တော့ ဦးဇင်းတို့လည်း အရှုံးထပြီး ဖယောင်းရုပ်တချို့နဲ့ ဓာတ်ပုံတွဲရိုက်ခဲ့ပါသေးတယ်။

ကုလသမဂ္ဂ မိန့်ခွန်းပြောတဲ့ အခမ်းအနားပုံစံ အပြင်အဆင်မှာ ကမ္ဘာ့နိုင်ငံအသီးသီးက ထင်ရှားကျော်ကြားတဲ့ ခေါင်းဆောင်ရုပ်တုတွေလည်း သဘာဝကျကျ စီစဉ်ထားတာပေါ့။ အဲဒီ မိန့်ခွန်းပြောတဲ့ စင်မြင့်ပေါ်ကနေ မိန့်ခွန်းပြောနေတဲ့ပုံ ဓာတ်ပုံရိုက်ခဲ့ပါတယ်။ ကိုယ့်ဘေးပတ်ပတ်လည်မှာ ကိုဖီအာနန်အပါအဝင် ကမ္ဘာ့ခေါင်းဆောင်ကြီးတွေ ဝန်းရံလို့ပေါ့။

ကုလသမဂ္ဂမှာ မိန့်ခွန်းပြောနေတဲ့ပုံ ဓာတ်ပုံရိုက်ရင်း စိတ်ထဲကနေ အလေးအနက် မေတ္တာပို့သခဲ့ပါတယ်။ 'ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com

သူ ကမ္ဘာသားအားလုံး ဘေးရန်ကင်းကွာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ပါစေ' . . . လို့။

ကုလသမဂ္ဂအတူမှာ မိန့်ခွန်းပြောရတာကို ကုလသမဂ္ဂအစစ်မှာ မိန့်ခွန်းပြောရတယ် ထင်ပြီး ဘဝင်မြင့်နေလို့တော့ မဖြစ်ဘူးပေ့ါ။ အရုပ်ဟာ အရုပ်ပဲ ဆိုတဲ့အသိ အမြဲရှိနေဖို့ လိုအပ်ပါတယ်။

ကာမဂုဏ်ချမ်းသာအားလုံးကို အရုပ်တွေပဲလို့ သဘောပေါက်ရင် ဒီအရုပ်တွေကြောင့် စိတ်ပူလောင်ပင်ပန်းစရာ မလိုတော့ပါဘူး။ စိတ်ညစ်နွမ်းဆင်းရဲစရာ မလိုတော့ပါဘူး။

ဟိုတစ်ပတ်က ဟောခဲ့တဲ့တရားက 'အနေဝေးပေမယ့် အဝေးနေမဟုတ်ပါ'။ အဲဒီတရား နာပြီးတဲ့နောက် မြန်မာပြည်က မိဘဆွေမျိုးတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေ၊ သံယောဇဉ်ရှိသူတွေဆီ ဖုန်းဆက်တဲ့အခါ 'အနေဝေးပေမယ့် အဝေးနေမဟုတ်ပါ' ဆိုတဲ့ စကားစုကို အသုံးပြုနေကြတယ်လို့ ကြားရတယ်။

'အရှင်ဘုရား . . . တပည့်တော်တို့ မြန်မာပြည်ကို ဖုန်းဆက်ရင် ပြောစရာစကားတစ်ခု ရပြီဘုရား၊ အနေဝေးပေမယ့် အဝေးနေမဟုတ်ပါ၊ မိဘနဲ့ ဝေးနေရလို့ တပည့်



www.burmeseclassic.com

www.burmeseclassic.com

တော်တို့ ဝမ်းမနည်းတော့ဘူးဘုရား၊ အနေဝေးပေမယ့် အဝေးနေ မဟုတ်အောင် တပည့်တော်တို့ စိတ်ထားတတ်၊ နေတတ်သွားပါပြီဘုရား၊ အရှင်ဘုရားဟောပေးတဲ့ တရားရဲ့ ကျေးဇူးပါ'

လို့ လာလျှောက်ကြတယ်။ ဘာပဲဖြစ်ဖြစ် ဟောရကျိုးနပ်တာပေါ့နော်။

ဒကာကြီး ဦးညီညီတို့၊ ဒကာကြီး ဦးခင်မောင်ထွန်းတို့က မနက်က လျှောက်တယ်။ 'နောက်နှစ်လည်း ကြွပြီး တရားစခန်း ဖွင့်ပေးပါ' တဲ့။ 'အင်္ဂလန်ကို နှစ်စဉ်ကြွပေးပါ' တဲ့။ ဦးဇင်းကို အင်္ဂလန်ကြွဖို့ ပင့်တာ၊ မပင့်တာကတော့ ဒကာကြီး ဦးညီညီ (ဒေါက်တာညီညီ)၊ ဒကာကြီး ဦးခင်မောင်ထွန်း (ဒေါက်တာခင်မောင်ထွန်း) တို့ရဲ့ အပိုင်းပါပဲ။ ဦးဇင်းရဲ့ အပိုင်းကတော့ 'ဝေးလေကောင်းလေ' . . .၊ ဦးဇင်းရဲ့ သဘောကတော့ 'ဝေးလေကောင်းလေ' . . .၊ ဟုတ်လား။

အနည်းဆုံး သုံးနှစ်လောက်ခြားပြီးမှ အင်္ဂလန်ကို ကြွခဲ့ပါမယ်။ သုံးနှစ်အတွင်းတော့ မကြွပါရစေနဲ့ဦး။ 'ဝေးလေကောင်းလေ' ပေါ့ . . .။

မြန်မာပြည်မှာထက်စာရင် ဒီအင်္ဂလန်မှာက လောကီအာရုံ ကာမဂုဏ်အာရုံတွေ ပိုပေါပါတယ်။ ကာမဂုဏ်လွှမ်း



www.burmeseclassic.com

www.burmeseclassic.com

ကဲဖို့ အခွင့်အလမ်းတွေ ပိုများပါတယ်။ ဒါ့ကြောင့် ကာမဂုဏ်အာရုံတွေနောက်ချည်း လိုက်မသွားစေချင်တဲ့ စေတနာ၊ ကုသိုလ်အာရုံတွေနဲ့လည်း မလျော့မမေ့ ပျော်မွေ့စေချင်တဲ့ မေတ္တာနဲ့ ဒီ 'ဝေးလေကောင်းလေ' ဆိုတဲ့ တရားကို ဟောရခြင်းဖြစ်ပါတယ်။

ကာမဂုဏ်အာရုံတွေနောက် လိုက်နေတဲ့သူတွေကိုပဲ မြင်တွေ့နေရလို့ . . . ဓာတ်ကူးသွားမှာစိုးလို့ ရှေးသူတော်ကောင်းတွေရဲ့ ကာမဂုဏ်အာရုံစက်ဆုပ်ပုံ အဖြစ်အပျက်ကို အတုယူနိုင်အောင် ဟောပေးခဲ့ပါတယ်။

'ဝေးလေကောင်းလေ' တရားကို နာကြားကြရတဲ့ တရားနာ ပရိသတ်များ ကာမဂုဏ်ချမ်းသာကို မိမိတို့ စွမ်းနိုင်သမျှ အတိုင်းအတာ အားလျော်စွာ စွန့်လွှတ်နိုင်ကြပါစေ။ လုံးဝ မစွန့်လွှတ်နိုင်တောင်မှ ဒီကာမဂုဏ်ချမ်းသာကြောင့် ကိလေသာတရားတွေ၊ အကုသိုလ်တရားတွေ မတိုးပွားစေဘဲနဲ့ ကုသိုလ်တရားတွေ တိုးပွားအောင်၊ ပါရမီတရားတွေ တိုးပွားအောင် အားထုတ်နိုင်ကြပါစေ။

ကြိုးစားအားထုတ်နိုင်ကြတဲ့အတိုင်းလည်းပဲ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုမွန်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးအကြီးဆုံးစကားတစ်ခွန်းနဲ့ နိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟူ ဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓုပါ ဘုရား။

[၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ(၂၆)ရက်၊ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ တိသရဏဝိဟာရစင်တာ၌ ဟောကြားအပ်သောတရားတော်ကို ပြုပြင်ဖြည့်စွက် ရေးသားထားပါသည်။]

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)



www.burmeseclassic.com

www.burmeseclassic.com

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌


ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။





www.burmeseclassic.com

www.burmeseclassic.com

## အရှင်ဆန္ဒာဓိက၏ ထွက်ပြီးစာအုပ်များ


၁။ တစ်ယောက်တည်းနေ တစ်စိတ်တည်းထား

၂။ ကိုယ့်စိတ်ကိုယ်စစ်

၃။ မသေခင်ဘာလုပ်ကြမလဲ

၄။ ရဲရင့်သူတို့၏နေရာ

၅။ ငြိမ်းအေးသောဘဝပိုင်ရှင်

၆။ လောက၌အကောင်းဆုံးသောအရာ

၇။ ဘယ်အိမ်မှာနေကြမလဲ

၈။ အိုဘယ့်အလှူရှင်

၉။ အနှိုင်းမဲ့ချမ်းသာ

၁၀။ ရဟန်းဘာကြောင့်ပြုရတယ်

၁၁။ ဆေးပေါင်းခတဲ့မျက်ရည်

၁၂။ မြင့်မြတ်သူတို့၏စံအိမ်

၁၃။ လမ်းခွဲတာဝမ်းနည်းစရာလား

၁၄။ အလင်းစေတမန်

၁၅။ အချစ်ကံခေပေမယ့်အနှစ်ကျန်စေရမယ်

၁၆။ ငါ့ကိုမချစ်ပါနဲ့

၁၇။ ကြာလိုလှ

၁၈။ လိုတရနှလုံးသား

၁၉။ စိတ်အားဖြည့်ဓမ္မသံစဉ်

၂၀။ နှီးနှစ်လုံးဖိုးလုံးကျေပါတယ်

၂၁။ ဝေးလေကောင်းလေ




www.burmeseclassic.com

www.burmeseclassic.com

ရွှေပါရမီစမ္ပဒါပေပြန့်ပွားရေး ထာဝရငွေပဒေသာပင်

# စမ္ပဒါနအလှူရှင်များ

၁။ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ သားသမီးမြေးများမိသားစုက ကျပ်လေးသိန်း လှူဒါန်းပါသည်။

ကျပ်သုံးဆယ့်နှစ်သိန်းအလှူရှင်

၂။ ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦး၊ တက်လမ်းဆောက်လုပ်ရေး။

ကျပ်တစ်ဆယ့်လေးသိန်းအလှူရှင်

၃။ ကိုစိုးနိုင်၊ မစိမ့်ဟန်နီ၊ ဇီဝဇိုးပွဲရုံ နှင့် စိမ့်ရတနာဆိုင်။

ကျပ်တစ်ဆယ့်တစ်သိန်းခွဲအလှူရှင်

၄။ ဒေါ်ကြင်၊ သား ဦးကြင်ရွှေ၊ မိသားစုပုံနှိပ်တိုက်။

ကျပ်ကိုးသိန်းခွဲအလှူရှင်

၅။ ဒေါ်ခင်စောတင့် မိသားစု။

ကျပ်ရှစ်သိန်းအလှူရှင်

၆။ ဦးခင်မောင်လွင်၊ဒေါ်ခင်သူဇာ၊အကယ်ဒမီစိုးသူမိသားစု။

ကျပ်ခုနစ်သိန်းအလှူရှင်

၇။ ဦးတင့်လွင်၊ ဒေါ်ပွင့်မာခိုင်၊ ရွှေပုစွန်ကိတ် မိသားစု။



www.burmeseclassic.com